# သမ္မာဒိဋ္ဌိသုတေသနနှင့် ဂရန်ဓချောင်းအရေးတော်ပုံ

သို့မဟုတ်

# ဗုဒ္ဓဝါဒနှင့် ဘဝသံသရာ

တိပိဋကရေ
သကျသီမာမြော
စရိယနှင့်အာစိုး
...မ္မာစရိယဆ
...တ် ၁၃ ပါး
...လူပုဂ္ဂိုလ်
...မေး၍

အဘိဓမ္မာ
ဆရာစိန်
ဖြေသည်

(သမ္မာဒိဋ္ဌိသုတေသန)

ပင်းယ
PINYA

သမ္မာဒိဋ္ဌိ သုတေသန

နှင့်

ရေနံချောင်း အရေးတော်ပုံ

(သို့မဟုတ်)

# ဗုဒ္ဓဝါဒနှင့်ဘဝသံသရာ

ပင်းယစာပေတိုက်၊
အမှတ် ၂၇၉-ဘားလမ်း၊ ရန်ကုန်မြို့။
ဖုန်း—၁၃၃၅၄

ပထမအကြိမ် ပုံနှိပ်ခြင်း၊

၁၉၆၄-ခု၊ဩဂုတ်လ၊

ထုတ်ဝေသူ

ဦးသိန်းရွှေ(၀၁၁၇)
ပင်းယစာပေတိုက်၊
အမှတ် ၂ဂ၉ - ဘားလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးစိုးလှိုင် (၀၀၇၀)
မျိုးညွန့်ပုံနှိပ်တိုက်၊
အမှတ် ၉၀၊ လှည်းတန်းလမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း

ထိပ်တင်စော(ပန်းချီ)
ရန်ကုန်မြို့။

# အချီးနိဒါန်း

ဗုဒ္ဓဝါဒ၊ဗုဒ္ဓအဘိဓမ္မာရေးနှင့်ပါတ်သက်သောလေးနက်လှသည့် ကျွန်ုပ်တို့၏ ဆွေးနွေးပွဲများသည်တစတစကျယ်ဝန်းပြန့်ပွား၍လာလျက်ရှိသည်။ ရန်ကုန်မြို့ပေါ် ရပ်ကွက်အသီးသီးတို့တွင်၎င်း၊ ဗမာပြည်မြို့ရွာ အနှံ့အပြားတို့တွင်၎င်း၊ လူတန်းစား အသီးသီးအလွှာအသီးသီးတို့အတွင်းဝယ်ယုံကြည် ဆည်းကပ်မှုဆိုင်ရာဘာသာအယူဝါဒရေးနှင့်ပါတ်သက်၍အလေးအနက်ထားလာကြသည်။ ဘတ်ရှုလာကြသည်။ လေ့လာ လာကြသည်။ ဆန်းစစ်လာကြသည်။ သုတေသနမှုများ ပြန့်ပွားစွာပြု၍လာကြကုန်သည်။

ခေတ်အဆက်ဆက် ရှေ့တန်းထွက်ကာနေရာယူထားခဲ့ကြကုန်သော ဘာသာရေး ခေါင်းဆောင်များ၏ 'သည်လိုတဲ့၊ ဟိုလိုတဲ့' စသော ပြောစကားဆိုမိန့်များကို မျက်စေ့မှိတ် ခေါင်းငြိမ့်ကာ အရမ်းယုံ အကန်းယုံများဘဝမှ ရုန်းထွက်လျက် တိုးတက်သော ခေတ်နှင့်အညီစိစစ်ဝေဘန်မှုများမပြတ်ပြု၍ လာကြသည်များကို တွေ့ရသည်။

ထို့ကြောင့်လည်းကျွန်ုပ်တို့သည်၊ဗုဒ္ဓဝါဒ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ ပိဋကတ်စာပေများ၊ အခြားခရာဇ်ယံ၊ အစ္စလာမ်၊ ဟိန္ဒူပြဟ္မာဏ

ဝါဒဆိုင်ရာစာပေများ၊ ခေတ်အယူဝါဒသဘောတရားရေးရာများ ကိုစေ့ငုစုံလင်စွာ လေ့လာဘတ်ရှုကြရပြီး အချင်းချင်းတဦးနှင့် တဦး၊ တစုနှင့်တစု၊ တဖွဲ့နှင့်တဖွဲ့၊ တသင်းနှင့်တသင်း ညှိကြရ သည်။ နှိုင်းကြရသည်။ နှီးနှောကြရသည်။ ဖလှယ်သမှုပြုကြရ သည်။ ဤသို့အမှုမျိုးစုံပြုကြရာ၌လည်း "မာပိဋကသမ္ပဒါနေန မဂနိဋ္ဌ"ဟူသော ဗုဒ္ဓဘုရားရှင်၏ မိန့်စကားအရ ပိဋကတ်ကျမ်း ဂန်အဆိုအမိန့်အမြွက်များကို ဆိုသည့်အတိုင်း ဟုတ်လှပြီ၊မဖေါက် မပြန်ကေန်မှန်ကန်လှပြီဟူသောစွဲမြဲယုံကြည်မှုများမထားဘဲ "ဥဂ္ဂဟ အာဂုံပြုခြင်း၊ပရိပုစ္ဆ သဘောအဓိပ္ပါယ်သိမြင်အောင်ကြိုးပမ်း ခြင်း၊ ဝိနိစ္ဆယ မှားအမှန်ဝေဘန်ဆုံးဖြတ်ခြင်း" များကိုပြုပြီးမှ အ မှားကိုပယ်လှန်၍ အမှန်ကိုလက်ခံသိမ်းပိုက်ခြင်းများပြုကြရသည်။

တဘက်တွင်ခေတ်အလိုအရ **Sources of Knowledge** မူဖြင့် **Perception** သဘာဝယုတ္တိ၊ **Authority** အာဂမယုတ္တိ၊ **Comparism**သာဓကယုတ္တိ၊ **Inference** အနုမာနယုတ္တိ ဟူ သောယုတ္တိ၄-ပါးနှင့်လည်း ချိန်ကိုက်နှိုင်းဆရပေသည်။

သို့ချိန်ကိုက် နှိုင်းဆရာ၌လည်း**Hollucination**ခေါ်သညာ၊ ဒိဋ္ဌိ၊စိတ္တ၊ဝိပ္ပလ္လာသ(ဖေါက်ပြန်မှု)သုံးမျိုးတို့နှင့်ကင်းလွတ်အောင် ကျိုးပမ်းကြရသည်။

ထို့ထက်ကျွန်ုပ်တို့အဓိကအားဖြင့် ယုံကြည်ဆည်းကပ်လက်ခံ ရာ ဗုဒ္ဓဝါဒ ဗုဒ္ဓအဘိဓမ္မာနှင့်ပါတ်သက်၍မူ ထိုမည်သော လေ့လာ သမှု အကြောင်းခံတို့ထက် တဆင့်တိုး၍ (၁) သစ္စာ ၄ - ပါးနှင့် ဘောင်ဝင် မဝင်၊ (၂)သံသရာမှ လွတ်ရေးလော လည်ရေးလော၊ (၃)အနတ္တသဘာဝကျ မကျ၊(၄)ဒုက္ခမှငြိမ်း မငြိမ်း၊(၅)သံဒိဋ္ဌိက အကာလိက ဂုဏ်နှင့်ပြည့်စုံ မပြည့်စုံများကို ကုံလုံအောင်ဆန်းစစ် သုတေသနပြုကြရသည်။

ဤမှတဖန် ဗုဒ္ဓဘုရားရှင်၏ တရားဝင် စင်စစ် ကေန်ဖြစ်သော ဗျာမဿမိံ ကလေဝရေ ဤ တလံမျှလောက်သော ခန္ဓာကိုယ်၏ဖြစ်စဉ်ဖြစ်ရပ်တို့ကိုအထပ်ထပ်ဆန်းစစ်ဝေဘန်လျက် ဒုက္ခကိုရင်း၊ ဒုက္ခ၏ဖြစ်ကြောင်းကိုရင်း၊ ဒုက္ခ၏ချုပ်ငြိမ်းမှုအကျင့်ပဋိပတ်ကိုရင်း၊ သိမြင်နိုင်ရေးအတွက် အပါတ်တကုပ် ကျိုးပမ်းအားထုတ်လျက် ဒုက္ခမှ ကင်းငြိမ်းလွန်မြောက်ရာ နည်းကောင်းလမ်းမြတ်ကိုရှာကြံ သုတေသနပြုကြရသည်။ ဤသို့လျှင်ဗုဒ္ဓဝါဒ ဗုဒ္ဓအဘိဓမ္မာရေးကို အခြေခံကျကျလေ့လာသုံးသပ်ရာ၌ တနှစ်ကျော် ၂-နှစ်ကာလ အတွင်း ကျွန်ုပ်တို့အချင်းချင်းစုပေါင်း ဆောင်ရွက်ခြင်းအားဖြင့် အပိုင်နိုင်ဆုံး လက်ခံရရှိထားပြီးဖြစ်သောခံယူချက်နှင့် အခြေခံအများအပြားသည် ပေါ်ထွက်၍လာနိုင်ခဲ့ပြီဖြစ်ပေသည်။

ထိုခံယူချက်သဘောထားများမှာ—

(၁) သမ္မာဒိဋ္ဌိသုတေသနအဖွဲ့သည် လူသားတို့၏အယူဝါဒရေးဆိုင်ရာတွင်ဒုက္ခမှ ငြိမ်းရာလွတ်ရာ သဘာဝဓမ္မလမ်းစဉ် အမြင်မှန်အယူမှန်ကိုသာ ရှာဖွေသုံးသပ်ရန်။

(၂) ထိုဒုက္ခမှငြိမ်းရာလွတ်ရာသဘာဝဓမ္မလမ်းစဉ်သည် ဗုဒ္ဓ၏ အဆုံးအမဖြစ်သော သစ္စာလေးပါးတရားမြတ်နှင့် ဘောင်ဝင်အံကျဖြစ်သည်ဟုယုံကြည်သည်။

(၃) ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမဖြစ်သောမဂ်ဖိုလ်အလို့ငှါ ပဓာနထားသည့် တရားများမှအပဖြစ်သောလမ်းစဉ်များကိုလက်ခံထားသူများမဟုတ်ပေ။

(၄) ဗုဒ္ဓ၏အဆုံးအမသည် ဗုဒ္ဓမပွင့်မီ ရှေးဟောင်းပြဟ္မဏ ဝေဒတို့၏အတ္တ အတ္တနိယတို့နှင့် အစဉ်ယှဉ်သောသက္ကာယ

ဒိဋ္ဌိတရားစုတို့ကို ဖြိုခွဲတော်လှန်၍ အနတ္တဒေသနာကို အခြေခံကာဟောညွှန်ပြခဲ့သောတရားများဖြစ်သည်ဟု ယုံကြည်သည်။

(၅) ဗုဒ္ဓ၏ မူလဒေသနာမှန်သည် သစ္စာလေးပါးအနက်ထင်ထင် အကြုံးဝင်သော သင်္ခါတရား ဂုဏ်တော်ငါးပါးနှင့် အညီ ဒိဋ္ဌိဓမ္မကျကျမဂ်ဖိုလ်အကျိုးငှာဖြစ်သောသန္တိသုခကိုသာလျှင် တဲ့တဲ့ကြီးဟောဖေါ် ညွှန်ပြခဲ့ခြင်း ဖြစ်သည်ဟု ယုံကြည်သည်။

(၆) ထိုမဂ်ဖိုလ်လမ်းစဉ် ဗုဒ္ဓအဆုံးအမများသည် သံသရာကျင်လည်ရေး၌သာလျှင်ဖြစ်စေသော ကမ္မသကတ လမ်းစဉ်ပါ အစွဲဥပါဒါန်တရားစုနှင့် မရောမယှက် သီးခြားကင်းလွတ်စွာဖြစ်သည်ဟု ယုံကြည်သည်။

(၇) ဤသံသရာနယ်တွင်ကား၊ မည်သည့်ဘုံဘဝ၌ဖြစ်စေ၊ ရုပ်နာမ်သစ္စာ ခန္ဓာငါးခု အဖြစ်သဘော မှန်သမျှသည်၊ ဇာတိဇရာ၊ဗျာဓိမရဏစသော ဒုက္ခနှင့်မကင်းလွတ်သော သဘာဝ လက္ခဏာတို့၏ အစဉ်လွှမ်းမိုးအုပ်စိုးရာနယ်သာလျှင်ဖြစ်လေရာ၊ ထိုဒုက္ခတရားတို့ လွှမ်းမိုးချယ်လှယ်ရာနယ်မှ လွတ်မြောက်အောင် ကျင့်ကြံအားထုတ် နိုင်ရေးသည်သာလျှင် ဗုဒ္ဓ၏ အဓိက အဆုံးအမဖြစ်သည်ဟု ယုံကြည်သည်။

(၈) သမ္မာဒိဋ္ဌိ သုတေသီတို့သည် ထိုထိုကာမစွဲ၊ ဘဝစွဲ၊ ဘဝစည်းစိမ်အစွဲစသည်တို့ကို၊ဗုဒ္ဓရှင်က ပယ်စွန့်ရန် ညွှန်ပြထားသော အစွဲဥပါဒါန်တရားစု၌ အကြုံးဝင်နေသောကြောင့်၊ ထိုဘဝများ ဖြစ်ရေးမဖြစ်ရေးကို ပဓါနထား စဉ်းစားမှုမ

ပြုခြင်းသည်သာ၊ ကြောင့်ကျမှု၊ တောင့်တမှုစသော ဝိစိကိစ္ဆာတို့နှင့် ကင်းရာ လွတ်ရာဖြစ်သည်ဟု ယုံကြည်သည်။

(၉) သမ္မာဒိဋ္ဌိ သုတေသီတို့သည်၊ ကောင်းမှု မကောင်းမှု အကြောင်းအကျိုးတို့ကို ပစ္စုပ္ပန်ကျကျ လက်ခံယုံကြည်သည်။

(၁၀) ဗုဒ္ဓရှင်သည် တဏှာစသော ကိလေသာတရား အားလုံးကို၊ ကင်းငြိမ်းစေရန်သာ ဟောညွှန်တော်မူခဲ့သည်။ ထို့ကြောင့် ထိုတဏှာကိလေသာတို့ ကြီးထွားရေး၌ အထောက်အကူသာလျှင် ဖြစ်စေသော၊ တောင့်တခြင်း၊ ကြောင့်ကျခြင်း၊ မျှော်လင့်ခြင်း၊ ကြောက်လန့်ခြင်း၊ နှစ်လိုခြင်း၊ စက်ဆုတ်ခြင်းစသောတရားတို့ကို ဖြစ်ပေါ်စေခြင်းနှင့် ထိုထိုတရားစုတို့၌ စွဲမှတ်ထင်မြင်စေခြင်း စသည်တို့သည်၊ သက္ကာယအခြေခံကာမစွဲ၊ ဘဝစွဲ၊ ဘဝစည်းစိမ်စွဲဖြစ်သော၊ တဏှာ–မာန–ဒိဋ္ဌိစသည့် ပပဉ္စတရားတို့၏ ပွားစီးရာဖြစ်သော တရားစုတို့ကို ဗုဒ္ဓ၏မူရင်းဒေသနာအဆုံးအမနှင့် ဆန့်ကျင်ပေသည်ဟူ၍ လေးနက်စွာ ယုံကြည်သည်။

(၁၁) သမ္မာဒိဋ္ဌိသုတေသီတို့သည်၊ ဒါန–သီလ–ဘာဝနာကို လက်ခံကျင့်သုံး သူများ ဖြစ်သော်လည်း တစုံတရာသော တမလွန်ဘဝတခုနှင့် လဲလှယ်ရန် အရောင်းအဝယ်အပေးအယူသဘောမျိုးနှင့် မဟုတ်၊ မိမိ သဏ္ဍာန်၌ ဖြစ်ပေါ်နေသော လောဘ၊ ဒေါသ၊ မောဟစသောကိလေသာ တရားစု၏အစိုင်အခဲကို ချေချွဲပယ်ထုတ်စွန့်လွှတ်၍ မုတ္တစာဂီ လွတ်လွတ်ကြီး သဘောသက်သက်နှင့် ပေးလှူစောင့်ထိန်း

ပွားများ ခြင်းသာ အမှန်မြတ်ဆုံး ဖြစ်သည်ဟုယုံကြည်သည်။

(၁၂) ဆုတောင်း–ဆုပေး သက်သက်ဖြင့် မည်သည့်အာနိသံသမျှအကျိုးတရားထင်ရှားနိုင်လိမ့်မည်ဟုမယုံကြည်။သဘာဝဓမ္မနှင့် ကိုက်ညီခြင်းလည်းမရှိသော အဓိပ္ပါယ်မဲ့လုပ်ငန်းများကို ပယ်စွန့်၍ သမ္မာဒိဋ္ဌိအမြင်မှန်နှင့် ဓမ္မကွန်အရကိုယ့်ကိုယ်ကိုယ်ကိုး၊ ကြိုးစား အားထုတ်ခြင်းသည်သာ ပဓာနဖြစ်သည်ဟူ၍ ပြတ်သားစွာ လက်ခံယုံကြည်သည်။

(၁၃) လူ့ဘောင်တွင်လောကရေးဦးရင်း၊ ဓမ္မရေးဦးရင်း၊ အသိမှန်ရမှ အလုပ်မှန်ဖြစ်ပေါ်နိုင်သည်။ အသိမှန်ရရန်လည်း သဘာဝဓမ္မနှင့် ကိုက်ညီသော အတွေ့မှန် အမြင်မှန်ကိုရမှဖြစ်ပေသည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိသုတေသီတို့သည် အလုပ်မှန်ဖြစ်ရေး၏ အခြေခံ ဖြစ်သော အသိမှန်ဖြစ်ရေးကိုသာရှေးရှုထိုက်သည်ဟုယုံကြည်သည်။

(၁၄) သမ္မာဒိဋ္ဌိသုတေသနအဖွဲ့သည်လူပုဂ္ဂိုလ်များအဖွဲ့အစည်းဖြစ်သည့်အလျောက် စား–ဝတ်-နေရေး ဘဝအခြေခံလုပ်ငန်းများဖြစ်သော လောကရေး ကိစ္စများနှင့် မကင်းကြပေ။ သို့ရာတွင် အတ္တဒိဋ္ဌိ ကိုယ်ကျိုးသက်သက်နှင့် ဝိသမလောဘကြီးမား မြင့်မောက်စွာ မက်မော တန်းတနေသူများမဖြစ်ကြစေရန်တရားမျှတသောစံနစ်ကိုလက်ခံကြပြီး လျှင်ဓမ္မရေးတွင် မဂ်ဖိုလ်နှင့် စပ်ဆိုင်သော ဗုဒ္ဓ၏တရားစုကိုသာ သက္ကာယကင်းကင်းနှင့် သုတေသနပြုလုပ်ရှာဖွေ ကျင့်သုံးနေသူများဖြစ်ရန်အဓိကထားသည်။

ထို့ကြောင့် ကျွန်ုပ်တို့ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်များအနေဖြင့် လောကီရေးနှင့် ဓမ္မရေးကို မရောယှက်စေဘဲ သူ့ကဏ္ဍနှင့်သူ သီးခြား စီးတား၍ နှလုံးသွင်းနိုင် သူများသာလျှင် ဖြစ်လေရာ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့နှင့်ပါတ်သက်၍ သဘောပေါက် နားလည်ထားကြရန် အထူးသဖြင့် လိုအပ်လှပေသည်။

ဤယခု ဆရာစိန်ရေးသားတင်ပြအပ်သောရေနံချောင်းသံဃာတော်များနှင့်အဖွဲ့ဝင်များ၏ ဆွေးနွေးပွဲစာတမ်းသည် ဆွေးနွေးပွဲကျင်းပရာပြဿနာများတွင်၎င်း၊သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့မှတင်ပြချက်များတွင်၎င်း အားလုံးစုံသောအချက်အလက်များသည် ဖော်ပြပါသမ္မာဒိဋ္ဌိ သုတေသနအဖွဲ့များ၏ အယူဝါဒရေးဆိုင်ရာခံယူချက်သဘောထားများကို အခြေခံ၍ တင်ပြခြင်း ဖြစ်ကြောင်း အမှာစကား ရေးသားတင်ပြအပ်ပါသတည်း။

**ဦးတင်**
**ဥက္ကဋ္ဌ**
ဗဟိုသဘာပတိအဖွဲ့
သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ်
**အမှတ် ၇၅၊ စက်ရုံလမ်း၊ ကန်တော်ကလေး**
**ရန်ကုန်မြို့။**
**၁၉၆၄-ခု၊ ဩဂုတ်လ။**

# စကားဦး

အမှန်အားဖြင့် ကျွန်ုပ်တို့၏ ဗုဒ္ဓဝါဒနှင့် အဘိဓမ္မာရေး ဆွေးနွေးပွဲများမှာ သမ္မာဒိဋ္ဌိ သုတေသနမဖွဲ့စည်းမီကရင်း၊ ဖွဲ့စည်းပြီးသောအချိန်တွင်ရင်း ရန်ကုန်မြို့နှင့်တကွသော မြို့တကာနယ်တကာရပ်တကာရွာတကာတို့တွင် ကျယ်ပြန့်စွာကျင်းပခဲ့ရာ နေရာနှံ့ဖြစ်၍နေပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် မရောက်ပေါက်နိုင်သော ဒေသများတွင်လည်းကျွန်ုပ်တို့၏အသံသွင်းကြိုးခွေများ၊ ထုတ်ဝေဖြန့်ချီထားသော စာရွက်စာတမ်း စာအုပ်များ၊ အချို့ကျွန်ုပ်တို့အဘိဓမ္မာရေးကို လက္ခံသူများ၊ ကျွန်ုပ်တို့နှင့် တူညီသူများမှတဆင့် ကျယ်ပြန့်စွာလေ့လာ ဆွေးနွေးလျက်ရှိကြပါသည်။

စောစောပိုင်းက အသံများကိုကြားကာမျှဖြင့် သာသနာဖျက်မည့်သူများ၊ ဘုရားကိုပင်ဝေဖန်မည့်သူများ၊ပိဋကတ်စာပေများကိုဖျက်မည့်သူများဟု အထင်ရောက်စွဲမှတ်ထားသူများသည် ထိုသို့သောအားဖြင့်ကျွန်ုပ်တို့၏ ဆွေးနွေးချက်များနှင့် ရင်ဆိုင်လိုက်ရသောအခါ အဘိဓမ္မာရေးအားဖြင့်ရင်း၊ ယုံကြည်ခံယူချက် အားဖြင့်ရင်းမတူညီကြသည်ဖြစ်စေကာမူ ရိုးသားသောအားဖြင့် မူရင်းရင်းတို့ စွဲမှတ်ထင်မြင်ချက်များ တစထက်တစလျော့ပါးပြီးအနိမ့်ဆုံးအားဖြင့် "သူတို့လည်းဗုဒ္ဓ အဘိဓမ္မာ ဗုဒ္ဓဒေသနာကို သူတို့

ဒေါင့် သူတို့ရပ်တည်ရာမှနေ၍ ယုံကြည်လက်ခံ ကျင့်သုံးနေကြသူများသာဖြစ်သည်”ဟူ၍ အသိအမှတ်ပြု လာကြသည်။ သို့သော် ဤသို့သော သူများမှာ အနည်းစုသာဖြစ်ကြသည်။

အများစုမှာစစ်မှန်သောဗုဒ္ဓဝါဒနှင့် ဗုဒ္ဓအဘိဓမ္မာကို ကျင့်သုံးလက်ခံကြရာ၌ အမြင်မှန်နှင့် အသိမှန်၏ထောက်ကူချက်အရင်းခံခြင်းဖြင့် တူညီသွားကြသည်သာဖြစ်သည်။လိပ်ခဲတင်းလင်း‘တို့ဟာမှန်သည်၊ သူတို့ဟာတွေ အားလုံးအမှားချည်း’ဟု ထားရှိသူများမရှိသလောက်ရှားလှပါသည်။ သို့ကြောင့်လည်းမည်သည့်ဆွေးနွေးပွဲများမှ ပြဿနာများမြင့်မားစွာတက်၍မလာခဲ့ချေ။

ယခု ရေနံချောင်းဆွေးနွေးပွဲမှာကျွန်ုပ်တို့၏ဆွေးနွေးပွဲမြောက်မြားစွာထဲမှတခုသောဆွေးနွေးပွဲသာဖြစ်ပါသည်။ သို့သော် ဤဆွေးနွေးပွဲမှာ အများတကာ ဆွေးနွေးပွဲများနှင့်မတူသည့် နေရာတွင် အဘိဓမ္မာရေးအရရင်း၊ လေ့လာသုံးသပ်မှုအရရင်း မတူညီသည်များကိုထားဘိဦး၊ ထိုဆွေးနွေးပွဲတွင်ပါဝင်သူ လူပုဂ္ဂိုလ်သုံးဦးတို့အနေဖြင့် ပြဿနာမရှိပြဿနာရှာ၍ဆွေးနွေးပွဲကျင်းပစဉ်ကရှင်းနေပြီဖြစ်သောပြဿနာများကို နောက်ပိုင်းတွင် ကိုယ်လိုချင်သလိုဆွဲ၍စာရွက်စာတမ်းများရေးသားဖြန့်ချိဝေငှခြင်း၊ လှုံ့ဆော်ခြင်း၊ ဆန့်ကျင်တိုက်ခိုက်လာခြင်းများကိုမလိုလားအပ်စွာပြုမူလာကြသည်။

ရေနံချောင်းဆွေးနွေးပွဲမှာ ၁၃၂၅–ခုနှစ်၊သီတင်းကျွတ်လပြည့်နေ့တွင်ကျင်းပသည်။ ၎င်းတို့အနေဖြင့်သီတင်းကျွတ်လဆုတ် ၂ရက်နေ့တွင်စာရွက်စာတမ်းများ ရိုက်နှိပ်ဝေငှကြသည်။ ၎င်းတို့ရိုက်နှိပ်ဝေငှသော စာရွက်စာတမ်းများကို နေရာနှင့်အနှံ့ပို့ပြီး စွပ်စွဲချက်များ၊ ရှုံ့ချချက်များ ပြုလုပ်၍လာသည်။



ပ၅၃၉၂

ထိုစာရွက်စာတမ်းများကိုရေနံချောင်းအဖွဲ့ဝင်များထံမှတဆင့် ၎င်း၊ တောင်တွင်းကြီးအဖွဲ့ဝင်များထံမှတဆင့်၎င်း ကျွန်ုပ်တို့ထံသို့ ပေးပို့ရရှိသည်။

၎င်းတို့၏ စွပ်စွဲရေးသားတင်ပြချက်စာတမ်းမှာ....

**ရေနံ့ခွဲ ၁၃၂၅-ခု၊ သီတင်းကျွတ်လဆုတ် ၂ ရက် (၄-၁၀-၆၄)**

ရေနံချောင်းမြို့နေ ဗုဒ္ဓဘာသာဥပသကာများ ဖြစ်ကြသော ဦးကြာ-ဦးတိုးမြင့်-ဦးအေးတို့အား ရေနံချောင်းမြို့ ဆံတိုက်ရပ် ရေနံတွင်းစား ဦးတင်က မိမိတိုက်သို့ လာရောက် တည်းခိုသော သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့၏ ဝါဒသဘောတရားကို ဆွေးနွေးမေး မြန်းကြစေရန် ၎င်း၏တိုက်တွင် စီစဉ်ပေးချက်အရ ယခုလျှောက် ထားသူများဖြစ်ကြသော ဦးကြာ-ဦးတိုးမြင့်-ဦးအေး တို့သည်-

၁။ ဦးတေဇနီယ၊ ကထိကဂမ္ဘာစရိယ၊ ရွှေစေတီ ပါဠိတက္ကသိုလ်။

၂။ ဦးကုသလ (သကျသီဟသီရိပဝရဂမ္ဘာစရိယ- ကထိက) ရွှေတောင်တိုက် ပါဠိတက္ကသိုလ်။

၃။ ဦးသူရိယ-ဂမ္ဘာစရိယ ရွှေတောင်တိုက် ပါဠိတက္ကသိုလ်။

၄။ ဦးဇနိတ ဒီဃနိကာယ ကောဝိဒဓမ္မာစရိယ ရွှေတောင် တိုက် ပါဠိတက္ကသိုလ်။

၅။ ဦးဝိရိယ ဓမ္မာစရိယ ရွှေတောင်တိုက် ပါဠိတက္ကသိုလ်။

၆။ ဦးဥာဏိန္ဒ-ဗိုလ်ကုန်းကျောင်း။

၇။ ဦးပုဏ္ဏာစာရ မိုးဃိမ်းကောင်းကျောင်း။

၈။ ဦးဝိသုဒ္ဓ ရွှေတောင် ပါဠိတက္ကသိုလ်။

၉။ ဦးဥတ္တရ ၎င်းတိုက် ရေနံချောင်း။
၁၀။ ဦးပရမ မစိုးရိမ်ကျောင်းတိုက် မန္တလေးမြို့။

အထက်ပါ ဆရာတော်များကိုပင့်ဖိတ်၍ ၎င်းဆရာတော်များနှင့်အတူ ၁၃၂၅–ခု၊ သီတင်းကျွတ် လပြည့်နေ့ (၂–၁၀–၆၃) ည–၈ နာရီအချိန် ဦးတင်တိုက်တွင် သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ချုပ်၏ ဦးစီးခေါင်းဆောင်များဖြစ်ကြသော–

၁။ ဦးကိုကိုလေး။
၂။ ဦးမြဆိုင်(ဝါ)သခင်မြဆိုင်။
၃။ ဦးစိန်(ဓမ္မာစရိယအောင်မြင်ပြီးဆိုသူ)
၄။ ဦးဘမောင်(အဘိဓမ္မာဆရာကြီးဆိုသူ)

၎င်းတို့နှင့် ဆွေးနွေးမေးမြန်းကြပါသည်၊ ၎င်းဆွေးနွေးပွဲတွင် တောင်တွင်းကြီးမြို့နှင့် ရန်ကုန်မြို့များမှ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်ပေါင်း ၁၀၀ ကျော်နှင့် ရေနံချောင်းမြို့မှ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်များ တက်ရောက်နားထောင်ကြပါသည်။

(မှတ်ချက်) ဗုဒ္ဓဘာသာဝင်များဘက်မှ လူဦးရေနည်းပါးခြင်းမှာ ၁၀–ဦး ၁၅–ဦးထက်မပိုရန် တိုက်ရှင်ဦးတင်၏မေတ္တာရပ်ခံချက်အရဖြစ်ပါသည်။

ဦးစိန်-ဓမ္မာစရိယဆိုသူက ဦးဆောင်ဆွေးနွေးပါသည်။ ၎င်းဆွေးနွေးပွဲမှ ထွက်ပေါ်လာသော သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့၏ ဗုဒ္ဓသာသနာတော်နှင့်ပတ်သက်၍ အခိုင်အမာယုံကြည်ဟောပြောချက်များကို အောက်ပါအတိုင်းသိရှိရပါသည်။

၁။ ခြောက်ကြိမ်တိုင်တိုင် သံဂါယနာတင်ပြီးသော ပိဋကတ်သုံးပုံသည်–

(က) ရှေ့စကား နောက်စကားမညီသဖြင့် အစွန်းမလွတ်ခြင်း။

(ခ) ပြဟ္မဇာဝါဒများနှင့် ရောနှောရှုပ်ထွေးနေခြင်း။

ဤနေရာတွင် ဥပမာအဖြစ် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဝိညာဉ်ကောင်သည် အိုမင်းယိုယွင်းသောရုပ်ဟောင်းကိုစွန့်၍ ရုပ်သစ်သို့ပြောင်းကာတည်နေသည်ဟု ပါရှိသယောင်ယောင်စွပ်စွဲ၍ အလားတူ ဟိန္ဒူကျမ်းတို့၌လည်း တွေ့ရှိရသည်ဟု ဟောပြောပါသည်။

(ဂ) ပေတာဝတ္ထု - ခန္ဓယမိုက်၊ အာယတနယမိုက်၊ သစ္စယမိုက်၊ အနုသယယမိုက်၊ ဒေဝတာသံယုတ် စသည်များသည် တတိယသံဂါယနာတင်ကာမှ ပေါ်လာသော ဘုရားဟော မဟုတ်သည့် လုပ်ဇာတ်များသာဖြစ်သည်။

၂။ သတ္တဝါအားလုံး၏ ခန္ဓာအစဉ်တွင် အမြဲလိုက်၍ ကိန်းနေသော အနုသယ ကိလေသာဟူ၍မရှိ ဥပါဒါန်အစွဲသာဖြစ်သည်။

၃။ မဂ်တရားဟူသည် ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်၊ အကာလိက ဂုဏ်တော်သည် မဂ်၏ အခြားမဲ့၌ ဖိုလ်ကို အကျိုးပေးခြင်းဆိုလိုသည်မဟုတ်၊ ယခု မီးကိုင်က ယခုလက်ငင်းပူခြင်းမျိုးကိုသာဆိုလိုသည်။

ဤနေရာတွင် ၎င်းတို့ဟောပြောချက်မှာ ယခု ငရုပ်သီးစားလျှင် ယခုဘဲစပ်မလား နက်ဖန်သဘက်မှ စပ်မလား၊ယခုလုပ်ထားတွေဟာ နောင်ဘဝစောင့်ပြီး အကျိုးပေးမယ်ဆိုတာ ဟုတ်နိုင်ပါ့မလားဟုဖြစ်သည်။

၄။ အထက်ပါ သုံးချက်ကိုထောက်၍ နောင်အနာဂတ်ဘဝ ရှိသည် မရှိသည်ကို ကျွန်ုပ်တို့ မစဉ်းစား၊ ကျွန်ုပ်တို့၏ဝါဒတရားလည်းမဟုတ်။

ရှေးရှေးသော အတိတ်ဘဝ ရှိသည်မရှိသည်ကိုလည်း ကျွန်ုပ်တို့မစဉ်းစား ကျွန်ုပ်တို့ ဝါဒတရားလည်းမဟုတ်။

ကျွန်ုပ်တို့ ဝါဒတရား အခိုင်အမာ စဉ်းစားယုံကြည်ချက်ကား– ဤပစ္စုပ္ပန်ဘဝတခုအတွက် သက်သက်သာဖြစ်သည်။

၅။ ကာမဘုံ–ရူပဘုံ–အရူပဘုံ ဆိုရာ၌ (ရင်ဘတ်ကိုပုတ်လျက်) ဤရုပ်တရားသည်ပင် ရူပဘုံ၊ ဤနာမ်တရားသည်ပင် အရူပဘုံ။ ။ဎင်းရုပ်နာမ်နှစ်မျိုးကိုပေါင်းစပ်ရာမှ ဥပါဒါန်အစွဲခံကြောင့်ဖြစ်ပေါ်လာသောသာယာမှုဟူသောကာမတရားသည်ပင်လျှင်ကာမဘုံများဖြစ်သည်။

မျက်တွေ့လက်တွေ့ မဟုတ်သော အသူရကာယ်–ငရဲ–ပြိတ္တာနှင့်နတ်ပြဟ္မာဆိုသည်မှာမရှိ၊မယုံ။

၆။ ပဋိစ္စသမုပ္ပါဒ်ကိုရှင်းပြရာ၌ ဥပ္ပါဒါနပစ္စယာဘဝေါ အရဘဝေါကိုကမ္မဘဝဟုမယူဘဲ ကံ–စေတနာ–သင်္ခါရတို့ကိုလုံးဝပယ်ပြီးလျှင်ဖြစ်ပေါ်ခြင်းသက်သက်ဟုဘာသာပြန်၍ ထိုဖြစ်ပေါ်ခြင်းဆိုရာမှာလည်း ဥပါဒါန်ဖြစ်ပေါ်ခြင်းကိုသာဆိုလိုသည်။

၇။ ယခုကဲ့သို့သုတေသနပြု၍သမ္မာဒိဋ္ဌိတရားကို ကျိုးစားပမ်းစားအားပါးတကုတ် လုပ်ဆောင်ရာမှီးရခြင်းသည် ယခုဘဝ ယခုလက်ငင်းထမင်းဝ၍စိတ်ချမ်းသာကိုယ်ချမ်းသာ နေနိုင်ရန်အတွက်ဖြစ်သည်ဟူသောအကြောင်းအချက်များသာဖြစ်ကြပါသည်။

ယခုတိုင်ကြားစာတွင်မပါသော သာသနာတော်နှင့် ဆန့်ကျင်သော စကားရပ်များ များစွာကျန်ပါသေးသည်။

အထက်ဖော်ပြပါ အကြောင်းအချက်များသည် သာသနာတော်ကြီးအား ကြီးမားစွာသော အန္တရာယ်များ ကျရောက်နေစေလျက်ရှိကြောင်း ထင်ရှားပါသည်။

ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဟူသော မြတ်စွာဘုရားသာသနာတော်ကြီးတခုလုံးအား ရှင်လူအများ ယုံမှားသံသယဝင်၍ သဒ္ဓါတရား လျော့ပါးပျက်စီးစေခြင်းငှါ၊ ၎င်းတို့အဖွဲ့သည် ရှင်ယောင်ဥက္ကဋ္ဌနှင့် ဘာမျှမဆိုင်ဟု ပြောဆိုပြီးလျှင်–

ရှင်ယောင်ဥက္ကဋ္ဌ၏ ဟောပြောရေးသားချက်များကို နည်းအမျိုးမျိုးဖြင့် ထုတ်နှုပ်ချွတ်လျှင် ဟောပြောနေကြပါပြီ။

သာသနာတော်ကြီး ပျက်စီးစေရန်အတွက် ပင်ပန်းကြီးစွာ နယ်တကာလှည့်၍ အဖွဲ့ခွဲများဖွဲ့စည်းခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်းစသော သာသနာဖျက် လုပ်ငန်းကို အကွက်ကျကျ အသေးစိတ် အပန်းတကြီး ပြုလုပ်နေကြပါပြီ။

ထို့ပြင် ပိဋကတ်စာပေများကို ဘုရားစာပေလား– ဘုန်းကြီးစာပေလား–

သံဃာတော်များကို သံဃာလား ဘုန်းကြီးလား ဟု စော်ကားနေကြပါပြီ။

၎င်းတို့၏ ဟောပြော လုပ်ဆောင်ချက်များကို တွေ့မြင်ကြားသိကြရသော ဗုဒ္ဓဘာသာဝင် တပည့်တော်များမှာ လွန်စွာစိတ်နှလုံးမချမ်းသာဘဲ သာသနာတော်အတွက် စိုးရိမ်သောကကျရောက်နေကြပါပြီ။

ဤကဲ့သို့ မသူတော်တို့၏တရားကို လျစ်လျူပြု၍ ဥပေက္ခာထားခဲ့ပါက မသူတော်တရား ပွားများပြီးလျှင် အနာဂတ်သာသနာတော်ကြီးကို လွန်စွာထိခိုက်ပျက်စီးစေနိုင်ပါသည်။

သို့ပါ၍ သုံးလောကမှန်ကူ သယမ္ဘူဓမ္မရာဇ်ဖြစ်တော်မူသော ဘုရားရှင်အား တရားဆိုး တရားညစ်တို့ဖြင့်ထိုးစစ်ဆင်လာသော ဓမ္မန္တရာယ် သမ္မာဒိဋ္ဌိ သုတေသန အဖွဲ့အား လောကကြောင်း ဓမ္မကြောင်းတို့ဖြင့် ထိထိရောက်ရောက် အရေးယူ နှိမ်နင်းပေးပါရန် တိုင်ကြားစာပေးပို့ပါသည်။

**(ပုံ) တိုးမြင့်(အုပ်ချုပ်ရေးမှူး)**

နောင်ရိုးစက်မှုလက်မှုသမဝါယမအသင်း၊ရေနံချောင်းမြို့။

**(ပုံ) ဦးကြာ**

အိုးဝေစတိုး၊ ဈေးတောင်ဘက်၊ရေနံချောင်းမြို့။

**(ပုံ) မောင်အေး(ရက္ခန်း)**

သစ်တပွေ့ရပ်၊ ရေနံချောင်းမြို့။

\+ \+ \+

အထက်ပါ စာတမ်းကိုရေးသားလျှက် တဘက်သောကာယကံရှင်များက မြန်မာနိုင်ငံတဝှမ်းလုံးရှိ ဆရာတော် သမားတော်ကြီးများထံသို့ရင်း၊ ပါဠိတက္ကသိုလ်အသီးသီးသို့ရင်း၊ ဘာသာရေးအသင်းအဖွဲ့များသို့ရင်း အသီးသီးပေးပို့ခဲ့ကြသည်။ ကျွန်ုပ်တို့အနေနှင့်လည်း ပရိတ်သတ်ဗိုလ်ပုံအလယ်တွင် မှတ်တမ်းမှတ်ရာနှင့်ရှိနေသော အဖြစ်အပျက်မှန်နှင့် ဆွေးနွေးတင်ပြချက်များ၏ အပြည့်အစုံကို အများပြည်သူတို့ သေချာဂဏစွာ လေ့လာသုံးသပ်နိုင်ရန်နှင့် အမှားအမှန် ၂ တန်သော ဆုံးဖြတ်ချက်များကို ကိုယ်ပိုင်အသိညာဏ်တရား သုံးလျှက် လေ့လာပိုင်းခြားနိုင်ရန် တင်ပြလိုက်ရပေသည်။

ရန်ကုန် သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ်သို့(၂၀-၉-၆၃)နေ့စွဲဖြင့် တောင်တွင်းကြီးမြို့ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ခွဲမှ အတွင်းရေးမှူး

ဦးအောင်ပထံမှ ပေးပို့လိုက်သော စာတစောင် ရောက်ရှိလာပေသည်။

ထိုသို ပေးပို့လိုက်သောစာ၏ အကြောင်းရင်းကတော့ ရေနံချောင်းမြို့ သမ္မာဒိဋ္ဌိ သူတေသနအဖွဲ့ခွဲမှ အဖွဲ့ဝင်များက တောင်တွင်းကြီးမြို့ သမ္မာဒိဋ္ဌိအဖွဲ့ဝင်များကို သိတင်းကျွတ်လပြည့်နေ့ ရေနံချောင်းသို့ အဖွဲ့ဝင်ခြင်း မိတ်ဆက်တွေ့ဆုံ ဆွေးနွေးရန် ဖိတ်ခေါ်ထားခြင်းဖြစ်လေသည်။ သို့အတွက်ကြောင့် ရန်ကုန်အဖွဲ့ချုပ်မှ သဘာပတိအဖွဲ့ဝင်လူကြီးများ ကြွရောက်နိုင်လိုသူ ပုဂ္ဂိုလ်ကြီးများ ကြွရောက်ကြပါရန် တောင်တွင်းကြီးအဖွဲ့မှ လေးစားစွာဖိတ်ကြားအပ်ပါသည်ဟု ရန်ကုန်အဖွဲ့ချုပ်သို့ ဖိတ်ကြားသော စာတစောင် ဖြစ်လေသည်။

၎င်းဖိတ်ကြားစာကို အဖွဲ့ချုပ်မှ အတွင်းရေးမှူး ဖြစ်သော ဦးကိုကိုလေးက သဘာပတိအစည်းအဝေးသို့ တင်ပြလေသည်။ ယင်းသို့တင်ပြသည့်အခါတွင် သဘာပတိ အဖွဲ့ဝင်များ အားလုံးက ရေနံချောင်းသို့သွားရောက်ရန် (၁)အဘိဓမ္မာ ပညာပေးတာဝန်ခံ ဦးစိန်၊ (၂) ဘာသာသာသနာရေးရာတာဝန်ခံ ဦးမြဆိုင်၊ (၃)အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးကိုကိုလေး၊ ၎င်းသုံးဦးတို့ကို တညီတညွတ်တည်းဆုံးဖြတ်ကြလေသည်။

ထို့နောက် ဦးမြဆိုင်က တင်ပြသည်မှာ တောင်တွင်းကြီးမြို့ သမ္မာဒိဋ္ဌိ သုတေသန အဖွဲ့ခွဲမှ အတွင်းရေးမှူး ဦးအောင်ပက ၎င်းထံသို့ ပေးပို့လိုက်သော စာထဲတွင် 'ရဲဘော်ကြီးတော့ ပါဖြစ်အောင်ပါမှဖြစ်မယ်။ အဘိဓမ္မာပညာပေးပုဂ္ဂိုလ် ဦးစိန်နှင့် အဖွဲ့ချုပ်မှ အထွေထွေ အတွင်းရေးမှူးဖြစ်တဲ့ ဦးကိုကိုလေးလဲ မပါ

လျှင်မဖြစ်ပါ’ဟု ရေးသားလိုက်ပါတယ်။ ယခု သဘာပတိအစည်းအဝေးက တညီတညွတ်တည်း ဆုံးဖြတ်လိုက်ထာနှင့် သွားပြီး ညီညွတ်နေပါသည်၊ အလွန်ဘဲ သင့်လျော်ပါသည်ဟု ဦးမြဆိုင်က ပြောကြားလေ၏။

ယခုလိုရေနံချောင်းမြို့ကဖိတ်တယ်ဆိုတော့ ကျွန်ုပ်အဖို့အလွန်ဘဲတုံလှုပ်မိပါသည်။ အကြောင်းမှာ ရေနံချောင်းဆိုသည်ကား နှယ်နှယ်ရရမြို့မဟုတ်ပေ။ ၁၉၆၃–ခုနှစ်နွေဦး၊ မတ်လ(၁၀)ရက်နေ့က တောင်တွင်းဆရာတော် ရှင်ဥက္ကဋ္ဌ၏ တရားပွဲကျင်းပရာကို ရဟန်းတော်များ အပါး(၁၀)ကျော်တို့သည် သံဒုတ်ကိုယ်စီကိုင်ဆောင်ပြီး တရားပွဲကို သွားရောက်၍ ဝိုင်းရိုက်ရန် ပြုလုပ်ခဲ့သော အာဇာနည်သူရဲကောင်းများစံရာဌာနီဖြစ်လေသည်။ ထိုနှစ်ဇွန်လ (၂၄)ရက်နေ့ကလည်း ရေနံချောင်းမြို့ သံဃညီညွတ်ရေးတပ်ဦးဟူသော ကိုယ်တော်များဦးစီးလျက် မြို့လယ်လေးမျက်နှာ တန်ဆောင်းအတွင်း အစည်းအဝေးလုပ်ပြီး တောင်တွင်းဆရာတော် သျှင်ဥက္ကဋ္ဌနှင့်တကွ ကျွန်ုပ်တို့ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့မှ ခေါင်းဆောင်ပုဂ္ဂိုလ်များ ရေနံချောင်းမြေ၌ ခြေမချနိုင်အောင် အသက်နှင့်လဲကာကွယ်မည်၊သာသနာ၏အန္တရာယ်နံပါတ်(၁)သျှင်ဥက္ကဋ္ဌ၊ နံပါတ်(၂)ဗိုလ်တထောင်သတင်းစာ ဦးသိန်းဖေမြင့်၊ နံပါတ်(၃) သခင်မြဆိုင်၊ နံပါတ်(၄)ရေနံချောင်းမြို့ ရေနံတွင်းစား ဦးတင်ဒေါ်ခင်လေးဟူ၍ အသေအချာကဗျည်းတပ်၍ မှတ်ချက်ချထားခဲ့သော သူရဲကောင်းပုဂ္ဂိုလ်များ၏ စံပျော်နေထိုင်ရာ ဖြစ်သောမြို့ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ သဘာပတိ အဖွဲ့ဝင်များနှင့် ညှိနှိုင်းတိုင်ပင်ကြသောအခါ ကျွန်ုပ်တို့အဖွဲ့ဝင်များသည် စစ်မှန်သော ဓမ္မကိုရှာဖွေလေ့လာနေသော အဖွဲ့ဝင်များသာ ဖြစ်ကြပါသည်။

မည်သည့်အဖွဲ့ဝင်မည်သည့် ဂိုဏ်းဂဏတို့အားအကျိုးယုတ်စေခြင်း၊ ကဲ့ရဲ့ခြင်းတို့ကိုကျွန်ုပ်တို့အဖွဲ့ဝင်များသည် လုံးဝလက်ခံသိမ်းပိုက်ခြင်းမရှိကြပါဟု ဆွေးနွေးတိုင်ပင်ကြပြီးလျှင်ရေနံချောင်းသို့လိုက်ပါသွားကြရန်အဖွဲ့ဝင်မျါးသည်အညီအညွတ်သဘောတူဆုံးဖြတ်ကြတော့သည်။ သဘာပတိအဖွဲ့ဝင်အားလုံးလည်းမလိုက်နိုင်ကြပေ။ အချို့သောသဘာပတိတို့က အဖွဲ့ချုပ်၏နေ့စဉ်နေ့တိုင်းအလုပ်ကိုလုပ်ဆောင်နေရပေသည်။ တနည်းဆိုရသော် ခရီးစရိပ်ကိုလည်း ငဲ့ရသေး၏။ ရန်ကုန်အဖွဲ့ချုပ်တွင်လည်း သဘာပတိ အဖွဲ့ဝင်များ မရှိလျှင်မဖြစ်ပေ။

ထို့နောက် (၂၉–၉–၆၃)နေ့တွင်ဒေးဒရဲမြို့သဘာပတိအဖွဲ့ဝင်တဦးဖြစ်သူဦးဘမောင်နှင့်အဖွဲ့ဝင်တဦးပေါင်းနှစ်ဦးတို့သည်ရန်ကုန်အဖွဲ့ချုပ်သို့ ရောက်လာလေ၏။ ဦးဘမောင်ကား ဒေးဒရဲမြို့တွင် အဘိဓမ္မာဆရာကြီးတဦးဖြစ်ပေသည်။အရွယ်ကတော့(၆၀)ကျော်ပေပြီ။ ဦးဘမောင်သည်ကား အထက်မြို့ကျေးရွာ နယ်ပယ်များ အရောက်အပေါက်နည်းလှ၏။ ထို့ကြောင့် ဗဟုသုတအဖြစ်လိုက်လိုက လိုက်ခဲ့ပါရန် ကျွန်ုပ်တို့အတွင်းရေးမှူး ဦးကိုကိုလေးက ဦးဘမောင်တို့နှစ်ဦးအား ဖိတ်ခေါ်လေ၏။

ကျွန်ုပ်တို့အဖွဲ့ချုပ်မှသုံးယောက်၊ ဦးဘမောင်တို့ကနှစ်ယောက် ပေါင်း ငါးယောက်တို့သည် (၃၀-၉-၆၃) ခုနေ့ည ရန်ကုန်မှ ၉-နာရီခွဲထွက်သော ရထားဖြင့် ပျဉ်းမနားဘက်သို့ လိုက်ပါခဲ့ကြသည်။ ပျဉ်းမနားဘက်မှ လိုက်ပါခဲ့ရခြင်းကတော့ ကျွန်ုပ်နှင့်တကွ ဦးဘမောင်တို့ပါ မရောက်ဘူးသောကြောင့် လိုက်ပါခဲ့ခြင်းဖြစ်ပေသည်။ ဦးမြဆိုင်နှင့် ဦးကိုကိုလေးတို့ နှစ်ဦးကတော့ တောင်တွင်းသားများ ဖြစ်နေလေတော့ ဘာမှ မထူးဆန်းတော့ပေ။

ကျွန်ုပ်တို့သည် ပျဉ်းမနားဘူတာသို့ နံနက်(၇)နာရီ ၁၅ မိနစ်မှဆိုက်ရောက်လေ၏။ ၎င်းနောက် ပျဉ်းမနား ဘူတာလမ်းခွဲမှ တောင်တွင်း ဘက်သို့ ထွက်မည့် ရထားကို ခရီးသည် တို့သည် ရန်ကုန်–မန္တလေးရထားအဝင်ကိုစောင့်မျှော် နေကြတုံးရှိကြ၏။ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော ရန်ကုန်မှ မန္တလေးရထား ဝင်၍လာရာ ပျဉ်းမနားဘူတာမှ အသင့်စောင့်နေသော ရထားသည် တောင်တွင်းဘက်သို့ ခုတ်မောင်းရန် မန္တလေးတွဲမှ ဖြုတ်ထားခဲ့သော တောင်တွင်းဘက်သွားမည့် ခရီးသည်တွဲများကို ချိတ်ဆွဲပြီး (၇)နာရီ မိနစ်(၃၀)တွင် တောင်တွင်းဘက်သို့ ခုတ်မောင်းလေတော့၏။

ထိုသည့် ပျဉ်းမနားနှင့်တောင်တွင်းအကြား ရထားလမ်းကားနှယ်နှယ်ရရ မဟုတ်ပေ။ အမိကရ တောကြီးတောင်ကြီးတွေကို ထွင်းဖေါက် ဖြတ်ကျော်သွားရသည့် ရထားလမ်း ဖြစ်ပေသည်။ ဤမျှကြီးမား ထူပိန်းလှသော တောကြီး တောင်ကြီး တွေကို ကျွန်ုပ်တို့ မြင်တွေ့ရသောအခါ တအံ့တသြစူးစိုက်၍ ရှုခင်းသာယာလှသော တောကြီး တောင်ကြီး တွေကို ဖြတ်ကျော်ပြီး (၁-၁၀-၆၃)ခု သတင်းကျွတ်လဆန်း ၁၄ ရက်နေ့ နေ့လည်တနာရီတွင် တောင်တွင်းကြီးဘူတာသို့ ဆိုက်ရောက်လေတော့သည်။

ဤသည်တွင် တောင်တွင်းအဖွဲ့ဝင်များသို့ ဗဟိုရိအဖွဲ့ချုပ်မှ သဘာပတိအဖွဲ့ဝင် လူကြီးများ လာမည်ဟု အတွင်းရေးမှူး ဦးကိုကိုလေးက ကြိုတင်အကြောင်းကြားထားပြီးဖြစ်သည့် အတိုင်း မီးရထားဘူတာတွင် တောင်တွင်းအဖွဲ့ဝင်များ လာရောက်ကြိုဆိုနေကြလေသည်။ အဖွဲ့ချုပ်မှ ခေါင်းဆောင်ဖြစ်ကြသော ဦးစိန်၊ ဦးကိုကိုလေး၊ ဦးဘမောင်တို့အားကို ကြိုဆို နှုတ်ဆက်ကြပြီး

တောင်တွင်းအဖွဲ့ဝင်များက ဦးမြဆိုင်ကြီးကောပါရဲ့လားဟု မေးကြလေသည်။ ဦးကိုကိုလေးကဘဲ ဆရာဦးမြဆိုင်ပါ ပါတယ်ဟု ဖြေလိုက်၏။ သူမပါလျှင် မဖြစ်ဘူးဟု ရယ်မော၍ပြောဆိုပြီး ၎င်းဘူတာမှ မြင်းလှည်းနဲ့ ဦးစိန်၊ ဦးကိုကိုလေး၊ ဦးဘမောင်တို့ နှစ်ဦးနှင့်တကွ နေရှင်နယ်ကျောင်းသို့ ခေါ်ဆောင်သွားလေသည်။ ကျွန်ုပ်တို့ကစ၍ ဦးမြဆိုင်ကြီးကောဟု မေးလိုက်ရာ တောင်တွင်း အဖွဲ့ဝင်များကရော၊ ဦးကိုကိုလေးကပါ၊ ဦးမြဆိုင်အတွက် ဆရာမပူနဲ့။သူကတောင်တွင်းသား။ တညလုံးအိပ်ပျက်လာတာ။သူ့ညီအစ်ကိုတော်အိမ်သွားပြီး အိပ်မှာ သေချာတယ်။ ဆရာဘာမှပူမနေနဲ့ဟု ဝိုင်း၍ပြောကြလေသည်။

ကျွန်ုပ်တို့ နေရှင်နယ်ကျောင်းသို့ ရောက်သည်မှစ၍ တနေ့လုံး မအိပ်ကြရပေ။ တောင်တွင်းအဖွဲ့ဝင်များ တဖွဲဖွဲရောက်ရှိလာကြပြီး ကျွန်ုပ်တို့နှင့် မိတ်ဆုံဆွေးနွေးနေရခြင်းဖြစ်ပေသည်။ ညနေ ၅-နာရီသာသာတွင် ဦးမြဆိုင်နေရှင်နယ်ကျောင်း ကျွန်ုပ်တို့တည်းခိုရာသို့ရောက်ရှိလာပေသည်။ ဦးစိန်တို့ ဦးဘမောင်တို့အိပ်ကြရရဲ့လားဟု ဦးမြဆိုင်ကမေးလေသည်။ ကျွန်ုပ်တို့က ဘယ်အိပ်ရမလဲ ဦးမြဆိုင်ရာ အမြင်ဘဲဟု အဖြေပေးလိုက်ရတော့၏။ ကျွန်ုပ်တို့လဲ ၅-နာရီခွဲလောက်တွင် ရေမျှားချိုးကြ၍ တအောင့်တနားလမ်းလျှောက်ပြီး တောင်တွင်းအဖွဲ့များက ထမင်းများတည်ခင်း ကျွေးမွေးကြပြန်သည်။ ထမင်းပါစားသောက်ပြီး ညဘက်ဆက်လက်၍ တောင်တွင်း အဖွဲ့ဝင်အားလုံးနှင့် မိတ်ဆက်ဆွေးနွေးကြလေရာ ၁၁ နာရီထိုးမှဘဲ ဆွေးနွေးပွဲပြီးဆုံးသွားတော့၏။

ယင်းသို့ သီတင်းကျွတ်လမှာ မိုးများရွာရန် ကျန်သေးသည်။ တောင်တွင်းနယ်၌ကား မိုးများမရွာဘဲ အုံ့မှိုင်း၍နေလေသည်။

တောင်တွင်းအဖွဲ့ဝင်လူကြီးများကို ကျွန်ုပ်တို့အဖွဲ့ချုပ်မှ အတွင်းရေးမှူးဦးကိုကိုလေးက မနက်ဖန်နံနက် ရေနံချောင်းသွားရန်အစီအစဉ်ကို ဘယ်လိုစီစဉ်ထားပါသလဲဟု မေးရာ တောင်တွင်းအဖွဲ့ဝင်လူကြီးများက တောင်တွင်းကတော့ ယောကျ်ားမိန်းမတရာကျော်လောက်လိုက်ပါကြလိမ့်မည်။ သို့အတွက်သုံးတန်ကားကြီးနှစ်စီးကို ငှားထားပါတယ်။ အကယ်၍မနက်မှလိုက်လိုသူများ ရှိလာပါက နောက်ထပ်တစီးငှားမည်ဟု ပြောဆိုကြလေ၏။

ဤကဲ့သို့ အစီအစဉ်အရ မနက် ၅–နာရီတောင်တွင်းမှ ထွက်၍ နံနက်စာမှီ ရေနံချောင်းရောက်၊ နေ့ခင်းရေနံချောင်းအဖွဲ့ဝင်များ စီစဉ်ထားသည့်အတိုင်းမရောက်ဘူးသူများရေနံချောင်းမှ ရေနံမြေ ရှောက်ကြည့်၊ ညတွင်အဖွဲ့ဝင်ချင်း တိုင်ပင်ဆွေးနွေး၍ နောက်နေ့ မနက်စောစောတောင်တွင်းပြန်ရန်ဟူ၍စီစဉ်ထား၏။

ထို့နောက် သီတင်းကျွတ် လပြည့်နေ့ နံနက် ၅-နာရီ ရေနံချောင်းသို့ သွားရန်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည်အိပ်ရာသို့ ဝင်ကြလေ၏။ နံနက် ၃–နာရီလောက်ကျတော့ကျွန်ုပ်တို့အိပ်မရပေ။ အကြောင်းကား တောင်တွင်းအဖွဲ့ဝင်များသည် ကျွန်ုပ်တို့တည်းခိုနေသော နေရှင်နယ်ကျောင်းဝင်းအတွင်းသို့ရောက်ရှိ၍တယောက်တမျိုး ဆူညံစွာစကားပြောဆို၍ကားကို စောင့်မျှော်နေကြသည် ၍ ကျွန်ုပ်တို့သည်အိပ်ရာမှ လန့်နိုးကြရပေသည်။ ကျွန်ုပ်တို့လဲ အိပ်ရာမှထပြီး မျက်နှာများသစ်၍ တောင်တွင်းအဖွဲ့ဝင်များ ရှိရာသို့ သွားရောက်ပြီးထိုင်၍ စကားများပြောဆိုပြီး ကားများကိုစောင့်ဆိုင်း၍အတူနေကြပေသည်။ ဦးမြဆိုင်ကတော့ဆွေမျိုးများအိမ်သို့ သွား၍ အိပ်ဟန်တူသည်။ နံနက် ၅–နာရီကျမှ လွယ်အိတ်ကို လက်ကဆွဲပြီး နေရှင်နယ်ကျောင်းသို့သုတ်ချီတင် လာနေသည်ကို တွေ့ရလေသည်။

ရေနံချောင်းသို့လိုက်ပါကြရန် အမျိုးသားအမျိုးသမီးတို့သည် တဖွဲ့ဖွဲ့လာကြလေသည်။ သို့နှင့်အဖွဲ့ခေါင်းဆောင်တို့သည် လိုက်ပါကြမည့်လူဦးရေ စာရင်းများကိုလိုက်၍ ကောက်ကြ လေသည်။ လိုက်ပါရန် အမျိုးသား–အမျိုးသမီးတို့သည်ကား တစတစတိုး၍ လာသည်။ လူပေါင်း(၁၆၀)ကျော်မျှရှိလေသည်။ ကားနှစ်စီးနှင့် မနိုင်၊နောက်ထပ်တစီးပြေး၍ငှားကြရပြန်သည်။သို့နှင့်အချိန်သည် (၇)နာရီထိုးလေပြီ။ ကားသုံးစီးလုံးစုံရော လူတွေလဲ အသီးသီးနေရာယူကြပြီး တောင်တွင်းမှထွက်ခွာပြီး ရေနံချောင်းသို့ မောင်းနှင်ကြလေရာ၊ ဦးမြဆိုင်လိုက်ပါသောကားသည်ကား အမျိုးသမီးတွေ အများဆုံးပါသောကားဖြစ်ပေ၏။ အမျိုးသမီးတို့ ထုံးစံအတိုင်း မကွေးရောက်လျှင် မြသလွန်ဘုရားပွဲသွားပြီး အမျိုးသမီးများနှင့်သက်ဆိုင်သော ဘာပစ္စည်းဝယ်မယ်၊ညာပစ္စည်းဝယ်မယ်–စသည်ဆူညံစွာပြောဆိုလိုက်ပါလာကြ၏။

**ယင်းချောင်း**

နံနက်ဂ–နာရီခွဲခန့်တွင်'ယင်းချောင်း'သို့ရောက်ကြလေသည်။ ယင်းချောင်းမှာ တောင်ရေများ အကျမျ‌ားနေလေသည်။ ဘယ်အချိန်ကမိုးရွာလိုက်သည်ပင်မသိပေ။ တောင်တွင်းရှိစဉ်က မကွေးဘက်က ကားတွေလာနေသည်ကိုတောင်တွင်းအဖွဲ့ဝင်များကမေးမြန်းကြသောအခါ ၎င်းတို့က ကားများကူးလို့ ရပါသည်ဟုဆိုကြ၏။ ကျွန်ုပ်တို့ရောက်ခါမှ ရေတွေအကျများနေတာနှင့် ကြုံဆုံနေရပေသည်။ ကျွန်ုပ်တို့က ဦးကိုကိုလေးကို မေးကြည့်သည်။ ယခုကျဆင်းနေသောရေသည် ဘယ်ကလာသလဲ-ဟုမေးရာ၊ ဦးကိုကိုလေးက မိုးရွာတော့ကာ မိုးရေများသည် တောင်ကြို တောင်ကြားထဲမှာ တင်၍နေသည်။ မိုးရွာပါများလာလျှင် ယခုလိုစီးဆင်း၍ ကျလာတတ်သည်ဟု ပြောပြသည်။

သို့နှင့် ဦးကိုကိုလေးနှင့်တကွ ကျွန်ုပ်ရော တောင်တွင်းက ခေါင်းဆောင်အချို့ပါ မကွေးဘက်ကမ်းခြေသို့သွားရန် ပုဆိုးခါးတောင်းကျိုက်၍ ရေထဲသို့ဆင်းကြလေသည်။ ရေနက်သည့်နေရာရောက်လေတော့ လှေကြီးကိုကြိုးနှင့်ချီပြီး ကမ်းပေါ်က ဆွဲသူကဆွဲ ရေထဲမှ လှေကြီးကိုလက်နှင့်တွန်းပို့သူက ပို့နေသော လှေပေါ်သို့တက်ပြီး မကွေးဘက်ကမ်းသို့ ရောက်သွားကြရာ၊ တောင်တွင်းခေါင်းဆောင်များက တောင်တွင်းမှ ငှားလာသော ကားကြီးများကို မကွေးဘက်သို့ကူးရန် ဖေါင်ဖွဲ့ထားသော လှေကြီးနှစ်စင်းနှင့်ကူးပို့နေရသည့်အတွက် ဟိုဘက်ဒီဘက် ကားတွေ တရာကျော်ရှိနေသည်။ သို့အတွက် တောင်တွင်းမှ စီးလာသော ကားများကို ကူးယူမည်ဆိုလျှင် ယနေ့ရေနံချောင်းသို့ မရောက်တော့ပေ–ဟု တိုင်ပင်ကြပြီး မကွေးဘက်မှကားများကို ငှားယူကြရတော့သည်။ တောင်တွင်းမှလိုက်ပါလာကြသောအဖွဲ့ဝင်များကို တောင်တွင်းဘက်ကမ်းမှ တစုတဝေးတည်း ထိုင်နေသည်ကို သွားရောက်၍မကွေးဘက်သို့ကူးခဲ့ကြရန် အကြောင်းကြားလေ၏။

ဤတွင် ယောကျ်ားတွေရော၊ အမျိုးသမီးတွေပါ ရေထဲသို့ ဆင်းကြ၍ ကူးတို့လှေနှင့်တဆင့်ကူးကြရသည်။ မကွေးဘက်ကမ်း ရောက်ကြသည့်အခါ ခေါင်းဆောင်ပုဂ္ဂိုလ်များက ကားများကို စီစဉ်ပေးပြီး ရေနံချောင်းသို့ ဆက်လက်ထွက်ခွါကြသည်။ အချိန်မှာ (၁၂)နာရီခွဲသာသာ ရောက်ရှိနေပေသည်။ ဤသို့နှင့် ဆက်လက်မောင်းနှင်လာခဲ့ကြရာ၊ မကွေးသို့ရောက်သောအခါ (၂) နာရီကျော်၍နေပေပြီ။ မနက်စာ ရေနံချောင်း ရောက်မှ စားကြရန်အားခဲထားသမျှ မကွေးမှာပင် မအောင့်နိုင်ကြတော့ဘဲ နီးစပ်ရာဆိုင်များသို့ ဇုပြုံဝင်ရောက်စားသောက်ကြတော့၏။

ကျွန်ုပ်ကတော့ လဘက်ရည်နှင့်မုန့်နှင့်သာရောင့်ရဲရတော့သည်။ ရေနံချောင်း အဖွဲ့ဝင်များကတော့ မနက်စာ ထမင်းကျွေးကြရန် စောင့်မျှော်နေမည်ကား အမှန်ဖြစ်သည်။ မှန်လှ၏။ ဒါပေသည့် ယင်းချောင်းမှာ တွေ့ကြုံနေရသည့် ရေဘေးဒုက္ခကိုတော့ ရေနံချောင်းအဖွဲ့ဝင်များမသိကြပေ။ ဦးကိုကိုလေးသည် မကွေးမှ ရေနံချောင်းသို့ ဖုံးဆက်ရန်ကြိုးစားလေတော့သည်။ သို့ပေသည့် ဦးကိုကိုလေးလက်မြှောက် အရှုံးပေးခဲ့ရသည်။ အကြောင်းကား သီတင်းကျွတ်လပြည့်နေ့ဖြစ်သောကြောင့်ပေတည်း။

ယင်းကဲ့သို့ မကွေးမှ ရေနံချောင်းသို့ထွက်ကြရန် စီစဉ်ကြပြန်သည်။ ဦးမြဆိုင်သည်ကား သူစီးလာသောကားမှ အမျိုးသမီးများ မကွေး မြသလွန်ပွဲတော် မသွားရန် အော်ဟစ်ပြောဆိုနေသည်ကို တွေ့ရပြန်သည်။ ၎င်းနောက် ရေနံချောင်းသို့သွားကြရန်အတွက် ဦးမြဆိုင်မှာ အမျိုးသမီးများကို အော်၍စုရုံးကြရပြန်သည်။ သို့နှင့် စုံညီစွာ ရောက်ရှိလာကြပြီး ရေနံချောင်းသို့ ထွက်၍လာခဲ့ကြရာ၊ အချိန်သည်ကား (၂)နာရီခွဲသာသာရှိ၍နေပေပြီ။ သည်အရေးထဲ ဒေါင်း သေချောင်းက တမျောင့်ကြုံရပြန်သည်။

ဤချောင်းမှာ ရေကျနေ၍မဟုတ်ပေ။ မြောက်ဖက်ကမ်းပါး အတက်၌ ကားတစီးမတက်နိုင်ဘဲ သဲဗွက်ကျွံပြီးတစ်ခံနေသည်။ နောက်မှ ကားတွေတသီကြီး စောင့်နေရပြန်၏။ မိုးသည်ကား အနည်းငယ်ရွာချပြန်လေသည်။ ထိုအခါ ဒေါင်းသေချောင်းကား အလွန်ကျယ်ပြန့်သော သဲသောင်ပြင်ကြီးဖြစ်လေသည်။ ဟိုဘက် ဒီဘက် ဂိုက် ၄၀၀-ကျော်မျှရှိ၏။ ထိုသဲပြင်ကြီး တလျှောက် မှာလည်း ကားဘီးရာအသားမကျသော နေရာမှ မောင်းမိလျှင် သဲကျွံ၍နေတတ်သေး၏။

မကွေးပွဲတော်သွားပွဲတော်ပြန်ကားတွေကလည်းအကူးအသန်း အလွန်များပြားနေချိန်ဖြစ်ရာ၊ ထိုသည့်မြောက်ဖက် ကမ်းခြေမှ သဲကျွံနေသောကားကြောင့် တဖက်တဖက်စောင့်နေကြရာ တသီ တတန်းကြီးတွေဖြစ်နေကြသည်။ ထိုသည့် ဒေါင်းသေရွာချောင်း ထိပ်တောင်ဘက်တွင် ဈေးဆိုင်ကလေးများ အစီအရီရှိကြသည်။ လဘက်ရည်၊ထမင်း၊ကြက်ပေါင်ကျော်၊ အကျော်အလှော် မျိုးစုံ သည့်အပြင် ဘာမဆိုအစုံရသည်ဟုသိရ၏။

ထိုဆိုင်ကလေးများတွင် ကျွန်ုပ်တို့လူစု ကားပေါ်မှ ဆင်း၍ ဝယ်ခြမ်းစားသောက်နေရင်း မြောက်ဖက်အတက်တွင် တစ်ခံနေ သောကား မသွားမချင်းစောင့်၍နေရပြန်သည်။ ကျွန်ုပ်တို့လူစုထဲမှ အတော်များများသွား၍ တွန်းမကူပေးနေရပြန်သည်။ တနာရီခန့် ကြာမှ ထိုကား တက်သွားနိုင်တော့ပေသည်။ စောင့်နေကြသော ကားတန်းကြီးသည် ဤတွင်မှ ဒေါင်းသေချောင်းကို ဟိုဘက် ဒီဘက်ဖြတ်၍ကူးနိုင်ပေတော့သည်။

ကျွန်ုပ်တို့သည် ရေနံချောင်းဘက်သို့မောင်းလာကြသောအခါ (၄)နာရီပင် ကျော်၍နေပေပြီ။ ကုန်းမြင့်တောင်ကျောကြီးပေါ်၌ လမ်းဖေါက်ထားလေရာ၊ အနောက်ဖက်၌ ဧရာဝတီမြစ်ရိုးကိုတွေ့ မြင်ရလေသည်။ အရှေ့ဘက်တခိုတွင် ညို့ညို့မှိုင်းမှိုင်းမှုတွေဆိုင်း လျက်ရှိသော ရှူခင်းပြင်များကိုကျော်လွှားကာ ပုပ္ပါးတောင်ကြီး သည်မှိုင်းမှိုင်းညိုပြာပြာနှင့် ရပ်တည်နေသည်ကိုလှမ်းမျှော်၍ကြည့် လျှင် မြင်တွေ့နေရပေသည်။ ရှုခင်းသာယာလှပတင့်တယ်အလွန် ဆန်းကျယ်သော သဘာဝမွှေတာတောင်တွေကို ရောက်ရှိကြရင် လူသတ္တဝါတို့၏ စိတ်နှလုံးသားတို့ သာယာ ရွှင်ပြုံး ပျော်မဆုံး အောင်သာယာလှပေသည်။

ကျွန်ုပ်တို့သည် ဤရှုခင်းကြီးများကို ကြည့်မျှော်ခါ ကြည်နူးသာယာ မိပေသည်။ ယင်းကဲ့သို့ ကြည်နူး သာယာနေတုန်း မကြာမီ မိုးရွာချလာတော့၏။ မိုးရွာနေတုန်းမှာဘဲ ဆက်လက်မောင်းနှင်လာရာ၊ ရေနံချောင်းသို့ ရောက်ရှိ လာတော့သည်။ ကျွန်ုပ်တို့ လူစုသည် မိုးရေများ စိုရွှဲနေကြသည်။ ဘဲနန်းရပ်တွင် ဦးကြီးမောင်တို့အဆင်သင့် စောင့်နေသည်ကိုတွေ့ရ၏။ မနက်စာအမှီ တောင်တွင်းမှထွက်လာကြသော သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်များသည် ညစာအမှီမှ အနိုင်နိုင် ရောက်ကြရ လေတော့သည်။ ကျွန်ုပ်တို့လူစုသည် တနေ့လုံးကားစီးရသည့်အတွက် မူးနောက်ပြီးကားတောက်၍နေပေသည်။ ကျွန်ုပ်သည်ကား ရေမချိုးဘဲမနေနိုင်တော့သည့်အတွက် ရေသွား၍ချိုးရလေသည်။ များမကြာမီ ဦးကြီးမောင်တို့ကထမင်းများကျွေးလေရာ ထမင်းစားပြီးသည်နှင့် တပြိုင်နက် ဦးကိုကိုလေးကို လူတယောက်လာ၍ ပြောလေသည်။ ဦးကိုကိုလေးကကျွန်ုပ်အားရဟန်းတော်များနှင့်ဆွေးနွေးရမည်ဟု ပြောလေသည်။

## မမြော်လင့်သောဆွေးနွေးပွဲ

ကျွန်ုပ်တို့သည် ထမင်းစားပြီး ဘဲနန်းရပ် ဦးကြီးမောင်တို့ထံမှ ထွက်ခွာလာခဲ့ပြီး ဆိုတိုက်ရပ်ရေနံတွင်းစား ဦးတင်တိုက်သို့လာခဲ့ကြ၏။ အားလုံး စီစဉ် ထားသမျှ တို့သည် တလွဲစီဖြစ်ကုန်တော့သည်။

ဤတွင် ဦးတင်ကဆီး၍ ဦးမြဆိုင်နှင့် ဦးကိုကိုလေး၊ တောင်တွင်းအဖွဲ့မှ ဆရာဦးထွန်းဇံ တို့ကိုပြောလေသည်။ အကြောင်းက ရေနံချောင်း ဦးတိုးမြင့်တို့လူစုသည် မကြာမီကလာပြီး တောင်တွင်းမှ သမ္မာဒိဋ္ဌိသုတေတနအဖွဲ့များ ရောက်လာလျှင် သူတို့မေး

လိုရာများမျက်နှာစုံညီမေးပါရစေ–ဟုပြောလာသည်ဆို၏။ဦးတင်သည်ကားဘာနိုင်ငံရေးမှုဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းမရှိပေ။သူသည်ရိုးဖြောင့်သောလူသား တဦး၊မှန်ကန်သောဓမ္မကိုရှာဖွေလေ့လာသူပုဂ္ဂိုလ်တဦးသာလျှင်ဖြစ်ပေသည်မမှန်ကန်မှုပြုလုပ်လာလျှင်မဟုတ်မခံတတ်သောသဘောတရားရှိ၏။ ဦးတင်သည်ဦးတိုးမြင့်သို့ ပြန်ကြားလိုက်သည်ကား ဦးတိုးမြင့် ခင်ဗျားကြိုက်သလို မေးနိုင်ပါတယ်။ခင်ဗျားတို့က ကျုပ်တို့အစည်းအဝေးကိုဘာအစည်းအဝေးညာအစည်းအဝေးဆိုတာမျိုးတော့ နောက်ကွယ်ရာက နေပြီးဒီသမ္မာဒိဋ္ဌိသုတေသနအဖွဲ့ကို ရှုံ့ချအပြစ်တင် နေတာမျိုးတော့ကျုပ်မကြိုက်ဘူး။အဲသည်တော့ အခုလို ရေရေလယ်လယ်မျက်နှာစုံညီမေးချင်မြန်းချင်တယ်ဆိုရင် ကျုပ်စီစဉ်ပေးမယ်။ သံဒုတ်တွေဘာတွေမျိုးနဲ့မလုပ်ဘူးဆိုရင် ခင်ဗျားတို့ ဟိုရွှေတောင်ကျောင်းတိုက်ကဘုန်းကြီးတွေပါပင့်ခဲ့ပါ။အိုဗျာအလွန်ပိဋကတတ်ကျွမ်းတဲ့ရေနံချောင်းမှာ ထိပ်သီးဆိုတဲ့ ကိုယ်တော်တွေပါပါရင် အကောင်းဆုံးဘဲလို့-ပြောလိုက်တယ်။ကျွန်တော် ဤကဲ့သို့ပြောလိုက်ခြင်းမှာတခြားမဟုတ်ပါ။ ကျွန်တော် ယခုလိုမပြောလဲ ဦးတိုးမြင့်ကသွားပင့်မှာဘဲ။ ဒါကို ကျွန်တော် သိထားပါတယ်ဟု– ဆိုပြီးမှအဲသည်တော့ ခင်ဗျားတို့ မေးတာကို ယခုလာတဲ့ အဖွဲ့ခေါင်းဆောင်တွေက မဖြေနိုင်ဘူးဆိုလျှင် ဒီသမ္မာဒိဋ္ဌိသုတေသန ဆိုတဲ့လူတွေ နောင်တသက်လုံး ကျုပ်တိုက်ရိပ်တောင် မနင်းရဘူး။အဲပြီးတော့ ခင်ဗျားတို့ပင့်လာတဲ့ ဘုန်းကြီးများက မဖြေနိုင်ရင်လဲ အဲသည်ဘုန်းကြီးတွေကို ကျုပ်တော့ဆွမ်းလဲ မလောင်းဘူး၊ကိုးလဲမကိုးကွယ်တော့ဘူး။ ကဲ ဦးတိုးမြင့်ကြိုက်ပလားလို့ ပြောလိုက်တယ်။ အဲဒါနဲ့ ယခုဦးတိုးမြင့်တို့တတွေ ဘုန်းတော်ကြီးများသွားပင့်နေကြပြီ။ ယနေ့ညပင် သူ့တိုက်မှာ မေးမြန်းဆွေးနွေးပွဲ

လုပ်ရန်စီစဉ်ထားကြောင်း၊ ခင်ဗျားတို့ အကြောင်းတော့ သိပြီး သားမို့ ကျုပ်သဘောနဲ့ ကျုပ်လုပ်လိုက်တယ်-ဟုပြောပြလေ၏။

ဦးမြဆိုင်က ကျုပ်တို့ကလဲ ဒီလိုဆိုလျှင် ကြိုက်ပါတယ်။ ယခု လို မျက်နှာစုံညီရေရေလယ်လယ် ဖြေရှင်းရန်ဆိုလျှင် ကျွန်ုပ်တို့က အမြဲကျေနပ်စွာလက်ခံလိုသူများဖြစ်ကြပါတယ်။ ဒါဖြင့်ရင်ဦးတင် တို့သာလုံခြုံရေးအတွက် တာဝန်ယူစေလိုပါတယ်။ ဘာပြုလို့လဲ ဆိုတော့ တရားဆွေးနွေးတာဟာ ပဋိပက္ခဖြစ်ရင်မကောင်းဘူး။ လုံခြုံရေးအတွက် အရေးကြီးပါတယ်-ဟုပြောပြီး ဦးမြဆိုင်ကဘဲ ဒါဖြင့်ရင် ဆွေးနွေးပွဲဘယ်အချိန်စကြမလဲ ဦးတင်-ဟု မေးလေရာ ဒီနေ့ညခပ်စောစောဘဲ စကြတာပေါ့။ သူတို့ ဘုန်းကြီးတွေ သွား ပင့်ကြပါပြီ။ မကြာပါဘူး။ တော်တော်ကြာ ရောက်လာကြမှာ ပါဘဲ။ သူတို့ဘက်က တကယ်မေးမြန်းမဲ့ ဘုန်းကြီး ၄-၅-ပါးနဲ့ လူပုဂ္ဂိုလ် ၁၀-ယောက် ၁၅-ယောက်လောက်ဘဲလာကြဘို့ ကျွန် တော်မှာလိုက်ပါတယ်-ဟု ဦးတင်ကပြောပြပါသည်။

ကျွန်ုပ်တို့ မူလ ရေနံချောင်းသို့ လာရင်းက အပြင်အဖွဲ့ အစည်းများနှင့် ဆွေးနွေးခြင်း၊ ဟောပြောခြင်း မရည်ရွယ်ခဲ့ကြ ပေ။ သို့ရာတွင် ယခုကား ဟောပြောပွဲမဟုတ် ဆွေးနွေးမေးမြန်း ပွဲသက်သက်ဖြစ်၍ နေချေပြီ။

## မမေးတမ်း အဖြေသက်သက်

အချိန်ကလည်း အနည်းငယ်စောနေသေးသဖြင့် ဦးမြဆိုင်က ကျွန်ုပ်တို့အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ဦးစိန်၊ ဦးကိုကိုလေး၊ ဦးဘမောင်၊ တောင်တွင်းမှဦးထွန်းဇံ၊ ၎င်းနောက် တောင်တွင်း အဖွဲ့ဝင် အချို့တို့ကို ခေါင်းဆောင်ပြီး ဦးအုံးအိမ်သို့ သွားပြီး

အချင်းချင်းတိုင်ပင်နှီးနှောရန် ခေါ်ဆောင်သွားပါသည်။ ဦးမြဆိုင်ကဘဲ စ၍ ဦးတင်၏စကားအရ ဤဆွေးနွေးပွဲ၌ ကျွန်ုပ်တို့က အမေးပြဿနာဘက်လှည့်လျှင် ဦးတင်နှင့်ရေနံချောင်းဘုန်းကြီးများရန်ဖြစ်ရန်သေချာနေသည်။ ထို့ကြောင့် ဦးစိန်ကအဘိဓမ္မာရေးရာ၌ တာဝန်ယူဖြေကြားရန် ဦးကိုကိုလေးက သမ္မာဒိဋ္ဌိသုတေသနဖွဲ့စည်းရေးနှင့် ဝါဒရေးရာကို တာဝန်ယူဖြေကြားရန်၊ ဘာသာရေးရာကို ဦးမြဆိုင်ကတာဝန်ယူဖြေဆိုရန်၊ တောင်တွင်းအဖွဲ့ခေါင်းဆောင်ဦးထွန်းဇံနှင့် ဒေးဒရဲအဖွဲ့ခေါင်းဆောင်ဦးဘမောင်တို့က ကျွန်ုပ်တို့လိုနေတာရှိလျှင် ဝင်ရောက်ဖြေဆိုကြရန်၊ ဦးမြဆိုင်က အစီအစဉ်ပြုလုပ်၏။ ကျွန်ုပ်တို့တာဝန်မှာ မေးသမျှ ဖြေဆိုရန်ဖြစ်ပြီး ပြန်လှန်မေးမြန်းခြင်းမပြုကြစေရန် သဘောတူ ဆုံးဖြတ်ကြလေသည်။ဤနေရာ၌ ကျွန်ုပ်ကဆက်၍ ကျွန်တော်တို့ဟာတဘက်သောပုဂ္ဂိုလ်များက ဒေါသနှင့်မေးသည်ဖြစ်စေ၊ ကြိမ်းမောင်းပြောဆိုသည်ဖြစ်စေ၊ ရှုံ့ချပုတ်ခတ်၍ ပြောသည်ဖြစ်စေ၊ နောက်ဆုံး ကုန်အောင်ပြောမယ်။ ကျွန်တော်တို့ကို ဆဲဆဲရိုက်ရိုက် ခေါင်းငုံ့ပြီးခံ၍ မိမိတို့ သုတေသနရှာဖွေ၍ ရရှိသောတရားများကို ပွင့်ပွင့်လင်းလင်း တင်ပြရမည်ဟု ကျွန်ုပ်ကတင်ပြရာ အားလုံးကပင် သဘောတူကြပါတယ်–ဟု ဆိုကြ၏။

ထို့ကြောင့် ထိုနေ့ပွဲတွင် အဖြေသက်သက်၌သာ ကျွန်ုပ်တို့ရပ်တည်ရန်ဖြစ်သည်။ အမေးဘက်သို့လှည့်လျှင် တိုက်စစ်ဘက်သို့ ဦးတည်သွားမည်ကို ထိန်းသိမ်းလို၍ ယခုအဖြေသက်သက် ခံစစ်ဘက်ကနေမှသာ၊ထိုနေ့ညဆွေးနွေးပွဲအတွက်စေတနာကောင်းဖြင့် ကန့်သတ်လိုက်ခြင်းဖြစ်ကြပေသည်။ (၇)နာရီထိုးရန်(၁၀)မိနစ်ခန့်အလိုတွင် ဦးတင်တိုက်၌လူစုံပြီဖြစ်ကြောင်း လူငယ်တယောက်လာ၍အကြောင်းကြားလေသည်။

ကျွန်ုပ်တို့သည် လိုက်ပါ၍ ဦးတင်တိုက်ထဲသို့ရောက်သောအခါ (၇)နာရီထိုးရန် (၅)မိနစ်သာလိုတော့၏။ စုစုပေါင်း ရဟန်းရော လူပရိတ်သတ်ပါ(၁၀၀)ကျော်ခန့်လောက် ရှိပေလိမ့်မည်။ ရဟန်းတော်များသည် အရှေ့ဘက်တွင် ထိုင်ခုံအစီအရီနှင့် ထိုင်လျက်ရှိသည်။ အနီး၌ အဆင်သင့် ရှိနေနှင့်သော ကုတင်ပေါ်၌လည်း ရဟန်းတော်(၄)ပါးမျှ ထိုင်လျက်ရှိ၏။ အားလုံးသော ရဟန်းတော်များသည် ကိုယ်စီကိုယ်င တောင်တွင်းဆရာတော်သျှင်ဥက္ကဋ္ဌ ရေးသား ထုတ်ဝေထားသော စာအုပ်များကိုကိုင်လျက် စာကို ကြည့်၍နေကြလေသည်။ ရဟန်းတော်များ၏ရှေ့၌ စားပွဲနှစ်လုံး ဆက်၍ ခင်းတားသည်။ ထိုအပေါ်၌ဆေးလိပ်နှင့်ပြာခံခွက်များ ရှိသည်။

ရဟန်းတော်များ၏ရှေ့တည့်တည့်၌ အရှေ့အနောက် တန်း၍ လက်ဝဲလက်ျာဘက်တို့၌ လက်တင်ထိုင်ခုံများအစီအရီ ချထားလျက်ရှိ၏။ ထိုနှစ်တန်း၏အကြား၌ သင်ဖျာများပေါ်တွင် လူပရိသတ်များထိုင်လျက်ရှိ၏။ ၎င်းပရိသတ်များထဲ၌ တောင်တွင်းအဖွဲ့ဝင်တို့ အတော်များများထိုင်နေကြလေသည်။ ရေနံချောင်းမှ စောဒကတက်လိုသူ လူပုဂ္ဂိုလ်တို့လည်း (၁၅-၂၀) ယောက်ထက် မနည်းရောက်နေကြ၏။

အခန်း၏အနောက်ဘက်တခြမ်းမှာ တောင်တွင်းအဖွဲ့ဝင်တို့နှင့် ပြည့်လျက်ရှိ၏။ ရဟန်းတော်များရှေ့တည့်တည့် သင်ဖျာပေါ်၌ အမျိုးသမီးကြီးရော အမျိုးသမီးငယ် (၄-၅)ဦးမှအပ အားလုံး အမျိုးသားတွေမျှသာဖြစ်ကြကုန်သည်။ ကျွန်ုပ်တို့ ဦးတင်တိုက်သို့ ဝင်သည့်အခါတပါတည်းရောပါလါသောရေနံချောင်းမှလူငယ်များ သည် မြောက်ဘက်တိုက်နံရံအနီးရှိခုံများပေါ်၌သွား၍နေရာယူကြ လေသည်။ ရေနံချောင်းသမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်တို့ ဖြစ်ကြ၏။

အခန်းတခုလုံး ခါတ်မီးချောင်းများမြိုင်မြိုင်ကြီး ထွန်းညှိထားရာ၊ အခန်းကြီးမှာ ထိန်ထိန်လင်းလျက်ရှိလေသည်။

ရဟန်းတော်တို့နှင့် အနီးကပ်လျက် မြောက်ဘက်ထိုင်ခုံတန်း အရှေ့ဘက်ဆုံး၌ ဦးစိန်ကနေရာယူလိုက်၏။ ကျွန်ုပ်နှင့် တဆက်တည်း ဦးကိုကိုလေး၊ဦးဘမောင်၊ဦးထွန်းဇံ၊ ၎င်းနောက် တောင်တွင်းအဖွဲ့ခေါင်းဆောင်အချို့တို့ နေရာယူကြသည်။

ကျွန်ုပ်တို့အားလုံး နေရာအတည်တကျယူကြပြီးသည့် အချိန်၌ ဦးတင်သည် တိုက်ရှိသံတံခါးအားလုံးကို အလုံပိတ်ခိုင်းလိုက်လေတော့သည်။ သံတံခါးအပြင်၌ လူအတော်များများ ရှိနေကြလေသည်။ သို့သော် အတွင်း၌နေရာပေးစရာမရှိတော့ပေ။ သံတံခါးတို့အကြားမှသာ အတွင်းသို့ လှမ်းကြည့်နေပြီး နားထောင်နေကြ၏။

ဦးစိန်ထိုင်နေသောနေရာနှင့်ရဟန်းတော်တို့အကြားရှိနေရာသို့ ဦးတိုးမြင့်ရောက်လာပြီး မတ်တတ်ရပ်လျက်ရှိ၏ ။ဦးတိုးမြင့်မှာ အသက်(၄၀)ကျော်မျှသာရှိပေဦးမည်။ အရပ်ပုပြတ်ပြတ်၊ကတုံးဆံထောက်၊အပေါ်အင်္ကျီအဖြူ၊ တိုက်ပုံ၊ချည်လုံချည်အဝါနုအကွက်နှင့် ဖြစ်၏။ မျက်နှာခပ်ဝိုင်းဝိုင်း၊ အသားလပ်လပ် ဖြစ်သည်။ တောင်ဘက်၌ ဦးမြဆိုင်နှင့်ရဟန်းတော်တို့အကြားရှိနေရာ၌ ဘေးတိုက်ခုံတခုပေါ်တွင် ဦးအေးဆိုသူထိုင်လျက်ရှိသည်။

ဦးအေး၏ပုံစံကား ဦးတိုးမြင့်နှင့်ပြောင်းပြန်ဖြစ်သည်။ အရပ်ပိန်ရှည်ရှည်၊ မျက်နှာသေးသွယ်သွယ်၊ အသားညိုညို၊ ကွတ်အင်္ကျီဝတ်လျက် သိုးမွေးဦးထုပ်ဆောင်းထား၏။ အသက်မှာ ဦးတိုးမြင့်ထက် ကြီးသယောင်ထင်မှတ်ရ၏။ ငယ်စဉ်က သျှင်ဥက္ကဋ္ဌ၏ တောင်တွင်းကြီးနေရှင်နယ်ကျောင်းမှာနေခဲ့ဘူးသည်ဟုဆွေးနွေးပြီးမှသိရသည်။

ဦးကြာဆိုသူမှာ အသက်(၆၀)ကျော်ခန့် ရှိမည်ထင်ရ၏။ ၎င်းမှာ ရဟန်းတော်များ၏ရှေ့တည့်တည့်နေရာရှိ သင်ဖျာပေါ်၌ လူအများနှင့် စုဝေးထိုင်လျက်ရှိသည်။ အသားလပ်လပ်ပင်ရှိ၏။ ရဟန်းလူထွက်ဖြစ်လေသည်။ အားလုံးစုံညီကြချိန်တွင် ရဟန်းတော်တို့က ကိုင်း ဒကာကြီးတို့ လူစုံညီကြပလား-ဟု မေးကြလေသည်။ စုံညီပါပြီ-ဟု အဖြေပေးကြ၏။ ထိုအခါ ဦးတိုးမြင့်ကစ၍ ရဟန်းတော်များကိုဝတ်ပြုလိုက်ပြီး ပြန်၍မတ်တတ်ရပ်ကာ ကိုင်း အားလုံးပရိသတ်ဟာဒီလောက်ပါဘဲ။ ကျွန်တော်တို့သိလိုရာများကို ယခုရောက်နေကြတဲ့သမ္မာဒိဋ္ဌိသုတေသနဆိုတဲ့ ဒီအဖွဲ့ဝင်များကိုမေးမြန်းဆွေးနွေးလိုပါတယ်။

ဟောဒီအပေါ်က ရဟန်းတော်များကတော့ ဤသို့ ပြောပြီး ရဟန်းတော်များ၏ ဘွဲ့အမည်–စသည်များကို ပြောပြ၍ဆက်သွယ်ပေးသည်။ ရဟန်းတော်များမှာ တပါးနှစ်ပါးမှလွဲ၍ အသက်(၃၀)ကျော်မျှသာ ရှိကြပေလိမ့်ဦးမည်။ အားလုံးစာတတ်ပုဂ္ဂိုလ်များဖြစ်ကြ၏။ ရေနံချောင်း၌ ထိပ်သီးများဖြစ်သည်ဟု ဦးတင်စောစောကပြောပြချက်အရ ကျွန်ုပ်တို့ သိထားနှင့်ပေသည်။

## စိတ်ထိခိုက်လို့

ဤတွင် ဦးတိုးမြင့်ကဆက်၍ အခု ကျွန်တော်တို့သိချင်တာက ဒီသမ္မာဒိဋ္ဌိသုတေသနဆိုတဲ့အဖွဲ့ဟာ တပြည်လုံးလိုက်ပြီး အပန်းတကြီးဆွေးနွေးဟောပြောနေတာ ဒီလို ဆွေးနွေးဟောပြောတာမှာလဲ ဘုရား၊တရား၊သံဃာတော်တို့ကိုပါ နင့်နင့်သီးသီးပြောဆိုဟောပြောတာတွေပေါ့လေ၊ ကျွန်တော်တို့ ကြားရသလောက် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များမှာ အလွန် စိတ်ထိခိုက်နေကြပါတယ်။

ဒီတော့ ဒီသမ္မာဒိဋ္ဌိ သုတေသနဆိုတာ ဘာပြုလို့ ဖွဲ့ကြပါသလဲ။ ဘယ်လိုကြောင့် ဒီသမ္မာဒိဋ္ဌိကို အရေးတကြီး လိုက်ပြီး ဟောပြောနေကြသလဲ။ ဒီဗုဒ္ဓဘာသာမှာ တရားစစ်မှန် မရှိတော့လို့ဘဲလား။ ဒီသမ္မာဒိဋ္ဌိသုတေသနအဖွဲ့က ဆွေးနွေးသောတရား၊ ဟောပြောသောတရားမှ မှန်တော့သလိုလိုယူပြီး ပြောနေကြတာက ဘာကြောင့်ပါလဲဆိုတာ ကျွန်တော်နှင့်တကွ ရဟန်းတော်များကပါသိချင်ပါတယ်။

ဦးစိန်။ ။ယခု ဦးတိုးမြင့်အဆိုပြုသွားချက်မှာပဥ္စမအချက်က ဒီသမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဟာ တပြည်လုံး လိုက်ပြီး အပမ်းတကြီး ဆွေးနွေးဟောပြောကြတာဘာအကြောင်းကြောင့်ပါလဲ။ ဒီလို အဆိုပြုသွားတယ်မဟုတ်လား။

ဦးတိုးမြင့်။ ။ဟုတ်ပါတယ်။

ဦးစိန်။ ။ကျွန်တော်တို့သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဟာဦးတိုးမြင့်ပြောသလို တပြည်လုံးတော့ မဟောပြော- မဆွေးနွေးရသေးပါ။ ကျွန်တော်တို့အဖွဲ့ဝင်တို့ဟာ ဗုဒ္ဓရှင် ဟောကြားတော်မူခဲ့တဲ့အမှန်တရားကို သုတေသနပြုဆဲဖြစ်ပါတယ်။ စစ်မှန်တဲ့တရားကိုရရှိသေးတာကတော့ ဆိုကြပါစို့ဗျာ။ ကလလရေကြည် တည်ကာစရှိပါသေးတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ သုတေသနပြုလို့ရရှိထားတဲ့ တရားများကို ကျွန်တော်တို့ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ခွဲများရှိတဲ့ မြို့ရွာဒေသများကိုဘဲ သွားရောက်ပြီး တင်ပြဆွေးနွေးဟောပြောကြပါတယ်။

ဒုတိယအဆိုကတော့ ခုလို ဟောပြော ဆွေးနွေးကြတဲ့အခါမှာ ဘုရား–တရား–သံဃာများကို နှင့်နှင့်သီးသီး ပြောဟော ဆွေးနွေးကြတယ်ဆိုတာဟာ ဦးတိုးမြင့်တို့ကြားရသလောက် ဦးတိုး

မြင့်တို့ ဗုဒ္ဓဘာသာဝင်များစိတ်မှာ အလွန်ထိခိုက်ပါတယ်– ဒီလို ဆိုသွားတယ်မဟုတ်လား။

ဦးတိုးမြင့်။ ။ဟုတ်ပါတယ်။

ဦးစိန်။ ။ဒီလိုဆိုရင် ကျွန်တော်တို့သမ္မာဒိဋ္ဌိသုတေသနအဖွဲ့မှ ပုဂ္ဂိုလ်တွေက ဘုရား၊ တရား၊ သံဃာတွေကို နှင့်နှင့်သီးသီးဟောပြောဆွေးနွေးကြတာကို ဦးတိုးမြင့်ကိုယ်တိုင် နာကြားဘူးပါသလား။ သို့မဟုတ် ကျွန်တော်တို့နှင့် ဆွေးနွေးဘူးပါသလား။ သို့မဟုတ် ဦးတိုးမြင့်လို သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ကို မုန်းတီးနေသောပုဂ္ဂိုလ်များကတဆင့် ပြောသံကြားလို့လား။

ဦးတိုးမြင့်။ ။ဆရာတို့ဟောပြောတာကိုတော့ ကျွန်တော်ကိုယ်တိုင်မနာကြားဘူးပါ။ မဆွေးနွေးဘူးပါ။ တဆင့်ပြောသံကြားလို့မေးခြင်းပါ။

ဦးစိန်။ ။ကျွန်တော်တို့ကို မလိုမုန်းထားနှင့် တဆင့်ပြောတာကို ဦးတိုးမြင့်က မှန်တယ်လို့ယူထားပါသလား။

ဦးတိုးမြင့်။ ။ကျွန်တော် ကြားထားရသည့်အတိုင်း ဟုတ်သည်၊ မဟုတ်သည်ဆိုတာ သိလိုလို့မေးတာပါ။

ဦးစိန်။ ။ကျွန်တော်တို့ အဖွဲ့ဝင်တွေဟာ ဗုဒ္ဓဝါဒီတွေဖြစ်ကြပါတယ်။ ဘုရား၊ တရား၊ သံဃာ၊ အသဲခိုက်ကြည်ညိုကြပါတယ်။ နှင့်နှင့်သီးသီးပြောဆိုရန် အလွန်ဘဲဝန်လေးပါတယ်။

ဦးတိုးမြင့်။ ။ဟုတ်ကဲ့၊ ယခုလိုမျက်နှာစုံညီဆွေးနွေးရတာကြားရတော့အလွန်ဘဲဝမ်းသာပါတယ်။

ဦးစိန်။ ။တတိယ အချက်ကတော့ ဗုဒ္ဓဘာသာမှာ စစ်မှန်သောတရားမရှိလို့ ဒီသမ္မာဒိဋ္ဌိသုတေသနအဖွဲ့က ဟောပြောတာမှ မှန်သည်လို့ယူရမလား။ ဒီလိုမဟုတ်လား။

ဦးတိုးမြင့်။ ။ဟုတ်ပါတယ်။

ဦးစိန်။ ။ကျွန်တော်တို့လဲဗုဒ္ဓဝါဒီတွေပါ။ရှင်တော်ဗုဒ္ဓဟော ကြားတော်မူခဲ့သော တရားစစ်တရားမှန်ကို အမှန်သိအမှန်ကျင့် ချင်ကြလို့ သမ္မာဒိဋ္ဌိသုတေသန-ဆိုတဲ့အမည်တတ်ပြီး သုတေသီ လူသားတွေစုပေါင်းပြီး ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ပါတယ်။တခြား သောအဖွဲ့အစည်း ပုဂ္ဂိုလ်များကို ကဲ့ရဲ့ရှုတ်ချခြင်း၊ ပုတ်ခတ်ခြင်း၊ အကျိုးယုတ်စေခြင်းတို့ကို ကျွန်တော်တို့မသုံးနှုံးကြပါ။အများဆုံး ရှောင်ကြပါတယ်။

ဦးတိုးမြင့်။ ။ဒါဖြင့်ရင် ဆရာတို့ သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ ဘာပြုလို့အရေးတကြီးဖွဲ့ပါသလဲ။

ဦးစိန်။ ။အရေးတကြီးတော့ မဟုတ်ပါဘူး။ ဒေါးအေး ဆေးဆေးဘဲဖွဲ့တာပါဘဲ။

ဦးတိုးမြင့်။ ။ဒါဖြင့်ရင် ဒီအဖွဲ့ကိုဘာပြုလို့ဖွဲ့တာလဲ။

ဦးစိန်။ ။ဆင်းရဲချုပ်ငြိမ်းရေးအတွက်ဖွဲ့ပါတယ်။

ဦးတိုးမြင့်။ ။ဩ-ဆင်းရဲငြိမ်းချင်လို့၊ ဒါဖြင့်ရင်ဘယ်ဆင်း ရဲငြိမ်းချင်လို့လဲ။

ဦးစိန်။ ။ယခုမျက်မြင်ဆင်းရဲငြိမ်းရန်ဖြစ်ပါတယ်။

ဦးတိုးမြင့်။ ။ကောင်းပါပြီ။ ဆင်းရဲငြိမ်းရန်ဆိုရင် ဘယ် တရားနဲ့ဆင်းရဲငြိမ်းရန်ရှာပါသလဲ။

ဦးစိန်။ ။ဓမ္မစကြာတရားနဲ့ ဆင်းရဲငြိမ်းရန်ရှာပါတယ်။

ဦးတိုးမြင့်။ ။ဟုတ်ကဲ့၊ ဒီဓမ္မစကြာတရားကတော့ ဘုရား ဟောပါတယ်။ ဒီဓမ္မစကြာနဲ့ဘယ်လိုရှာပါသလဲ။

ဦးစိန်။ ။ဟုတ်ကဲ့၊ ဓမ္မစကြာမှာပါတဲ့ မဂ္ဂရှစ်ပါးနှင့် ပဌမ အဆင့် အမြင်မှန်မှုနှင့် အမြင်မှား နှစ်မျိုးကိုခွဲခြားသိရန် မဂ္ဂင်ရှစ် ပါးနဲ့ရှာရပါတယ်။

ဦးတိုးမြင့်။ ။ကောင်းပါပြီ။ မဂ္ဂင်ရှစ်ပါးဆိုတာ ကျွန်တော် လက်ခံပါတယ်။ ဒါပေသည့် အယူမှားသည် အယူမှန်သည်ဆိုတာ ဘယ်အတိုင်းအတာနှင့်သိပါသလဲ။

ဦးစိန်။ ။အမြင်မှန် သမ္မာဒိဋ္ဌိရရှိသောပုဂ္ဂိုလ်သည် မှားလျှင် မှားသည်၊ မှန်လျှင်မှန်သည်ဟု ဆုံးဖြတ်နိုင်ပါတယ်။

ဦးတိုးမြင့်။ ။ကောင်းပါပြီ။ သမ္မာဒိဋ္ဌိကိုရအောင် ဘယ်အတိုင်းအတာနှင့် တိုင်းပြီးရှာပါသလဲ။ ဥပမာ–ဟောဒီမှာဆိုပြီး အနီးအနားဌ်ရှိသော စာပွဲကလေးကို လက်နှင့် ထောက်လိုက်၍ ဒီစာပွဲဆိုပါတော့ စာပွဲရဲ့ အတိုင်းအတာကိုသိချင်ရင် မျက်စိနဲ့ ကြည့်ရုံနဲ့ သိမလား။ ပေတန်နှင့်တိုင်းရမည်မဟုတ်လား။ ဒါမှဒီစာပွဲဟာ ကြီးတယ်မြင့်တယ်ဆိုတာ၊ ၎င်းနောက်ဘယ်နှစ်ပေမြင့်တယ်၊ ဘယ်နှစ်လက်မကျယ်တယ်၊ ဒီလိုသိရမယ်မဟုတ်ပါလား။ အခုဆရာတို့က ဘယ်လိုပေတံမျိုးရှိလို သမ္မာဒိဋ္ဌိကိုတိုင်းကြသလဲ။ အယူမှန်လို့ဆိုကြပါသလဲ။

ဦးစိန်ကပြန်၍ဖြေမည်အပြုတွင်–

ဦးတိုးမြင့်က နေပါအုံးဆရာဟုတားလိုက်၏။

ဦးစိန်က ဟုတ်ကဲ့၊ ပြောပါ၊ ပြောပါ၊ ဆုံးအောင်ပြောပါ၊ ကျွန်တော်တို့ဖြေပါ့မယ်။

ဦးတိုးမြင့်က ကျွန်တော်ဆက်ပြောပါအုံးမယ်။ ကျွန်တော်တို့ ဒီလူလောကမှာ ဘာသာတွေအမျိုးမျိုးရှိကြပါတယ်။ ဘယ်ဘာသာဘဲဖြစ်ဖြစ်၊ ကိုယ်ကိုးကွယ်ယုံကြည်တဲ့ ဘာသာကိုထိရင်၊ ပုတ်ခတ်ရင် စိတ်ထိခိုက်ကြမှာချည်းဘဲ။ အခုတော့ ဒီသမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဟာ ဗုဒ္ဓဘာသာကို ပုတ်ခတ်ရုံမကဘူး အားလုံး ဘာသာတွေကိုပါလိုက်ပြီးပုတ်ခတ်နေတော့–

ဦးမြတ်ဆိုင်က – ဦးတိုးမြင့်ခင်ဗျား၊ ဒီလို ပြောဆိုတာတော့ မသင့်ဘူးလို့ထင်ပါတယ်။မပြောပါနှင့်။ ဘယ်ဘာသာကို ကျုပ်တို့ကပုတ်ခတ်လို့လဲ။ ဘယ်နေရာမှာ ပုတ်ခတ်ပြောသလဲ။ ခင်ဗျား သေသေချာချာပြောပါ။

ဦးတိုးမြင့်က ပုတ်ခတ်ပါတယ်အများကြီး။

ဤနေရာ၌ ရဟန်းတော်များကဝင်၍ ပြောဆိုကြရာ အတော်ပင် စကားများ ရှုပ်ထွေးသွား၏။ ဦးမြဆိုင်အနီးမှ ဦးအေးဆိုသူကား– ကြွက်ကြွက်ညံအောင် ကက်ကက်လန်၍ နေပေသည်။ ဦးအေး၏စကားလုံးမှာ ဘယ့်နှယ်ဗျာ ဒီသမ္မာဒိဋ္ဌိသုတေသနက လူတွေဟာ ဘုရားလဲဘုရားမဟုတ်သလို၊ တရားလဲတရားမဟုတ်သလို၊ သံဃာတော်တွေဆိုတာလဲ ရစရာမရှိအောင် ပြောနေကြတာ စသောစကားတွေကိုပြောဆို၍နေသည်။

ဤတွင် ဦးစိန်က ဘယ်ဘုရားလဲ၊ ဘယ်တရားလဲ၊ ကျွန်တော်တို့က ခင်ဗျားပြောသလို ဆိုနေတယ်ဆိုတာ၊ ဘယ်နေရာ ဘယ်အရပ်မှာပြောတာ၊ ခင်ဗျားကိုယ်တိုင်ကြားဘူးတာ ပြောပြစေလိုပါတယ်ဟု ပြန်၍မေးလေသည်။ ရဟန်းတော်များက ဦးအေးကို တားမြစ်ပေးကြရ၏။

ဦးတိုးမြင့်ကဆက်၍ပြောပြန်သည်။ ကဲဒါဖြင့် ဒီနေ့ည ခုနက ပြောခဲ့တာတွေရော၊ ဆရာတို့ခံယူထားတဲ့တရားရော၊ ဆွေးနွေးမေးမြန်းချင်တာနဲ့ အရေးတကြီး ဒီကသံဃာတော်များရော၊ လူတွေရော၊ အရေးတကြီးလိုက်ပြီး ပြောဆိုပင့်ဖိတ်၍ ယခုလိုမေးရပါတယ်။

ဦးစိန်ကမေးနိုင်ပါတယ်။ ကျွန်တော်တို့လဲ ဖြေကြမှာပါဘဲ။ ယခုလိုမေးမြန်းဆွေးနွေးကြတဲ့အခါမှာ စိတ်ရှည်ရှည်နဲ့မေးကြပါ။

ကျွန်တော်တို့ကလဲ စိတ်ရှည်ရှည်နဲ့ ဖြေကြားပါ့မယ်။ ဤနေရာ၌ ရဟန်းတော်တပါးကမေးစရာရှိလျှင် ကျုပ်တို့က တညလုံးမေးရမှာဘဲ၊ မိုးလင်းချင်လင်းသွားပါစေ။ ဦးစိန်က မှန်ပါ့။ အရှင်ဘုရားတို့က တညလုံးမေးရင် တပည့်တော်တို့ကလဲ တညလုံးဘဲ ဖြေရမှာပါဘုရား။

ဤတွင် ဦးတင်က အရှင်ဘုရားတို့မေးစရာရှိလို့ မိုးလင်းအောင်မေးရင်၊ အရှင်ဘုရားတို့ မနက်ဆွမ်းမခံပါနဲ့၊ တပည့်တော်ကဆွမ်းကပ်ပါမယ်။ အေးအေးဆေးဆေးသာမေးပါဘုရား။

ဦးတိုးမြင့်ကဆက်၍ အခု ကျွန်တော်တို့သိချင်တာက သမ္မာဒိဋ္ဌိသုတေသနအဖွဲ့က လက်ခံတဲ့အယူဝါဒနဲ့ ဒီအဖွဲ့ဘာ့ကြောင့်တိုင်းပြည်ကိုလိုက်ပြီး လှုံ့ဆော်ဖွဲ့စည်းနေသလဲဆိုတာ သိချင်တာပါဘဲ။ ဒီလိုသိချင်နေတာနဲ့ အပူတပြင်း ရဟန်းတော်များကိုရော၊ လူတွေကိုပါလိုက်လံပင့်ဘိတ်ပြီး အခုလို မေးမြန်းဆွေးနွေးရပါတယ်။

ဒီကိစ္စကဒီလိုပါ။

ဤနေရာတွင် ဦးကိုကိုလေးကထ၍ ကျွန်တော်တို့ ယခုလိုရေနံချောင်းကို ရောက်လာရခြင်းကတော့ ယင်းကဲ့သို့ တဘက်ပုဂ္ဂိုလ်များနဲ့ ယခုလို တွေ့ဆုံ ဆွေးနွေး ပြောဆိုရလိမ့်မယ်-လို့ မမြှော်လင့်ခဲ့ပါဘူး။ ယခုလို ရေနံချောင်းရောက်မှ ကျွန်တော်တို့အဖွဲ့ဝင်ဖြစ်တဲ့ ဦးတင်ကရုတ်တရက် စီစဉ်လိုက်တဲ့အတွက် ယခုကြွရောက်တော်မူကြတဲ့ ရဟန်းတော်များနှင့် ဦးတိုးမြင့်၊ဦးကြာ၊ ဦးအေးတို့-စတဲ့ အပေါင်းပါ ပုဂ္ဂိုလ်များနှင့် တွေ့တွေ့ဆိုင်ဆိုင် တွေ့ဆုံရခြင်းဖြစ်ပါတယ်။

ပဌမက ကျွန်တော်တို့ ရောက်လာခြင်းမှာ ရေနံချောင်းက သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ဝင်များနဲ့ မိတ်ဆက်တွေ့ဆုံရေး အတွက်

ဘိတ်ခေါ်ချက်အရ ကျွန်တော်တို့လာရောက်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အဖွဲ့ဝင်အချင်းချင်းအတွင်း ဆွေးနွေး တိုင်ပင်ပြီး ရေနံချောင်းကို အလယ်သဘောမျှ လာရောက်ခြင်း ဖြစ်ကြပါတယ်။

ယခု ကျွန်တော်တို့မမြော်လင့်ဘဲ ရဟန်းတော်များနှင့် ဦးတိုးမြင့်၊ဦးကြာ၊ဦးအေးတို့နှင့်တကွ အပေါင်းပါ မိတ်ဆွေများတို့နှင့် ဆွေးနွေးမေးမြန်းဖြေဆိုပွဲ ဖြစ်မြောက်ရန် စီစဉ်ဆောင်ရွက် ပေးတဲ့ ဦးတင်ကိုလည်းအဖွဲ့ချုပ်၏ ကိုယ်စားကျွန်တော်က ကျေးဇူးတင်ပါတယ်။ ဤကဲ့သို့ တွေ့ဆုံမေးမြန်းဖြေကြားရသဖြင့်ရဟန်းတော်များနှင့်တကွ အပေါင်းပါ လူထုပရိသတ်ကိုပါ သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ချုပ်၏ကိုယ်စား ကျွန်တော်တို့ကလေးနက်စွာ ဝမ်းမြောက်ကြိုဆိုပါတယ်။

ယခု ရောက်လာကြတဲ့ သမ္မာဒိဋ္ဌိ သုတေသန အဖွဲ့ချုပ်က သဘာပတိအဖွဲ့ဝင်ငါးဦးသာဖြစ်ပြီး ကျန်လူများမှာ တောင်တွင်းကြီးသမ္မာဒိဋ္ဌိသုတေသနအဖွဲ့ကသာ ဖြစ်ကြပါတယ်။ အဘိဓမ္မာရေးရာနဲ့ပတ်သက်လျှင် အဘိဓမ္မာပညာပေးတာဝန်ခံဆရာစိန်က တာဝန်ယူဖြေကြားပါလိမ့်မယ်။ အဖွဲ့၏ စည်းမျဉ်းရေးရာ ဝါဒသဘောတရားနှင့်ပတ်သက်လျှင် ကျွန်တော်က ဖြေကြားပါမယ်။ ဘာသာရေးဆိုင်ရာသမိုင်းနှင့်ပတ်သက်လျှင် ဦးမြဆိုင်ကဖြေကြားပါလိမ့်မယ်။ ဒေးဒရဲမှကြုံရှိဗဟုသုတအဖြစ်လိုက်ပါလာတဲ့ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်ပုဂ္ဂိုလ်ကြီးတဦးဖြစ်သူဦးဘမောင်လဲပါလာပါတယ်။

အဖွဲ့ရေးရာဖွဲ့စည်းပုံနဲ့ ဝါဒရေးရာသဘောထားကိုကျွန်တော် ပြောရမယ်ဆိုလျှင် ကျွန်တော်တို့ဟာသမ္မာဒိဋ္ဌိသုတေသနအဖွဲ့ကို

ဘာ့ကြောင့်ဖွဲ့ရသလဲ-- ဆိုတာဖြစ်ပါတယ်-ဟု အစချီပြီး ကျွန်တော်တို့သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ကို ဖွဲ့ရခြင်းဟာ ဗုဒ္ဓရှင် ဟောကြားတော်မူခဲ့တဲ့ စစ်မှန်သောဓမ္မကို အမှန်သိရန် ရှာဖွေခြင်းတို့သည် မှန်ကန်သောဓမ္မကိုကျင့်ခြင်း၊ ယင်းသည့်ဓမ္မကို ကျင့်ရခြင်းသည် ယခုမျက်မြင်လောက၌ ဆင်းရဲအစားစားမှ ချုပ်ငြိမ်းရေးအတွက် သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ကိုဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ဗုဒ္ဓရှင် ဟောကြားတော်မူတဲ့ တရားစစ် တရားမှန် များကို သုတေသနပြုလုပ်တဲ့နေရာမှာ ယခုလက်ရှိ ပိဋကတ်တော်များကို သုတေသနပြုလုပ်နေရပါတယ်။ ၎င်းပိဋကတ်တော်များဟာ ဗုဒ္ဓဟောချည်းဘဲမဟုတ်ကြောင်း။ အနောက်တိုင်း-အရှေ့တိုင်းတို့မှ စာရေးဆရာ ပညာကျော် ပုဂ္ဂိုလ်ကြီးများဟာ မြန်မာပြည်ရှိ ပိဋကတ်စာပေ အားလုံးတို့ကို ဗုဒ္ဓရှင် ဟောကြားခဲ့တဲ့ တရားစစ်မစစ်ကိုရှာဖွေသုတေသနပြုပြီး အင်္ဂလိပ်လို ရေးသားထုတ်ဝေတဲ့ စာအုပ်များကို ဖတ်ရှုလေ့လာ၍ သုတေသန ပြုလုပ်နေဆဲဖြစ်ပါတယ်။

ယခုလို သုတေသနပြုဆဲအခါမှာပင် ကျွန်တော်တို့ တွေ့ရှိရတဲ့အချက်ကတော့ အိန္ဒိယအနောက်တိုင်း စာရေးဆရာတဦးက ရေးသားထုတ်ဝေထားတာကို တွေ့မြင်ဘတ်ရှုရပါတယ်။ ၎င်းပုဂ္ဂိုလ်ရေးသားထုတ်ဝေထားတဲ့ အချက်ကတော့ ကျွန်တော်တို့မြန်မာပြည်ရှိဗုဒ္ဓဘာသာစာပေတွေဟာ ဟိန္ဒူဗြဟ္မဏဝါဒတွေ ရောထွေးနေတယ်လို့ ဆိုထားတာကို တွေ့ရှိရပါတယ်။

ယခုလိုတွေ့ရှိရတဲ့အခါ ကျွန်တော်တို့ လက်ရှိပိဋကတ်စာပေတွေဟာဗုဒ္ဓရှင်ပရိနိဗ္ဗာန်စံဝင်တော်မူသွားပြီးနောက်ယခုလိုပေထက်အက္ခရာတင်လာသည့် အကြောင်းရင်းကို ပြန်၍သုတေသနပြုလုပ်

ပါတယ်။ သီဟိုဠ်မှစ၍ပေထက် အက္ခရာဖြစ်လာကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာတွေ့ရှိရပါတယ်။

ဤကဲ့သို့ တွေ့ရှိရတဲ့အတွက် လက်ရှိစာပေတွေဟာ အားလုံး ဗုဒ္ဓဟောတာချည်းဘဲ ဟုတ်မှဟုတ်ပါ့မလား–ဆိုပြီး ကျွန်တော့မှာ သံသယဖြစ်၍လာပါတယ်။ဒါနဲ့ ကျွန်တော်ဟာ ဟိန္ဒူ့ဗြဟ္မဏဝါဒကျမ်းတွေကို ရှာဖွေသုတေသနပြုလုပ်၍ လေ့လာဖတ်ရှုပါတယ်။ ဟိန္ဒူ့ ဗြဟ္မဏဝါဒကျမ်းတို့မှာ ပါတဲ့ အယူအဆတွေနှင့် ရောထွေးပြီး ပါရှိနေတဲ့ ယခုလက်ရှိ စာပေတွေထဲမှာ တွေ့ရပါတယ်-ဟု ဤမျှသာ ပြောရသေးသည်။

ဦးတိုးမြင့်နှင့်တကွ ရဟန်းတော်များကပါဘယ်မှာဗြဟ္မဏဝါဒတွေပါလို့လဲ ထောက်ပြပါ။ဒါမခံနိုင်ဘူး။ကျုပ်တို့ကတော့ ဘုရားဟောတာတွေဘဲ-လို့ လက်ခံထားကြတာဘဲ။ ဘယ်ဟာ ဗြဟ္မဏဝါဒတရားလဲဆိုတာ ပြောပြပါ-စသည်ဖြင့် အရှေ့ဘက်ခုံတန်းတွင် ဆူညံ၍သွားတော့၏။

ထို့နောက် ဦးကိုကိုလေးကဆက်လက်၍ ကျွန်တော်တို့မှာ ရှာဖွေလေ့လာပြီးတာနှင့် လေ့လာဆဲဟူ၍ အပိုင်းနှစ်ပိုင်း ရှိပါတယ်။ လေ့လာပြီးတာများကိုပွင့်ပွင့်လင်းလင်းရေရေလည်လည် တင်ပြဖြေဆိုပါမယ်။ လေ့လာဆဲများကိုတော့ လေ့လာဆဲဟုပင် ပွင့်ပွင့်လင်းလင်းဖြေဆိုတင်ပြပါမယ်။ အရှင်ဘုရားတို့ရော ဦးတိုးမြင့်တို့ရော ကျွန်တော်တင်ပြနေတာကိုပင် ဆုံးအောင်တင်ပြပြီး ဆုံးအောင် နားထောင်၍မကျေနပ်တာ မရှင်းလင်းတာပါလာရင် မှတ်သားထားပြီးရင်မေးကြတာပေါ့။ ယခုတော့ ဤကဲ့သို့မဟုတ်ဘဲ ဆူချင်ပွက်ချင်တာကအရင်ဖြစ်နေပါတယ်။ဒီတော့ကာ တပည့်တော်အနေနဲ့ ရှေ့ကိုဆက်ပြီး ပြောရန်မလိုတော့ပါ။ အဘိဓမ္မာ

ဆွေးနွေးပွဲဖြစ်တဲ့အတွက် အဘိဓမ္မာရေးရာ ပညာပေးပုဂ္ဂိုလ်ဆရာစိန်နဲ့ ဆက်လက်ဆွေးနွေးကြပါ-ဟုပြောပြီး ပြန်၍ထိုင်လိုက်လေတော့၏။

ဤတွင် ရဟန်းတော်တပါးက အဘိဓမ္မာဆရာ ဆိုရအောင် အဘိဓမ္မာ(၇)ကျမ်းကို တကျမ်းစီ ရေပြတတ်သလား-ဟု မေးလေသည်။

ဤတွင် ဦးစိန်မှာ ဆေးပေါ့လိပ်လက်ကြားညှပ်ပြီး ပြုံးရယ်၍ အရှင်ဘုရားမေးလိုက်တဲ့အမေးကတော့တပည့်တော်တို့ဗုဒ္ဓဘာသာတွေဟာ အဘိဓမ္မာ(၇)ကျမ်းကို သိတဲ့လူများပါတယ်။ အဘိဓမ္မာ(၇)ကျမ်းက ဓမ္မသင်္ဂဏီ၊ဝိဘင်း၊ဓါတုကထာ၊ပုဂ္ဂလပညတ်၊ကထာဝတ္ထု၊ယမိုက်၊ပဌာန်း၊ ၎င်းတို့ကိုအဘိဓမ္မာ(၇)ကျမ်း ခေါ်ပါတယ်ဟု ဖြေလိုက်ရာ၊ အမေးရဟန်းတော်သည် ဘာမျှမပြောတော့ဘဲ ဦးစိန်ကိုစိုက်ကြည့်နေတော့၏။

ဦးမြဆိုင်က ဒီလိုလုပ်ကြရင်ကောင်းပါလိမ့်မယ်။ယခုအစည်းဝေးပွဲမှာ ကွပ်ကဲထိန်းသိမ်းသူမရှိဘဲ ပြောကြရင် စကားအစဉ်အဆင်မပြေဖြစ်ကုန်ကြပါလိမ့်မယ်။ ဒီတော့ကာ ယခုအစည်းအဝေးပွဲမှာ ခေတ္တယာယီသဘောကွပ်ကဲအုပ်ချုပ်တဲ့အနေနဲ့ ယခုအရှင်ဘုရားတို့ထဲက တပါးပါး သဘာပတိအဖြစ် ရွေးချယ်ပြီး ဒီအစည်းအဝေးပွဲကို ကြပ်မတ်တော် မူစေလိုပါတယ်-ဟု ပြောလိုက်ရာ–

ဤတွင် ရဟန်းတော်များကပင်သဘောတူကြပေသည်။အခုန အဘိဓမ္မာ (၇)ကျမ်းရေပြနိုင်လို့လား–ဟု မေးလိုက်သော ကိုယ်တော်က ကဲ– ကျုပ်ကဘဲ သဘာပတိလုပ်ပါမယ်။ သဘောတူကြရဲ့လား-ဟုမေးလိုက်ရာ၊အားလုံးကသဘောတူကြပါတယ်-ဟုပြော

ဆိုကြ၏။ ကိုင်း- ကျုပ်က သဘာပတိအဖြစ်နဲ့ အခုဆွေးနွေးပွဲကို ထိန်းသိမ်းဘို့တာဝန်ဖြစ်လာပြီ။ ဒီတော့ ကျုပ်ကြပ်မတ်ကွပ်ကဲတဲ့ အတိုင်း အားလုံးကလိုက်နာကြစေလိုတယ်။ ကဲ-ကဲ-ဆက်ပြောနိုင်ပါတယ်။ ဆက်ပြောပါ။

သည်တော့မှ အဘိဓမ္မာရေးရာအဖြာဖြာတို့ကို တာဝန်ယူဖြေကြားရမည့်ဦးစိန်မှာ ပုပုညှက်ညှက်၊ အသားညိုညို၊ ပိန်လှီလှီကလေးဖြစ်လေသည်။ ဒီအထဲတွင် အရေးတကြီးဆွေးနွေးပွဲဖြစ်လာ၍သာ လွယ်အိတ်ထဲမှ အပေါ်အင်္ကျီ၊ပင်နီတိုက်ပုံကို ထုတ်ဝတ်လာရသည်ဖြစ်သောကြောင့် ခေါက်ရိုးတွေအကြောသားနှင့် ရှုံ့ပွပွဖြစ်နေ၏။ ဒီလိုဖြစ်နေသည့်ကြားထဲ ခေါင်းကဆံပင်တွေကလည်း ပွယောင်းယောင်း၊ ထို့နောက်ဆေးပေါ့လိပ်တိုကလေး သောက်လျက် ညှောင်နာနာကလေးထိုင်နေရာ၊ အဖွဲ့ချုပ်၏အဘိဓမ္မာရေးဆိုင်ရာ ဦးဆောင်ပုဂ္ဂိုလ်၏အသွင်မပေါက်ဘဲဂျပိုးချာတိတ်အသွင်ပေါက်နေတော့သည်။ဤကဲ့သို့ ဦးစိန်ကိုအထင်သေးပြီး အဘိဓမ္မာ (၇)ကျမ်းကို တကျမ်းစီရေပြနိုင်လို့လား-ဟု ရဟန်းတော်တပါးက မေးလိုက်ခြင်းဖြစ်ပေသည်။ ပုဂ္ဂိုလ်၏အသွင်သက်သက်ကြည့်၍ အကဲခတ်လျှင်ဦးစိန်ကိုဂျပိုးချာတိတ်တယောက်လိုထင်ကြပေမည်။ သို့ရာတွင် ဦးစိန်ကိုအနီးကပ်လေ့လာမှ စွယ်စုံပြည့်စုံသောပုဂ္ဂိုလ်ကြီးတယောက်ဖြစ်ကြောင်း မသိကြသေးသော ရဟန်းတော်များက အထင်သေးကြမည်ဆိုက အထင်သေးလောက် ကြပေမည်။

ကျွန်ုပ်တို့ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ စ၍ဖွဲ့သည့် အချိန်ကပင် မိုးကြိုးသတင်းစာကနေပြီး ဤအဖွဲ့မှာ အေ-ဘီ-စီ-ဒီ-သမားများက ဦးဆောင်နေသောအဖွဲ့ ဖြစ်ကြောင်း။ ဘုရား၏ တရားတော်ဖြစ်သော ပိဋကတ်သုံးပုံကို သုတေသန စူးစမ်း ထောက် လှမ်း ရန် အဘယ်မျှအထိအရည်အသွေးမို၍နည်း၊ (အိပ်ချ်တူးအို)(**H.2.O**)

လောကသာသိကာမျှနှင့် မဟာသမုဒ္ဒရာလို အပြောကျယ်၍ နက်ရှိုင်းလှသော ပေတန်နှင့်တိုင်းလိုသူများ-စသည်ဖြင့် ရေရွတ်ရှုံ့ချကဲ့ရဲ့ဘူး၏။

ထိုအချိန်က ပိဋကတ်ကိုတတ်သိ နားလည်သော ပုဂ္ဂိုလ်တွေပါဝင်နေသည်ကို ၎င်းတို့မသိကြသေးပေ။ ကျွန်ုပ်တို့အဖွဲ့တွင် သိပ္ပံပညာမှဆင်းသက်လာသော သခင်မြဆိုင်(ဝါ)ဦးမြဆိုင်၊ အတွင်းရေးမှူးဦးကိုကိုလေးတို့လို ပုဂ္ဂိုလ်မျိုးသက်သက်ချည်းထင်၍ ရှုံ့ချပြောဆိုရေးသားကြဟန်တူသည်။ ယခုလည်း ထိုထိုရှုံ့ချစွပ်စွဲကဲ့ရဲ့ပြောဆိုရေးသားသားသောသတင်းစာများကိုသာဖတ်မိဟန်တူသောကိုယ်တော်တပါးက အဘိဓမ္မာရေးရာများကို ဆွေးနွေးရန်စမှမစရသေး၊ လှမ်း၍သာတွယ်ချေတော့၏။ ကျွန်ုပ်တို့သည်ကားပြုံး၍သာ အဖြေပေးခဲ့လေသည်။

ဤတွင် ဦးတိုးမြင့်ကထ၍ အခုဆရာတို့ရဲ့သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ကို တတိုင်းပြည်လုံးက ရှုံ့ချပုတ်ခတ် ဆူပူနေတဲ့ကြားထဲ **ဒီ** သမ္မာဒိဋ္ဌိသုတေသနဆိုတာ ဘာသဘောလဲ။

ဦးစိန်။ ။ဟုတ်ကဲ့– သမ္မာဆိုတာကအမှန်၊ ဒိဋ္ဌိ ဆိုတာက အယူ အမှန်ကိုယူခြင်း၊သုတေသနဆိုတါကရှာဖွေခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ထိုသည့် သမ္မာဒိဋ္ဌိသုတေသနကို အမှန်တရားကိုယူရန် ရှာဖွေသောအဖွဲ့လို့ ခေါ်ပါတယ်။

ဦးတိုးမြင့်။ ။အမြင်မှန်ဆိုဆို၊အယူမှန်ဆိုဆိုပေါ့လေ၊ ဒီသမ္မာဒိဋ္ဌိကိုခင်ဗျားတို့တတွေဟာ ဘာပြုလို့ရေးကြီးခွင်ကျယ် လုပ်ပြီး တိုင်းပြည်ကို ရှောက်ပြောနေရတာလဲ။ အဲဒါကစပြီး သိချင်ပါတယ်။

ဦးစိန်။ ။ဦးတိုးမြင့် ပြောသလို ရေးကြီးခွင်ကျယ်လဲ ကျွန်တော်တို့မလုပ်ပါဘူး။ တိုင်းပြည်ကိုလဲ ရှောက်ပြီးပြောမနေပါဘူး။ ကျွန်တော်တို့လို ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့တဲ့ အမှန်ဓမ္မကိုခံယူချင်သောလူပုဂ္ဂိုလ်များက ကျွန်တော်တို့ကိုခေါ်ဆောင်ရင် ကျွန်တော်တို့အဖွဲ့ဝင်ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓရှင် ဟောကြားတော်မူခဲ့သော အမှန်ဓမ္မကို သုတေသနပြုလုပ်၍ ရရှိသလောက်ဆွေးနွေးတင်ပြဟောပြောခြင်းမျှသာဖြစ်ပါတယ်။

ဦးတိုးမြင့်။ ။ကောင်းပြီ။ ဒါဖြင့်ရင်ဆရာတို့ဘာ့ကြောင့်အမှန်ဓမ္မကိုရှာကြပါသလဲ။

ဦးစိန်။ ။ဒုက္ခငြိမ်းရန်ဖြစ်ပါတယ်။

ဦးတိုးမြင့်။ ။ဟုတ်ကဲ့ ဘယ်လိုဒုက္ခငြိမ်းရန်ပါလဲ။

ဦးစိန်။ ။ယခုပစ္စုပ္ပန်ဒုက္ခငြိမ်းရန်ဖြစ်ပါတယ်။

ဦးတိုးမြင့်။ ။ကောင်းပြီ အဲဒီတော့ ဒီပစ္စုပ္ပန်ဒုက္ခကို ဘယ်လိုငြိမ်းရန်ရှာကြပါသလဲ။

ဦးစိန်။ ။အဲဒါကြောင့် ဦးတိုးမြင့် သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်အယူမှန်ကိုရရှိရန် သုတေသနပြုလုပ်ရတာပေါ့ဗျာ။

ဤတွင် ဦးစိန်၏အနီးတွင်ထိုင်နေသောမျက်မှန်နှင့်ကိုယ်တော်သည် မန္တလေး မစိုးရိမ်ကျောင်းတိုက်မှဦးပရမဖြစ်သည်။ ၎င်းကိုယ်တော်က နေနေဦးတိုးမြင့်ကျုပ်မေးမယ် ဆိုပြီး ဒီမယ် တကာကြီးဟု ခေါ်ပြီး လက်ညှိုးထိုး၍ ဟိုပုဂ္ဂိုလ်က ဓမ္မာစရိယ၊ ဒီပုဂ္ဂိုလ်က သကျသီဟ ဓမ္မာစရိယ၊ ဟိုဘက်ကပုဂ္ဂိုလ်က ဒီဃနိကာရ-စသောရဟန်းတော်များ၏ ဂုဏ်ထူးဆောင်အသီးသီးကို ပြောကြားပြီး ထိုသည့်ပုဂ္ဂိုလ်ကဘဲဆက်၍ တကာကြီး ပိဋကတ်ဘယ်လောက်သင်ခဲ့ဘူးပါသလဲ-ဟုမေးလိုက်ရာ၊ ဦးစိန်က မှန်လှပါ။ တပည့်တော်

အသင့်အတင့်သင်ခဲ့ဘူးပါတယ်-ဟု ဖြေလေရာ၊ ဤတွင် ဦးကိုကို လေးက သိနှင့်ထားသည့်အတွက် တပည့်တော်တို့ ဆရာစိန်သည် ဂမ္ဘာစရိယပါဘုရား-ဟု ထ၍ပြောလိုက်လေ၏။

ဦးစိန်ကဆက်၍ ယခုလို ပိဋကတ်ကျမ်းကျင်တော် မူကြကုန် သော အရှင်ဘုရားများနှင့် တပည့်တော်များ ယခုလိုမျက်နှာစုံညီ ဆွေးနွေးရတာ တပည့်တော်တို့အထူးဘဲ ဝမ်းမြောက်မိပါတယ် ဘုရား။

ထို့နောက် မျက်မှန်နှင့် ကိုယ်တော်ကဆက်၍ ဘယ်လို ဒုက္ခ ငြိမ်းအောင် သမ္မာဒိဋ္ဌိကိုဒကာကြီးတို့ကရှာကြသလဲ။ အမြင်မှန် အယူမှန်ရအောင် ဘယ်လိုပေတံနဲ့တိုင်းသလဲ။

ဦးစိန်။ ။မှန်ပါ တပည့်တော်တို့ ခန္ဓာကိုယ်ကာယကိုမူထား ပြီး တပည့်တော်များကိုင်ဆောင်ထားသောပေတံကလေးချောင်း ရှိပါတယ်။(၁)သစ္စာလေးပါး၊(၂)ဂမ္ဘစကြာ၊(၃)အနတ္တလက္ခဏာ သုတ်၊ (၄)ပတိစ္စသမုပ္ပါဒ်-စတဲ့ပေတံလေးချောင်းနှင့် သုတေသန လုပ်ပြီး သမ္မာဒိဋ္ဌိကိုရှာပါတယ်။

မျက်မှန်နှင့်ကိုယ်တော်ကဆက်၍ ကောင်းပါပြီ၊ ဒီတရားတွေ ကို ကျုပ်တို့လက်ခံပါတယ်။ထိုတရားတွေနဲ့ ဒကာတို့ခန္ဓာကိုယ်မှာ ရှာဖွေတော့ အမြင်မှန်သမ္မာဒိဋ္ဌိတွေ့ပါ့မလား။ ဒုက္ခကကော ငြိမ်းကြပါ့မလား။

ဦးစိန်။ ။တပည့်တော်များရှာဖွေဆဲအားထုတ်ဆဲပါ။ဒုက္ခက ငြိမ်းရေးကို အမှန်သိကြပါပြီ။ ဒါပေမဲ့ တပည့်တော်များဒုက္ခက ငြိမ်းပြီလို့ ဝန်မခံသေးပါ။

မျက်မှန်နှင့်ကိုယ်တော်။ ။ကောင်းပါပြီ။ ဒါပေမဲ့ ဒကာတို့ ယူဆထားတဲ့ဒုက္ခဟာ ဘယ်လိုဒုက္ခကို ယူထားပါသလဲ။

## ပစ္စုပ္ပန်ဒုက္ခ

ဦးစိန်။ ။တပည့်တော်များသိထားတဲ့ ဒုက္ခကတော့ ပစ္စုပ္ပန် ဒုက္ခကိုသိထားပါတယ်။

မျက်မှန်နှင့်ကိုယ်တော်။ ။ဒါဖြင့်ရင်အတိတ်၊ အနာဂါတ်ဒုက္ခ ကိုကော တကာတို့မယုံဘူးလား။

ဦးစိန်။ ။ဒါကတော့ အတိတ်၊ အနာဂါတ်ဆိုတဲ့ ဒုက္ခတွေဟာ တပည့်တော်များနှင့် မသက်ဆိုင်ပါ။တပည့်တော်များနှင့်သက်ဆိုင် တဲ့ဒုက္ခကတော့ ယခုပစ္စုပ္ပန်မျက်မှောက်ထင်ထင်၌ တပည့်တော် တို့၏ ခန္ဓာကိုယ်၌ သဘာဝဓမ္မမှ ပြုပြင်ထားသည့်မျက်စိ၊ နား၊လျှာ၊ ကိုယ် ဆိုတဲ့ရုပ်ဝတ္ထုနဲ့ အပြင်လောက၌ရှိသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဆိုတဲ့ရုပ်ဝတ္ထုတို့နဲ့ တိုက်ဆိုတဲ့ အခါတို့၌ တတ်စွဲခြင်း တဏှာ ဥပါဒါန် ဖြစ်လာလျှင် ဒုက္ခဆိုတဲ့ ဆင်းရဲအကျိုးတရား ဖြစ်လာပါတယ်။ ဤဆင်းရဲဒုက္ခကို တပည့် တော်တို့ လက်တွေ့မျက်တွေ့ ရင်ဆိုင်နေရသည့်အတွက် ထိုသည့် ပစ္စုပ္ပန်ဆင်းရဲချုပ်ငြိမ်းရန် အမှန်ဓမ္မကိုရှာဖွေလေ့လာနေကြတာ ဖြစ်ပါတယ်။ သို့အတွက် တပည့်တော်များ ယခု မျက်တွေ့လက် တွေ့ရင်ဆိုင်၍နေရသော ပစ္စုပ္ပန်ဒုက္ခမှချုပ်ငြိမ်းရန်ကိုသာ တပည့် တော်များလုပ်ဆောင်နေခြင်းဖြစ်ကြပါတယ်။

မျှန်မှန်နှင့်ကိုယ်တော်က ဒါဖြင့်ရင် ယခုတကာတို့ ပစ္စုပ္ပန်ဖြစ် ပေါ်လာတဲ့ဒုက္ခကို ချုပ်ငြိမ်းအောင် ဘယ်တရားကို အားထုတ်ပါ သလဲ။

ဦးစိန်။ ။တပည့်တော်များခန္ဓာကိုယ်၌ မြင်–ကြား–နံ-လျက် အထိအတွေ့တို့နဲ့ အဆင်း၊ အသံ၊အနံ့၊ အရသာ၊ အတွေ့အထိတို့ နှင့် တိုက်ဆုံကြသည့်အခါတို့၌ အစွဲဥပါဒါန်ဖြစ်ပါတယ်။ ထိုသည့်

အစွဲဥပါဒါန်ဖြစ်ပေါ်မလာရန် မဂ္ဂင်ရှစ်ပါးတရားကို အားထုတ်ရပါတယ်။ သို့မှသာလျှင် ဆင်းရဲဖြစ်ခြင်း၊ မဖြစ်ခြင်းကို အမှန်မြင်အမှန်သိပါတယ်။ ဒါကြောင့် ထိုသည့်တတ်စွဲခြင်းတဏှာဥပါဒါန်တရားကို အမှန်သိပြီး၊ ယင်းသည့် တဏှာဥပါဒါန်တရားကို တားဆီးပယ်ခွါစွန့်ပစ်မှ ပစ္စုပ္ပန်ဒုက္ခငြိမ်းတာအမှန်လို့ တပည့်တော်များယုံကြည်ထားပါတယ်။

မျက်မှန်နှင့်ကိုယ်တော်။ ။ကောင်းပြီ။ ဒါဖြင့်ရင်ဤလိုမြင်တာကို သမ္မာဒိဋ္ဌိအမြင်မှန်လို့ ယူထားသလား။

ဦးစိန်။ ။မှန်ပါ၊ ဒါလို မြင်-ကြား-နံ-လျက်-ထိတွေ့တဲ့အခါတို့၌ အစွဲဥပါဒါန်မပါအောင် ထိန်းသိမ်းနိုင်တဲ့အသိဟာ အမြင်မှန်အယူမှန်ဘဲလို့ တပည့်တော်များခံယူထားပါတယ်။

ရဟန်းတော်များသည် တပါးကိုတပါးကြည့်၍ နေကြလေသည်။ မည်ကဲ့သို့ဆက်မေးရန် စဉ်းစားကြဟန်တူ၏။ ဦးစိန် ဖြေသမျှသည် ဗုဒ္ဓတရားတော်အစစ်မှ အနှစ်သက်သက်ကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းအတိုင်းဖြေဆိုလိုက်ခြင်းသာဖြစ်သည်။ ပိဋကတ်စာပေ၌ ကျွမ်းကျင်လိမ္မာတော်မူကြသော ဂုဏ်ထူးဆောင် ကိုယ်တော်များဖြစ်ကြသည့်အတိုင်းပြဿနာမပေါ်သာအောင်ဖြစ်သွားဟန်တူသည်။

ဤနေရာ၌ စာပေအရာ၌ မကျွမ်းကျင်သူများဖြစ်ပါက ဒုက္ခကို အရင်းခံပြီး အတိတ်၊ အနာဂါတ်တွေရှုပ်ထွေးအောင် ဆွဲဆန့်မွှေနှောက်ပစ်ကောင်း ပစ်စရာရှိ၏။ သို့ရာတွင် ကိုယ်တော်များသည် ဗုဒ္ဓရှင် ဟောကြားတော်မူခဲ့သည့် သံဒိဋ္ဌိက ဓမ္မဂုဏ်ကို မျက်မှောက်ပြုတော်မူကြကြောင်း သိသာထင်ရှားလျက်ရှိပေသည်။

ထိုနေရာ၌ အကယ်၍များ ရဟန်းတော်များက အတိတ်အနာဂါတ်စသော နောက်ဘဝ၊ ရှေ့ဘဝ၊ တမလွန်ဘဝ တွေနှင့်

ဆွဲဆန့်လာပါကလည်း ဦးစိန်သည် ဗုဒ္ဓဟောပိဋကတ်ပါ သံဒိဋ္ဌိက မမှုအရင်းခံသော သုတ်ပေါင်းများစွာနှင့်တကွ ဗုဒ္ဓရှင်ဟောတော်မူခဲ့သော တရားတော်များနှင့် မငြင်းနိုင်အောင် သာဓကထုတ်ဆောင်တင်ပြရန်အသင့်ရှိသည်ကို ခိုင်ခိုင်မာမာခုခံချေမည် အမှန်ဖြစ်လေသည်။

ပိဋကတ်ကျမ်းဂန်တွေကို တတ်ကျွမ်းကြကုန်သောရဟန်းတော်များဖြစ်သည့်အလျောက် ဤသည့်သမ္မာဒိဋ္ဌိ အမြင်မှန် အယူမှန့်ကိစ္စတွင် လွယ်လွယ်နှင့်ပြဿနာ ပြေလည်ရန် မရှိနိုင်ဟု တွေးခေါ်မျှော်မြင်စဉ်းစားနေကြ၍ စကားအစဉ်ပြတ်သွားလေတော့သည်။

ဦးတိုးမြင့်ကထ၍ ဒီသမ္မာဒိဋ္ဌိကို ဘာပြုလို့တိုင်းပြည်ကိုလိုက်ပြီးဖွဲ့ရသလဲ၊ ဒါကိုပြေအောင်ဖြေစေလိုပါတယ်။ ဒီအတွက်အားလုံးစိတ်မချမ်းသာဖြစ်နေရတဲ့ကိစ္စတခုပါ။

ဦးစိန်။ ။အော်–ဦးတိုးမြင့်ရာ၊ဒီသမ္မာဒိဋ္ဌိသုတေသနကတိုင်းပြည်မှာလိုက်ပြီးဖွဲ့တာမဟုတ်ပါဘူး။ တိုင်းပြည်မှာရှိနေတဲ့လူသားတွေကအမှန်ဓမ္မကိုရှာဖွေလိုတဲ့ လူသားအချင်းချင်း စုပေါင်းကြပြီး ကျွန်တော်တို့ အမှန်ဓမ္မရှာဖွေနေကြတဲ့အဖွဲ့ကို လက်တွဲရှာဖွေချင်ကြတယ်လို့ အကြောင်းကြားသည့်အတွက် ကျွန်တော်တို့လဲလက်ခံတာပါဘဲ။ အဲသည်တော့ကာ ဒီသမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ဖွဲ့ပြီး၊ စစ်မှန်တဲ့တရားကိုရှာဖွေကြတာကိုဘဲ ခင်ဗျားမှာ အတော်စိတ်မကောင်းပြီးမုန်းနေတာကို၊ကျွန်တော်တို့ခံယူထားတဲ့သမ္မာဒိဋ္ဌိဟာ မဂ္ဂင်ရှစ်ပါးမှာ ရှေးဦးစွာပါရှိနေတဲ့ သမ္မာဒိဋ္ဌိကို ဦးတိုးမြင့်မုန်းနေတာဟာ ကျွန်တော်တို့တော့ ဘယ်လိုမှမတတ်နိုင်ပါ။

ဦးတိုးမြင့်။ ။ဟုတ်ပါတယ်။ ဒါပေမဲ့ ဟောဒီသမ္မာဒိဋ္ဌိသုတေသနဆိုတဲ့အဖွဲ့ပေါ်လာတာကိုဘဲ ကျွန်တော်နဲ့နဲမှ မကြေနပ်ဘူးဟုပြောလိုက်ရာ-

ဦးမြဆိုင်နားမှထိုင်နေသော ဦးအေးသည် အလောတကြီးထ၍ ပြောလေတော့သည်။ ဦးတိုးမြင့်မကျေနပ်ရုံမဟုတ်ဘူး၊ အားလုံး မကြေနပ်ဘူး။ဒီလူတွေပြောတော့ သမ္မာဒိဋ္ဌိသုတေသနရှာဖွေရေး ဆိုပြီး၊ ဘုန်းကြီးတွေရော၊ တရားရော၊ ဘုရားရော၊ အကုန်ရှောက် ဆဲနေတာ၊သက်သက်ခင်ဗျားတို့ ဓမ္မန္တရာယ်တွေဘဲ၊ သာသနာဖျက် မဲ့အဖွဲ့-ဖွဲ့တာမို့ ကျွန်တော်တို့မကြေနပ်ဘူးဟုပြောဆိုလေရာ-

ဦးအေးကို ရဟန်းတော်များကပါ တားထားရ၏။ ဦးတိုးမြင့် က ဦးအေးကို လက်ကာ၍ပြပြီး တားပေးနေရပြန်သည်။ဦးအေး မှာ အတော်ပင် အိန္ဒြေသိက္ခာပျက်၍ ပြူးတူး-ပြာတာ-စွာကျယ် ကျယ်နိုင်သော လူတမျိုးဖြစ်၏။ တိုက်အတွင်းရှိ လူအားလုံးက ဦးအေးကိုဝိုင်း၍ကြည့်နေကြသည်။ ဦးအေးမှာ ရှူးရှူးရှဲရှဲဖြစ်၍ နေလေသည်။

ဦးစိန်။ ။(ဦးအေးကိုစေ့စေ့ကြည့်၍)ဒီမယ်မိတ်ဆွေ၊ ကျွန် တော်တို့ဗမာပြည်ဟာ လွတ်လပ်စွာ ကိုးကွယ်နိုင်တဲ့ နိုင်ငံဖြစ်ပါ တယ်။ လွတ်လပ်စွာ ယူဆနိုင်တဲ့ နိုင်ငံ ဖြစ်တယ် မဟုတ်လား။ ထို့ ကြောင့် ကျွန်တော်တို့ သမ္မာဒိဋ္ဌိသုတေသနအမည်တတ်ပြီး အဖွဲ့-ဖွဲ့ တာကို ခင်ဗျားတို့ မလိုလားရအောင်က ခင်ဗျားတို့ကို ကျွန်တော် တို့က ဘယ်လိုထိခိုက်နစ်နာအောင်လုပ်လို့လဲ။ ကျွန်တော်တို့သည် ဘယ်သူ့ကိုမှ အလကားထိခိုက်နစ်နာရန်လုပ်ဆောင်ခြင်း၊ ပြောဆို ခြင်းမရှိခဲ့ဘူး။ ယခုခင်ဗျားတို့မကြေနပ်ထာရှိရင် မျက်နှာစုံညီတွေ့ ဆုံတဲ့ အခါမှာ မေးနိုင်ပါတယ်။ ယခုလဲ ခင်ဗျားတို့နှင့် တကွ ပရိသတ်များရှေ့တွင် ရဟန်းတော်များမေးမြန်းတာတွေကို ကျွန် တော်တို့ရေရေလယ်လယ်တင်ပြပြောဆိုနေတယ်မဟုတ်လား။အခု တော့ ခင်ဗျားက အလကားတဒေါင့်ကနေပြီး ထပွက်နေတာက

ဘာသဘောလဲ။ မေးစရာရှိရင်မေးပါ။ ရှေ့ကနေနေပြီး မဖြေရသေးခင်ပုဒ်ထီးပုဒ်မတွေတတ်နေတါတော့မသင့်ဘူးလို့ထင်တယ်။

ဦးအေးသည် စပ်ဖြိုဖြို ဖြစ်လာခါ ခေါင်းကုတ်သလိုလို အိတ်နှိုက်သလိုလို ဖြစ်လာပြန်သည်။ ဘာမျှတော့ပြန်၍မပြောပေ။

ဦးစိန်ကဆက်၍ပြောပြန်သည်။ ကျွန်တော်တို့ သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ဖွဲ့တာဟာ ကျွန်တော်တို့ဗုဒ္ဓရှင်ဟောတော်မူခဲ့သော တရားမှန်တရားစစ်ကိုရရှိရန်နှင့်ယခုပစ္စုပ္ပန်ဆင်းရဲမှငြိမ်းရန်အတွက် စစ်မှန်သောဒေသနာကို ကျွန်တော်တို့ဟာကျွန်တော်တို့ လိုက်လံရှာဖွေကြတာဖြစ်ပါတယ်။ အဲဒီလိုကျွန်တော်တို့ဟာကျွန်တော်တို့ အယူအဆတူသူတွေ စစ်မှန်သည့်တရားကို ရှာဖွေချင်သောပုဂ္ဂိုလ်တွေ စုပေါင်းပြီး အေးအေးဆေးဆေးနဲ့ တရားမှန်ရှာဖွေတာကို ဘာ့ကြောင့် ခင်ဗျားတို့ကမနာလိုရတာ၊စိတ်မကောင်းဖြစ်ရတာကို ကျွန်တော်တို့ပဌမသိရပြီးမှ ဒီစကားဖြေဘို့ကောင်းပါလိမ့်မယ်။

ဤတွင် ဦးတိုးမြင့်မေးရန် မတ်တတ်ထလိုက်စဉ် မျက်မှန်နှင့်ကိုယ်တော်က နေနေဦးတိုးမြင့် ဒီလိုဆိုကျုပ်တို့မေးမယ်။

ဦးစိန်။ ။မေးပါဘုရားမေးပါ။တပည့်တော်တို့က ဦးပဉ္စင်းတို့မေးသမျှတည်လုံးဖြေဘို့အဆင်သင့်ပါ။ တပည့်တော်များ သုတေသနပြုလုပ်၍ လက်ခံထားတဲ့အထဲကတော့ ဖြေမှာချည်းပါဘဲ။ ကျေနပ်ထာ မကျေနပ်ထာကတော့တပည့်တော်များနှင့်မဆိုင်ဘူးဘုရား။ ဦးပဉ္စင်းတို့သဘောပါဘဲ–ဟုပြောလိုက်၏။

မျက်မှန်နှင့်ကိုယ်တော်ကဆက်၍ အဲဟုတ်ပြီ၊ ဒီတော့ ခုနကတယောက်ပြောသွားတဲ့ အထဲမှာ ကျုပ်တို့ရဲ့ စာပေတွေထဲမှာဘယ်နေရာမှာ ဗြဟ္မဏစာပေတွေ၊ ဟိန္ဒူစာပေတွေ ပါသလဲပြောပါ။

ဦးစိန်။ ။မှန်ပါ၊ ဟိန္ဒူပြဟ္မဏ စာပေတွေနဲ့ တူညီနေတဲ့ စာပေတွေကိုတင်ပြရရင် တော်တော်များများတွေ့ရှိထားပါတယ်။ ဒါပေမဲ့ အားလုံးသိလွယ်တဲ့ အားလုံးသိထားကြတဲ့ စာပေတွေကို တင်ပြရရင် တပည့်တော်တို့ ဗုဒ္ဓရှင်တရားတော်တွေကို သီဟိုမှ ကူးယူခဲ့သော အဋ္ဌကထာဆရာတော် အရှင်မဟာဗုဒ္ဓဃောသ ရေးသားပြုစုတော်မူခဲ့သောဝိသုဒ္ဓိမဂ်ကျမ်းစာတွေထဲကတပည့်တော် တင်ပြပါ့မယ်။

ကမ္မံ ခေတ္တံ ဝိညာဏံဗီဇံ

အဓိပ္ပါယ်ကတော့ ကောင်းကံ-မကောင်းကံ-တို့သည် လယ်ယာနှင့်တူသည်။ ခေတ္တံဆိုတာကတော့ မြေဩဇာနှင့် တူတယ်။ ဝိညာဏံဗီဇံ-ဆိုတာကတော့ မျိုးစေ့နှင့်တူသည်လို့ ဆိုထားတာကို တပည့်တော်တို့တွေ့ရှိရပါတယ်။ သဘောကတော့ ဝိညာဏ်သည် ကောင်းကံမကောင်းကံတို့နှင့်တကွ ဘုံဘဝတို့၌ဖြစ်သည်ဟု-အဓိပ္ပါယ်ရပါတယ်။

ရဟန်းတော်များထဲမှကိုယ်တော်တပါးက ဒီစကားမပါဘူး-ဟု ပြောလေသည်။ အချို့ကိုယ်တော်များကပါသည်ဟုဆိုကြသည်။ ရင်းနောက် ဦးကြာဆိုသည့်ပုဂ္ဂိုလ်ကလဲ မပါဘူး-ဟုဆို၏။ ၎င်းက ထပ်၍ ဒီပါဠိကိုရေးယူထားဘို့ ကောင်းတယ်ဘုရား-ဟု ရဟန်းတော်များကိုလျှောက်ထားသေး၏။

ဦးစိန်ကပြောပြန်သည်။ ဦးကြာခင်ဗျား ပါသည်မပါသည် ငြင်းနေရင်အချိန်နှီးပါဘဲ။ ဒီတော့ ဝိသုဒ္ဓိမဂ်ယူခဲ့ပါ။ ကျွန်တော် ထောက်ပြပါ့မယ်။

ဦးစိန်ကဆက်၍ ဒါတင်မကသေးပါ။ ဝိသုဒ္ဓိမဂ်ထဲမှာဘဲရှိပါသေးတယ်-ဟုပြောပြီး ပါဠိကိုရွတ်ပြပြန်သည်။

ကမ္မသကာရကောနတ္တိ
ဝိပါကဿစဝေဒကော
သုဒ္ဓဓမ္မာပဝတ္တန္တိ
ဧဝေတံသမ္မဒဿနံ

အဓိပ္ပါယ်ကတော့ ကောင်းကံ မကောင်းကံ တို့ကိုပြုလုပ်သော ပုဂ္ဂိုလ်-သတ္တဝါ၊ယောကျ်ား-မိန်းမမဟုတ်၊ အဟုတ်သော်ကား ရုပ်နာမ်နှစ်ပါးက ပြုလုပ်ခြင်းသာ ဖြစ်သည်။ အနာဂါတ်ဘဝတို့၌ ကောင်းကံ-မကောင်းကံ အကြောင်းတရားတို့ကြောင့် အကျိုးခံစားရမည့် ပုဂ္ဂိုလ်-သတ္တဝါ၊ယောကျ်ား-မိန်းမတို့ ခံ-စံ-စရာမဟုတ် ခံရ-စံရမည်ကား နာမ်-ရုပ်သာလျှင်ဖြစ်သည်ဟု တွေ့ရှိရပါတယ်။

အဲဒီ ဝိသုဒ္ဓိမဂ်နှင့်တူညီသော ဟိန္ဒူဗြဟ္မဏတို့ရဲ့ အသဲစွဲဖြစ်တဲ့ ဆန္ဒောဂျဉပနိသျှကျမ်း၊ ဘဂဝါဂီတ ကျမ်းတို့မှာ ပါတာက အိန္ဒိယမဟာဘာရတစစ်ပွဲအကြောင်းပြုပြီးကရာဇ်ရှနဘုရားကြီးက အဇ္ဇုနမင်းသားကိုဟောကြားသည့်တရားဖြစ်ပါတယ်။

ဝတ္တာနိဇီဏ္ဏာနိ ယထာဝိဟာယ
နဝါနိဂဏှာတိနရောပရာနိ
ယထာသရီရာနိဝိဟာယဇိဏ္ဏာ
န္နျာနိသယာတိနဝါနိဒေဟီ

အဓိပ္ပါယ်ကတော့ ကောင်းကံ-မကောင်းကံ အကြောင်းတရားနှင့် အတ္တဝိညာဏ်သည် ဘဝသစ်တခု၌သွားရောက်ပြီးရုပ်ခန္ဓာသစ်တခုတည်ဆောက်နေသည်ဟုကရာဇ်ရှနဘုရားကြီးက အဇ္ဇုနမင်းသားကို ဤကဲ့သို့ဟောထားသည်ကို တပည့်တော်များတွေ့ရှိဖတ်ရှုရပါတယ်။

ရဟန်းတော်များသည် ဟိန္ဒူပြဟ္မဏစာပေတို့ကို ကျုပ်တို့နားမလည်ပါ၊ မသိပါ-ဟု တညီတညွတ်တည်း ပြောဆိုကြလေသည်။

ရဟန်းတပါးက ဒါဖြင့်ရင်တကာတို့ကယခုရှိနေသော ပိဋကတ်တို့ကိုဘုရားဟောမဟုတ်ဘူးဆိုပြီး လက်မခံဘူးလား။

ဦးစိန်ကယခုရှိတဲ့ပိဋကတ်တွေကိုဘုရားမဟောဘူးလို့ မဆိုပါ။ ဒါပေသည့် အားလုံးဘုရားဟောကြီးဘဲဟု တပည့်တော်များ လက်မခံပါ။ တပည့်တော်တို့ပိဋကတ်တော်တွေထဲမှာပါတဲ့ မူလပဏ္ဏာသပါဠိတော်၊ မဟာတဏှာသင်္ခယသုတ်တွင် တံငါသည်သား သာတိရဟန်းဟူသော အယူသည် ထိုသည့်ဝိညာဏ်ဟာ ကောင်းကံမကောင်းကံ-ဟူသော အကြောင်းတရားတို့နှင့်တကွ ဘုံသုံးပါးကျင်လည်ပြေးသွားပြီး ခန္ဓာသစ်တခု တည်ဆောက်သည်ဟု ယူထားသည်ကိုတွေ့ရပါတယ်။ အဲဒီနောက် ထိုကျမ်းမှာဘဲ လောမဟံသနသုတ်မှာ တပည့်တော်တို့ဗုဒ္ဓအလောင်းတော်သည် မြေကြီးပေါ်၌ လေးဘက်သွားခြင်း၊ နွားလေး ချီး-သေးတို့ကို စားသောက်ခြင်း၊ သူ့ချီး-သေးတို့ကိုသူစားခြင်း-စသည့်သုတ်တွေပါရှိနေသည်ကို တပည့်တော်များတွေ့ရှိရပါတယ်။

အဲဒီလိုဟိန္ဒူပြဟ္မဏဝါဒအယူတွေနှင့်တူညီနေတာတွေပိဋကတ်တော်တွေထဲမှာပါရှိနေပါတယ်။ သို့ပါသောကြောင့်ယခုလက်ရှိပိဋကတ် အားလုံးဗုဒ္ဓရှင်ဟောခဲ့ပါတယ်ဟု အရှင်ဘုရားများလက်ခံပါမည်လားဘုရား။

ဤတွင်ကိုယ်တော်များသည်တညီတည်းဒီလိုတော့ကျုပ်တို့နှင့်တကွပိဋကတ်တတ်ပုဂ္ဂိုလ်တွေမှန်ရင်အားလုံးဗုဒ္ဓရှင် ဟောဒါချည်းဘဲလို့ လက်ခံမယ်မဟုတ်ပါဘူးဦးပဥ္စင်းတို့လဲဒီလိုဟာတွေတော့တွေ့

တာပါဘဲ။ အဲအခုနရွတ်သွားတဲ့ပါဠိတော့ဝိသုဒ္ဓိမဂ်မှာပါမပါသေ သေချာချာရှာကြည့်ရမှာဘဲ။ ဟိန္ဒူကျမ်းတွေ ဗြဟ္မဏကျမ်းတွေ တော့ကျုပ်တို့နားမလည်လို့မသိဘူး။

**သူကလည်းတမျောင့်**

ဤတွင်ဦးအေးကထပြီးပြောပြန်သည်။ဒီပါဠိဟာဝိသုဒ္ဓိမဂ်မှာ မပါဘူးဘုရာ့။ဒါသူတို့တမင်လုပ်လိမ်တာ။အောင်မာနန့်လူတွေမှတ် လို့သာသနာတရပ်လုံး ဇောက်ထိုးမိုးမျှော်လုပ်မဲ့လူတွေဘုရာ့။

ထို့နောက်ဦးကိုကိုလေးကထ၍ဒီမှာဦးအေးခင်ဗျားအကြောင်း ကိုကျွန်တော်သိပါတယ်။ ခင်ဗျားဆွဲချလုပ်မနေပါနဲ့ဟုပြောလိုက် ၏။

တဖန်ဦးစိန်ကနေစမ်းပါအုံးမိတ်ဆွေ။ ခင်ဗျားနွတ်သီးကရမ်း လွန်းဆိပ်လွန်းတယ်ထင်တယ်။ ဝိသုဒ္ဓိမဂ်ယူခဲ့ပါ။ မပါဘူးပါတယ် ခင်ဗျား ရှင်းသွားပါစေ့မယ်။

ဦးတိုးမြင့်က ဟာဒီလိုတော့မတော်ပါဘူး။ လူကြီးလူကောင်း တယောက်ကို နှုပ်သီးရမ်းတယ်ဆိပ်တယ်လို့ ပြောတာတော့မတော် ပါဘူး။ ဒီစကားကိုပြန်ရုပ်သိမ်းပါဟုပြောရာ-

ဦးစိန်ကနေစမ်းပါအုံး ဦးတိုးမြင့်ရာ။ နှုတ်သီးဟာနှုတ်သီးပေါ့ ဗျာ။ ပါးစပ်ဆိုရင်စကားကောင်းပြောမှာပေါ့။ နှုတ်သီးမို့ဟိုဆိပ် ဒီဆိပ် ဖြစ်နေတာပေါ့။ ဒါကြောင့် ကျွန်တော်က နှုတ်သီးက ရမ်းလွန်းတယ်ဆိပ်လွန်းတယ်လို့ပြောတာ အမှန်အတိုင်းပြောခြင်း ဖြစ်တဲ့အတွက် ကျုပ်စကားကိုမရုပ်သိမ်းနိုင်ပါဟုပြောလိုက်၏။

ကိုယ်တော်တပါးကဝင်၍ ဦးတိုးမြင့်ကို တားလိုက်သဖြင့်ငြိမ်၍ သွားလေ၏။

ထိုနောက်ကိုယ်တော်တပါးကဆက်၍ တကာတို့ကုသိုလ်ကံ-အ ကုသိုလ်ကံကိုကောလက်ခံပါသလား။

ဦးစိန်ကမှန်ပါ။ ဗုဒ္ဓဟောတော်မူခဲ့တဲ့ကုသိုလ်-အကုသိုလ်တရားတို့ဟာသံဒိဋ္ဌိကစမ္မ အကာလိကဓမ္မနဲ့ ဟောခဲ့တာကိုတပည့်တော်တို့လက်ခံပါတယ်။ ဟိန္ဒူဗြဟ္မဏဝါဒကုသိုလ်အကုသိုလ်ကိုတော့လက်မခံပါ။

ထိုသည့်ကိုယ်တော်က ဟိန္ဒူ ဗြဟ္မဏ ကုသိုလ်အကုသိုလ်တို့ကဘယ်လိုဆိုထားလို့လဲပြောပြစမ်းပါ။

ဦးစိန်ကဟိန္ဒူဗြဟ္မဏ ကုသိုလ်အကုသိုလ်တို့ကတော့ ယခုမျက်မှောက်မှာလဲ ခံ-စံ-စားရမယ်။ နောက်ဘဝမှာလည်းခံရအုံးမယ်စံရအုံးမယ်လို့ ဟိန္ဒူဗြဟ္မဏဝေဒကျမ်းတို့မှာပါပါတယ်။

ဤနေရာတွင်ဦးကြာကဝင်၍ မေးသည်မှာ ဒီလိုဆိုရင်မဂ်တရားဖိုလ်တရားတို့သည်ကုသိုလ်တရားလား။ အကုသိုလ် တရားလား။

ဦးစိန်က ပြန်၍မဂ်တရားဖိုလ်တရားတို့သည် ကုသိုလ်တရားအကုသိုလ်တရားတို့မှကင်းလွတ်သောတရားလို့ယူထားပါတယ်။

ရဟန်းတော်တပါးကဒါဖြင့်ရင် တကာတို့ကကုသိုလ်အကုသိုလ်ကံတို့ကိုအတိတ်အနာဂါတ်တို့နှင့် လက်မခံဘူးပေါ့။

ဦးစိန်။ ။အတိတ်အနာဂါတ်ဆိုတာ တပည့်တော်တို့နဲ့မဆိုင်ပါ။

ဦးစိန်ကဆက်၍ တပည့်တော်တို့ခံယူထားတဲ့ကုသိုလ်အကုသိုလ်ကတော့ ယခုပစ္စုပ္ပန်တဲ့တဲ့ဘဲယူထားပါတယ်။ သို့မှဓမ္မဂုဏ်ဖြစ်တဲ့သံဋ္ဌိကဓမ္မနဲ့ညီညွတ်ပါမယ်။ ထိုသည့် သံဒိဋ္ဌိကဓမ္မနှင့်ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့တဲ့ မူလပဏ္ဏာသပါဠိတော်သဗ္ဗသံဝရသုတ်၌ ငါသည်ရှေ့ဘာဖြစ်မယ်။ဘယ်သို့ဖြစ်လိမ့်အုံးမယ်။ နောက်ဘဝကဘာဖြစ်ခဲ့တယ်။ ဘယ်ကဲ့သို့ဖြစ်ခဲ့တယ်စသည့်ဗုဒ္ဓရှင်ပညတ်တော်မူခဲ့တဲ့အယူမှာ(၆)မျိုးတို့လဲ အရှင်ဘုရားတို့အသိဖြစ်ပါလိမ့်မယ်။ နောက်ပြီး

တော့သီလက္ခံပါဋ္ဌိတော်ပြဟ္မဇာလသုတ်တွင် (၆၂)ပါးသောမိစ္ဆာဒိဋ္ဌိအယူမှားတွေကို ဟောကြားတော်မူခဲ့ခြင်းကြောင့်တပည့်တော်တို့သည်ထိုသည့်ကုသိုလ်အကုသိုလ်တို့ကိုယခုပစ္စုပ္ပန်မှာ လက်ခံထားပါတယ်။

နောက်ရဟန်းတပါးက ဒီလိုဆိုရင်ဥပမာပြောကြပါစို့။ လူတယောက်သည် လူတယောက်ကိုသတ်တယ်ဆိုပါတော့။ ထိုလူကိုလူသတ်ပါတယ်ဆိုပြီး ထောက်ခံရန်သက်သေမရှိ။ ရဲအရာရှိများကလဲထိုလူလူသတ်သမားဆိုတာမသိ။သို့အတွက်ဒီလူသတ်သမားကိုမဖမ်းဘူး။ ဒါ့ကြောင့် ဒီလူသတ်သမားကိုအကုသိုလ်အကျိုးတရားယခုပစ္စုပ္ပန်တွင်ပေးပြစမ်းပါ။

ဤနေရာ၌ဦးအေးကဝင်၍ပြောပြန်သည်။ အဲဟုတ်တယ်၊ ဟုတ်တယ်။ ကိုင်း သံဒိဋ္ဌိကဓမ္မနဲ့ ယခုပစ္စုပ္ပန်၌အကုသိုလ်အကျိုးပေးပြစမ်းပါဟုပြော၏။

ဦးစိန်။ ။ဖြေပါ့မယ်။အရှင်ဘုရားပြောတဲ့လူသတ်ယောကျ်ားဟာမကောင်းသော အလုပ်ကို(ဝါ)လူသတ်သော အလုပ်ကိုပြုလုပ်ကျူးလွန်သည့်အချိန်အခါတွင်မည်သူမှမတွေ့မမြင်သော်လည်း ၎င်းလူသတ်သမားသည် သူပင်လျှင်မကောင်းမှုကိုကျူးလွန်ထားသည်ကိုသူကိုယ်တိုင်သိထားသည့်အတွက် သွားလာ လုပ်ကိုင်ရှာဖွေသည့်အခါတိုင်းတို့၌ ၎င်းလူသတ်သမားသည် စိုးရိမ်မကင်းနောက်ဆံတတင်းတင်းနှင့်ဆင်းရဲဒုက္ခယခုပစ္စက္ခ၌ခံစားတွေ့ကြုံနေရပါတယ်။အကယ်၍များ၎င်းသည်လူသတ်ထားကြောင်းရဲအရာရှိများသိသွားပါကပို၍ပင် ဆိုးရွားသော ဒုက္ခဆင်းရဲကိုယခုပစ္စုပ္ပန်၌ပင်ခံစားရမည်ဖြစ်ပါတယ်။ ဒါ့ကြောင့်ဗုဒ္ဓရှင်သည်သံဒိဋ္ဌိကောအယံဓမ္မောအကာလိကောအယံဓမ္မောလို့ ဓမ္မဂုဏ်တရားများကိုဟောကြားတော်မူခဲ့

ပါတယ်။ ယခုမကောင်းမှုကိုပြုလုပ်လျှင် ယခု မကောင်းကျိုးရပါတယ်။ ယခုကောင်းမှုပြုလုပ်လျှင်ယခုကောင်းကျိုးရပါတယ်။ ယခုမိုးကိုင်လျှင်ယခုမိုးပွင့်ရပါတယ်ဆိုတာ အလွန်မှန်ကန်သည့်အတွက် တပည့်တော်များသည် ကုသိုလ်အကုသိုလ်ကံတို့၏ အကြောင်းအကျိုးတို့ကို ပစ္စုပ္ပန်မှာခံယူထားပါတယ်။

ရဟန်းတော်များက ဒါကတော့ ဒီလိုယူရင်ကျုပ်တို့လဲလက်ခံပါတယ်။ သဘောလဲကျပါတယ်။ ဒီလိုယူရင်မှန်တယ်။

ဤကဲ့သို့ပြောနေစဉ် ဖျာပေါ်၌လူအများနှင့်ရောထိုင်နေသော ဦးကြာကအခုသူတို့ယူပုံက တပည့်တော်တို့ဝိပဿနာအလုပ်စခန်းဝင်တဲ့မဂ်ကျိုး ဖိုလ်ကျိုး ကူးစပ်သွားပုံကိုယူပြီးပြောနေတာဖြစ်ပါတယ်။ သံသရာရဲ့အကျိုးပေး ကုသိုလ်အကုသိုလ်ကမ္မဝါဒနဲ့ဆန့်ကျင်နေပါတယ်။ တပည့်တော်တို့ ယူထားတဲ့ သံဒိဋ္ဌိကဓမ္မ အကာလိကဓမ္မ ဂုဏ်တွေဆိုတာဝိပဿနာမှာသာ ဘုရားက ဆိုလိုတာပါ။ သူတို့ယူထားတာမှားနေပါတယ်ဟုပြောလေရာ

ဦးအေးကဟုတ်တယ်။ ဟုတ်တယ်။ ဒီလူတွေကုသိုလ်အကုသိုလ်ကိုပယ်တဲ့ လူတွေဟုဆိုပြီး ထိုင်ခုံကိုလက်နဲ့ပုတ်ခါကြွေးကြော်ပြန်လေသည်။

ဦးစိန်ကခင်ဗျားဆဲချလုပ်နေပြန်ပြီ။ ဒီလိုမလုပ်ပါနဲ့။ ခင်ဗျားခံယူထားတာကိုသဘာဝကျကျသာဓကထုတ်ဆောင်ပြီး အေးအေးဆေးဆေးပြောပေါ့။ စာအုပ်ထဲမှာပါတဲ့ စာပေ တွေကိုခင်ဗျားသိထားတာဘယ်နှစ်ခုရှိသလဲ။ ကိုယ်တိုင်ကိုယ်ကျလက်တွေ့သုတေသနလုပ်လို့ရတာမှဓမ္မဖြစ်တယ်ပြောသံကြားနဲ့ရှောက်ပြီးပြော၊စာပေတွေထဲပါတဲ့အတိုင်း ရှောက်ပြီး ဟောနေရင် စာဟောဆရာဘဲဖြစ်မယ်။ဓမ္မစစ်ကိုသိတဲ့လူမဟုတ်ဘူး။သည်တော့ကာမိတ်ဆွေခင်ဗျား

ကျွန်တော်တို့ကို ပြောချင်တာ ပြောနိုင်ပါတယ်။ ဒါပေသည့် ခင်ဗျားမှာ အိန္ဒြေလေးများ ထားပါအုံး။ ယခု ဆွေးနွေးတဲ့အခါမှာဦးပဥ္စင်းများလဲ အေးအေးဆေးဆေးမေးကြလို့ ကျွန်တော်တို့လဲမေးသမျှဖြေနေပါတယ်ဟုပြောလိုက်ရာ-

ရဟန်းတော်များက ဦးအေးကိုလှမ်း၍နည်းနည်းသီးခံရန်ပြောလေသည်။

## တမလွန်ရှိ မရှိ

ဦးတိုးမြင့်ကထ၍ အခုလိုဆွေးနွေးရန်ကိစ္စအတွက်ကျွန်တော်ညနေကအရေးတကြီး ရွှေတောင်ကျောင်းသွားပြီး အခုရဟန်းတော်များကိုပင့်စဉ်ကဘဲဆရာတော်ကြီးက မင်းတို့ဆွေးနွေးရင်နှစ်ဦးနှစ်ဘက်စိတ်ချမ်းချမ်းသာသာဖြစ်အောင် ဆွေးနွေးကြပါ။ အကယ်၍စိတ်မချမ်းသာစရာတဖက်ဖက်ကဖြစ်ရင် ဘာမှမလုပ်ကြနဲ့ကောင်းကောင်းမွန်မွန်ဆွေးနွေးပွဲကို ဖျက်ပြီးပြန်သာလာခဲ့ကြလို့မှာလိုက်ပါတယ်။ဒီအထိကျွန်တော်တို့သတိထားပါတယ်။ဆရာတော်ကြီးကလဲအထူးဘဲမှာလိုက်ပါတယ်။ အမှန်ပြောရမယ်ဆိုရင်အခုလာကြတဲ့အဖွဲ့ဝင်တွေကညွှန်သည်တွေပါ၊ကျွန်တော်တို့ကအိမ်ရှင်ဖြစ်တဲ့မြို့ခံလူတွေဆိုတော့ညွှေ့ဝတ်ကိစ္စများတောင် ကျွန်တော်တို့မှာပြုစုနိုင်ရင်ပြုစုဘို့တာဝန်ရှိပါတယ်။ ဒါပေမဲ့အချိန်ကလဲမရဖြုံးကနဲစီစဉ်ရတဲ့ကိစ္စလဲဖြစ်နေတော့ နဲနဲတော့သီးခံကြစေလိုပါတယ်။ ကဲဆက်ပြီးမေးစရာရှိတာတွေမေးပါ့မယ်။ဦးပဥ္စင်းများဘုရား။သူတို့ကိုတမလွန်ရှိမရှိမေးဘို့လိုပါတယ်ဘုရား။

ဤတွင်ဦးစိန်က ဦးပဥ္စင်းများအမေးမစောင့်ဘဲဦးတိုးမြင့်ပြောသွားတာကိုပင်ပြန်၍ဖြေသည်။ ဒါကတော့ကျွန်တော်တို့နဲ့မဆိုင်ပါ

ဦးပဥ္စင်းတပါးကဒါဖြင့်ရင် ခင်ဗျားတို့(၃၁)ဘုံကိုလက်မခံဘူးလားဟုမေးလေ၏။

ဦးစိန်က အရှင်ဘုရားမေးတဲ့(၃၁)ဘုံထဲကတပည့်တော်တို့မျက်စိနဲ့ မြင်ရတာကတော့ရှင်းရှင်းတင်ပြရရင်လူနဲ့ တိရစ္ဆာန်တို့ကိုတော့ တပည့်တော်တို့ သေသေချာချာ မြင်တာရှိပါတယ်။ ကျန်တဲ့(၂၉)ဘုံကတော့တပည့်တော်တို့ မြင်လဲမမြင်ဘူးပါ။ ဒါကြောင့်တပည့်တော်တို့နဲ့ မဆိုင်ဘူးလို့ ယူဆပါတယ်။

ရဟန်းတော် တပါးကမေးမြန်းသည်။ ဒါဖြင့်ရင်(၃၁)ဘုံကို ဘုရားမဟောဘူးလား။

ဦးစိန်ကသီလက္ခံပါဠိတော်၌ ဝါသေဋ္ဌဘာရဒွါဇ ပုဏ္ဏားလုလင်နှစ်ဦးတို့အယူ၊ ၎င်းနောက် ပေါဋ္ဌပါဒပုဏ္ဏား၏အယူ၊ ထို့နောက် ဗြဟ္မဇာလသုတ်စသည်တို့ကိုအရှင်ဘုရားတို့ပြန်၍ကြည့်ရှုလျှင်(၃၁)ဘုံအယူ ယူထားတဲ့ပုဂ္ဂိုလ်တွေဟာဗြဟ္မဏပုဏ္ဏားများရဲ့အယူဝါဒတွေဖြစ်ကြောင်းပါရှိပါတယ်။ တပည့်တော်တို့ ဗုဒ္ဓရှင်၏အယူဝါဒမဟုတ်ပါဘူး။

ရဟန်းတော်တပါးကဒီလိုဆိုရင်(၃၁)ဘုံရှိတယ်ယူမလား။ မရှိဘူးလို့ယူမလား။

ဦးစိန်ကဒီကိစ္စနဲ့ ပတ်သက်လို့ ဖြေရမယ်ဆိုရင် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ကစ္စာနဂေါတ္တမထေရ်ကဗုဒ္ဓရှင်ကိုမေးသည်မှာ အရှင်ဘုရားတပါးသောလောကရှိပါသလော။ သို့မဟုတ်မရှိပါသလောဟု ဤသည့်မေးခွန်းကိုမေးပါတယ်။ ဒီတော့ကာမိန့်ဆိုတော်မူသည်မှာ ကစ္စာနလောကသမုဒယဉ္စအတ္ထိ လောကနိရောဓဉ္စနတ္ထိလို့ ဟောပါတယ်။အဓိပ္ပါယ်ကတော့-ကစ္စာန အိုကစ္စာန၊လောကသမုဒယဉ္စ။ ဤလောက၌အစွဲဥပါဒါန်ရှိသောသူသည်တမလွန်လောကရှိသည်ဟု အယူရှိ၏။ ကစ္စာန အိုကစ္စာန ဤလောက၌ အစွဲဥပါဒါန်ချုပ်ငြိမ်းသောသူသည်တပါးသောလောကမရှိဟူ၍ အယူရှိ၏ ဟုမိန့်ဆိုထား

သည်ကိုထောက်ရှုလျှင် ရှင်းနေပါတယ်။ တပည့်တော်တို့လဲတပည့်တော်တို့မျက်စိနဲ့မမြင်ရတဲ့ တပါးသောလောကကို အစွဲဥပါဒါန်မရှိပါ။

ဤတွင်ဦးအေးသည်ကားထုံးစံအတိုင်း ထိုင်နေသော ခုံလက်တန်းကိုတဘုံးဘုံးပုတ်ခါ ဟောဒါပြီ၊ဒါပြီ၊ဒီလူတွေ(၃၁)ဘုံပယ်တဲ့လူတွေဘဲ၊ဒါကိုဖမ်းတာဗျ။ ဒါကို ဒီကဖမ်းကြတာဘဲနှင့်ထ၍အော်ပြန်တော့လေသည်။

ဦးစိန်ကနေပါအုံးဦးအေး၊ ခင်ဗျားဟာခင်ဗျားဖမ်းရုံမကလို့ဘာဘဲလုပ်လုပ်ကျုပ်တို့က (၃၁)ဘုံရှိသည်ဟု ဆိုသည့် နေရာမှာကျုပ်တို့မြင်တာကျုပ်တို့သိတာနှစ်ဘုံရှိတယ်။ ကျန်သည့်ဘုံ(၂၉)ဘုံကိုတော့ကျုပ်လဲမမြင်ရဘူး။ သိလဲမသိပါဘူး။နောက်ပြီးဗုဒ္ဓရှင်ကိုယ်တော်တိုင်လဲ ပယ်သွားတော်မူတယ်။ ထို့နောက်လူသားတွေကိုလဲမမြင်ရတာတွေကိုစွဲမက်မနေကြနဲ့လို့ဆုမ္မတော်မူသွားတာကိုယခု ဦးပဥ္စင်းများကို လျှောက်ထားပြေကြားနေတာ အထောက်အထားတွေခိုင်လုံစွာရှိပါတယ်။ ဤကဲ့သို့ခင်ဗျားဟာဘယ်ပါဠိတော်ကဘယ်လိုဆိုထားပါတယ်။ မည်သူ့ကိုအကြောင်းပြု၍ ယင်းကဲ့သို့ဟောတော်မူခဲ့တယ် စသည်ဖြင့်ပြောပါ။ ငြင်းချက်ထုတ်ပါ။ ယခုတော့ဒီလိုမဟုတ်ဘဲ ခင်းဗျားမှာ အိန္ဒြေ ကင်းမဲ့စွာပြုမူနေတာကတော့မသင့်ဘူးလို့ ထင်ပါတယ်။ ခင်ဗျား မကျေနပ်ရင်မေးခွန်းထုတ်ပေါ့ဟုပြောလိုက်ရာ-

ရဟန်းတော်များက ကဲ–ကဲ ဒါကတော့ ထားပါတော့ဟုပြောကြလေ၏။

ရဟန်းတော်တပါးက ကဲ–ဦးပဥ္စင်းမေးပါအုံးမယ်။ ကာမဘုံရူပဘုံ အရူပဘုံ ဆိုတာတော့ တကာတို့အနေနဲ့ဘယ်လိုယူပါသလဲ။ ပယ်ကောပယ်သလား။

ဦးစိန်က အဲဒီ ယခုအရှင်ဘုရားမေးတဲ့ကာမဘဝ–ရူပဘဝ–အရူပဘဝဆိုတာတပည့်တော်တို့လက်ခံထားပါတယ်ဟု ဖြေလိုက်ရာ-

ယခုတကြိမ်တော့ဦးအေးရော ဦးတိုးမြင့်ကပါဆူပွက်လေတော့သည်။ အခုနကတော့ဘာဘုံမှမရှိဘူးဆိုပြီး အခုကာမဘုံ–ရူပဘုံ-အရူပဘုံတော့လက်ခံတယ်ပြောပြန်ပြီ။ဘယ်နှယ်ဟာလဲဗျ။ ဒီလူ ရှေ့စကား နောက်စကားမညီဘူးဟု ပြောလေသည်။

တချိန်လုံးတိတ်ဆိတ်စွာနားစိုက်ထောင်လာသော တောင်တွင်းအဖွဲ့မှလူများကပါဝင်၍ ဖြေတာကိုဆုံးအောင်နားထောင်ပါအုံး။ ဘယ်မှာမရှိဘူးပြောသလဲ။ မမြင်လို့ မသိဘူးလို့ ပြောတာ။ဒီလူတွေမတရားသက်သက်စွပ်စွဲပြောဆိုနေကြတာဘဲစသည်ဖြင့်ပြောဆိုကြလေသည်။ တောင်တွင်းအဖွဲ့မှပါလာသောရဟန်းလူထွက်ပထမကြီးအောင်သူတဦးကထ၍ ရဟန်းတော်များရှေ့သို့ သွားပြီး မတ်တပ်ရပ်လျက်လက်အုပ်ချီကာ ပါဠိတော်သည် အကောက်အယူဟာ အလွန်နက်နဲပါတယ်။ ကိုယ်တော်တို့ တွေ့ဘူးတဲ့စာပေနဲ့မတူလျှင်မှားသည်ဟုဆိုလျှင်မဖြစ်နိုင်ပါ။ ပါဠိတော် လာသည့်အတိုင်းနှလုံးမသွင်းဘဲသစ္စာကိုက်မကိုက်၊ သဘာဝကျမကျ ကိုယ်တိုင်ကိုယ်ကျ စီမံသဝိစရဏာဖြင့် ထောက်ချင့်၍လက်ခံပါရန် လျှောက်ထား လေသည်။

ရဟန်းတော်များက ပရိသတ်ကိုတားသဖြင့်ပရိသတ် များသည် ဆိပ်ငြိမ်သွား၏။ ဦးအေးမှာ ကြောင်တိကြောင်တောင်နှင့် စပ်တိစပ်ဖြဲဟိုကြည့်ဒီကြည့် ဖြစ်နေသည်။ ရဟန်းတော်များက ဖြေပါဟု ပြောကြသည်။

ဦးစိန်ကဆက်၍ အခုန တပည့်တော်တို့က မျက်စိနဲ့မြင်တွေ့ရသောလူနှင့်တိရစ္ဆာန်တို့ကိုတော့ရှိသည်ဟု သိရသည်။ ရင်းနောက်

(၂၉)ဘုံ တော့လက်တွေ့မျက်တွေ့ မဟုတ်ခြင်းကြောင့်မသိဘူးလို့ ဖြေခဲ့ပါတယ်။ ယခုဦးပဥ္စင်းများ မေးထားတဲ့ကာမဘဝ–ရူပဘဝ– အရူပဘဝကိုတပည့်တော်တို့လက်ခံပါတယ်။တပည့်တော်တို့လက်ခံ ဒါက ရူပ ကတော့ရုပ်၊ ဘဝကတော့ ဖြစ်သည်။ ဒီတော့ကာ၊ (ရင်ဘတ်ကိုပုတ်၍)ဟောဒီတပည့်တော်၏ ခန္ဓာကိုယ်ရုပ် ဖြစ်နေ တာကိုရူပဘဝလို့ယူပါတယ်။အရူပ ဘဝကတော့အရူပရုပ်မဟုတ် သောနာမ်ဘဝဆိုတာကဖြစ်သည်။ တပည့်တော်၏ ခန္ဓာကိုယ်ရုပ် ကိုမှီး၍နာမ်တရားဖြစ်သည်၊ကာမဘဝဆိုတာကတော့တပည့်တော် တို့၏ခန္ဓာကိုယ်ရုပ်ဒ်သဘာဝမှကပြုပြင်ထားတဲ့မျက်စိနားနှာလျှာ ကိုယ်ဟူ၍ငါးမျိုးအပြင်လောကမှာလဲသဘာဝမှပြုပြင်ထားတဲ့ အ ဆင်း–အသံ–အနံ့–အရသာ–အတွေ့–အထိဆိုတဲ့ ငါးပါး။ ၎င်းတို့ တိုက်ဆုံကြတဲ့အခါတို့၌ဆာမှုဆိုတဲ့ တဏှာဥပါဒါန်ဖြစ်ပေါ် လာပါ တယ်။ဒါကိုကာမဘဝလို့ ခံယူထားပါတယ်။

ရဟန်းတော်များသည်ဦးစိန်၏ဖြေပုံသဘောလက္ခဏာကိုအာ ရုံကပ်တော်မူကြဟန်တူသည်။ တပါးတလှည့်စီကြည့်နေကြသည်။ မည်သူကမည်သို့ထပ်ဆင့်၍ မေးမည်ကို အကဲခပ်ကြဟန်တူသည်။ မည်သူကမျှမမေးကြသေးတဲ့အတွက် ဦးစိန်ကဘဲဆက်၍တင်ပြပြန် သည်။

တပည့်တော်တို့ ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့တာတော့ ယခုပစ္စ က္ခဖြစ်ရှိနေတဲ့ခန္ဓာကိုယ်ကာယတွင်မျက်စိ-နား-လျှာ-ကိုယ်ဟုဆိုတဲ့ ရုပ်တရားတွေနဲ့ အပြင်လောကမှာရှိတဲ့ အဆင်း-အသံ-အနံ့-အရ သာ-အတွေ့အထိဆိုတဲ့ရုပ်တရားတို့နဲ့ တိုက်ဆုံကြတဲ့အခါတို့၌အမှန် မသိသောကြောင့် တတ်မက်စွဲလမ်းသော တဏှာ ဥပါဒါန်တို့ဖြစ်၍ လာ၏။ ယင်းသည့်တဏှာ ဥပါဒါန်တို့ဖြစ်လာလျှင်ဒုက္ခဆင်းရဲအ ကျိုးတရားဖြစ်၏။ ထို့ကြောင့်ဗုဒ္ဓရှင်ကစက္ခုံ ဥဒပါဒီလို့ ဟော

ထားပါတယ်။ဒီတော့ကာမျက်စိကလဲ ရုပ်၊ အဆင်းကလဲရုပ်၊ ဤကဲ့သို့ရုပ်ဘဲလို့ အမှန်မြင်အမှန်သိလျှင် အစွဲဥပါဒါန်မဖြစ်တော်ပါဘူး။ထိုသည့်အစွဲဥပါဒါန်ဖြစ်ပေါ်၍မလာလျှင် ဒုက္ခတည်းဟူသောဆင်းရဲချုပ်ငြိမ်းပါတယ်။ ဤကဲ့သို့ တပည့်တော်များသုတေသနပြုလုပ်၍သိရှိခံယူထားပါတယ်။

ရဟန်းတော် များသည် ဆက်၍ မေးမြန်းခြင်းမရှိသေးပေ။ စကားအစဉ်အနည်းငယ်ပြတ်သွားကြပြီး တခမ်းလုံးတိတ်ဆိတ်ငြိမ်သက်၍နေလေသည်။

ဤအချိန်တွင်တိုက်ရှင်ဦးတင်ကရဟန်းတော်များအားလိမ္မော်များကပ်လေသည်။ ရဟန်းတော် များသည် လိမ္မော်ရည်များကိုချက်ချင်းမသုံးဆောင်ကြသေးဘဲ ရှေ့တွင်ရှိသောစားပွဲပေါ်၌သာတင်ထားလိုက်ကြ၏။ အချိန်မှာ(၉)နာရီကျော်ကျော်မျှရှိလာပြီ။ တိုက်အပြင်၌မိုးမှောင်ကျလျက်ရှိ၏။မိုးပေါက်များလည်းတခါတရံကျလျက်ရှိ၏။ တိုက်အပြင်မှနေပြီးတိုက်အတွင်းသို့ တံခါးများအကြားမှလှမ်း၍ကြည့်ရှုနားထောင်နေသူများလည်း အတော်များလေသည်။ စကားအစဉ်ပြတ်နေရာမှ ဆက်၍မေးလေသည်။

ရဟန်းတော် တပါးကတကာကြီး တို့ ခန္ဓာကိုယ်မှာ လောဘတရားမရှိဘူးလား။

ဦးစိန်ကတပည့်တော်တို့ ခန္ဓာကိုယ်၌ လောဘ တရားသည်အစဉ်ရှိသည်လို့မယူပါ။ အဖြစ်တရားလို့သာ ခံယူထားပါတယ်။

## အနုသယဆိုတာ

ကိုယ်တော်တပါးကဒါဖြင့်ရင်ကိလေသာတရားအနုသယတရားတို့ဟာခန္ဓာကိုယ်မှာတည်ရှိနေတဲ့တရားလို့မယူဘူးလား။

ဦးစိန်ကမှန်ပါ။ ခန္ဓာကိုယ်၌ဤတရားတို့သည်အစဉ်တည်ရှိနေတယ်လို့တပည့်တော်တို့မယူပါ။ အကြောင်းအားလျော်စွာတိုက်ဆိုင်ကြလျှင်ဖြစ်လာတဲ့တရားဖြစ်သောကြောင့်အဖြစ်တရားလို့သာ ခံယူထားပါတယ်။

ဤနေရာတွင် ဦးတိုးမြင့်ရော ဦးအေးတို့ပါဆွဲပွက်ကြပြန်လေသည်။ဟော–အနုသယဆိုတာ မရှိဘူးတဲ့။ဘုရားပွင့်လာရတာဟာ အရေးအကြီးဆုံးဖြစ်တဲ့ဒီအနုသယအတွက်ပွင့်ရတာဘဲ။ ဒီလူတွေ အနုသယကိုပယ်ကြပြန်ပြီဟု ပြောဆိုကြလေသည်။

ဦးစိန်ကကျွန်တော်ပြောတဲ့စကားမှာပယ်တယ်လို့ပါသလား။ ခင်ဗျားတို့ဟာမတရားပြောနေကြတာဘဲ။ကျွန်တော်ပြောတာက အစဉ်ရှိတဲ့တရားမဟုတ်ဘူး။ အဖြစ်တရားလို့သာ ပြောသွားပါတယ်။

ကိုယ်တော်တပါးက အနုသယယမိုက်တခုလုံးပယ်တာကို ဟု မှတ်ချက် ချလိုက်လေတော့သည်။

ဦးစိန်ကထပ်ဆင့်ပြန်သည်။ နေပါအုံးကိုယ်တော်။ ဗုဒ္ဓရှင်က လောဘတရား၊ ဒေါသတရားစသည် (၇)ပါးသောတရားတို့သည် အကြောင်းတိုက်ဆိုင်ကြလျှင်ဖြစ်၍လာသည်။ ထိုသည့်အဖြစ်တရားစု တို့ကိုလက်ခံ သိမ်းပိုက်ထားသော သတ္တဝါတို့သည်ဆင်းရဲ၏။ ယင်းသည်အဖြစ်တရားများကို မျက်စိ-နား-နှာ-လျှာ-ကိုယ် တို့နှင့် အဆင်း–အသံ–အနံ့–အရသာ–အတွေ့အထိ တို့နှင့် တိုက်ဆိုင်ကြတဲ့အခါလောဒေါသ မောဟတရားတို့သည် ဖြစ်ပေါ်၍ လာလေဘည်။ ထိုတရားစုတို့ ဖြစ်ပေါ်၍မလာနိုင်ရန်၊ သမ္မာဒိဋ္ဌိအမြင်မှန် ရရှိရန်ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့ပါတယ်။ ထိုသည့်အဖြစ်တရားကို အဖြစ်တရားလို့ အမှန်မြင်အမှန်သိလျှင် ထိုတရားစုတို့ကို ပယ်ကြ

လော့။ စွန့်ကြလော့လို့ ဗုဒ္ဓရှင်ဟောခဲ့တဲ့ ဓမ္မစကားပါပါတယ်။ ဒါကိုအရှင်ဘုရားတို့ကအစဉ်ရှိသည်လို့ လက်ခံသိမ်းပိုက်ထားပါက တပည့်တော်တို့ကဘာမျှမတတ်နိုင်ပါ။

ဦးအေးကအနုသယအတွက် ဘုရားပွင့်လာတာ ဝိတိက္ကမ ကိလေသာ ပရိယုဋ္ဌာနကိလေသာ၊ အနုသယကိလေသာတွေ ပယ်ရှင်ဘုရားပါပယ်တာဘဲ။ ဒါရှင်းနေပြီ။ ဒီလူတွေ ချွတ်လို့ရမဲ့လူတွေ မှတ်ပါဘူးဘုရာ့။

ဦးစိန်သည် ဆေးပေါလိပ်ကလေး သောက်နေရင်း ဖြတ်ခနဲ ဦးအေးသို့လှမ်းကြည့်ရင်း၊ ဘာလဲကျွန်တော်တို့က ခင်ဗျားတို့ဆီလာပြီး အချွတ်ခံဘို့လာတယ်များ မှတ်နေသလား။ ချွတ်နိုင်ရအောင် ခင်ဗျားတို့ကဘာမို့လို့လဲဟု ခတ်ဆတ်ဆတ်ပြောလိုက်ရာ ဦးအေးသည် ထုံးစံကတိုင်း စပ်ဖြဲဖြဲနှင့်ငြိမ်သွားပြန်သည်။

မျက်မှန်နှင့် ကိုယ်တော်က ဆက်၍ အနုသယ-ယမိုက်ဆိုတာ ကြည့်ဘူးရဲ့လား။

ဦးစိန်က မှန်ပါ၊ တပည့်တော်ကြည့်ဘူးပါတယ်။ အဲဒီအနုသယဆိုတဲ့ပါဠိကို မြန်မာလိုပြန်ဆိုစေလိုပါတယ်ဘုရား။

မျက်မှန်နှင့်ကိုယ်တော်က အနု-ဆိုတာ အစဉ်လို့ပြန်တယ်။ သယ-ဆိုတာကတော့ ကိန်းဝပ်ခြင်း၊ ဒီတော့ အစဉ်ကိန်းဝပ်တဲ့ တရားလို့အဓိပ္ပါယ်ရတယ်ဟုဆိုလိုက်ရာ။

ကိုယ်တော်တပါးက အဲဒီအနုသယ-ယမိုက်မှာ သတ္တသန္တာနေ အနု-အနုသေန္တိ အနုသယာ လို့ဆိုထားတယ်။ သတ္တဝါတို့၏ သန္တာန်၌ အစဉ်ကိန်းနေတဲ့တရားလို့ဆိုထားတယ်။ ဒါကိုလက်မခံဘူးလား။

ဦးစိန်က မှန်ပါ၊ သတ္တဝါတို့၏၏ခန္ဓာကိုယ်၌ အစဉ်ကိန်းတယ် ဆိုတာတော့တပည့်တော်တို့လက်မခံပါ။ ဒီလိုသတ္တဝါတို့၏ ခန္ဓာ အတွင်း၌ အပဉ်ကိန်းနေတယ်ဆိုလျှင် သိဒ္ဓတ္ထဟာ ဗုဒ္ဓအဖြစ်သို့ ရောက်ဖို့ရန် ခဲရင်းမနေဘူးလား။

ဦးအေးက ဘုရားက၊ အနုသယအတွက်ပွင့်တာ၊ အနုသယအ တွက်ပွင့်တာနှင့် ထပ်လုပ်နေပြန်သေးရာ အရှေ့ဘက်အနီးဆုံး ကိုယ်တော်တပါးက လက်ကာ၍တားလိုက်လေသည်။

ဦးစိန်ကထပ်၍ဆက်ပြန်သည်။ အနုသယကြောင့် ဘုရားဖြစ် တာမဟုတ်ဘူး။ အနုသယကိုအကြွင်းမဲ့စွန့်ခွါလိုက်လို့ ဘုရားဖြစ် တာ ခင်ဗျားမှတ်ထား။

ဦးစိန်ကဆက်၍ အခုနအရှင်ဘုရားတို့ပြောသွားတဲ့ အနုသယ ဟာ လူသားတို့၏ခန္ဓာကိုယ်၌ အစဉ်ကိန်းဝပ်နေတဲ့တရားဆိုတော့ အမြဲရှိတဲ့တရားလို့ ဒီလိုအရှင်ဘုရားတို့ယူထားတယ်မဟုတ်လား။

ရဟန်းတော်များက ဟုတ်ပါတယ်ဟုဆိုကြ၏။

ဦးစိန်က ဒါဖြင့်ရင် ဒီလောဘ၊ ဒေါသ၊ မောဟ အစရှိသော တရားတွေဟာ အရှင်ဘုရားတို့အဖို့အစဉ်ရှိတယ်လို့ ယူထားလျှင် အရှင်ဘုရားတို့ယူထားနိုင်ပါတယ်။ တပည့်တော်တို့အနေနဲ့တော့ ဖြစ်လာတဲ့အဖြစ်တရားလို့ခံယူထားပါတယ်။

ဦးပဥ္စင်းများ ငြိမ်၍ကြည့်နေကြပြန်သည်။

ဦးစိန်ကဆက်၍ပြောပြန်၏။ တပည့်တော်တို့ကတော့ မမေး ဘဲ အရှင်ဘုရားတို့ကမေးတဲ့အမေးကိုသာဖြေခဲ့ပါတယ်။ ဒါပေမဲ့ ဒီတခုတော့မေးပရစေ။ ဗုဒ္ဓရှင်သည် အနိစ္စတရားကိုဟောခဲ့ပါ သလား။ နိစ္စတရားကိုဟောခဲ့ပါသလားဟု မေးလိုက်ရာ-

ဤတွင် ကိုယ်တော်များသည် တပိုင်နက်တည်းဒီလိုတကာက အစတည်းက အနိစ္စဆိုလိုက်ရင် ကျုပ်တို့လက်ခံပါတယ်။

မျက်မှန်နှင့်ကိုယ်တော်က အနုသယကို မကျေနပ်ဟန်တူသည်။ လိမ္မော်ရည်ဖန်ခွက်ကို ကိုင်၍မျှောက်ပြီး ကဲ-ကဲ-ဒီအနုသယ အစဉ်မရှိဘူးဆိုရင် ဟောဒါဘာလဲဟုမေးလိုက်လေသည်။

ဦးစိန်က လိမ္မော်ရည်ပါဟု ဖြေလိုက်၏။

ကဲ–အခုကျုပ်သောက်လိုက်ပြီဟု(သောက်ပြသည်) ကဲ-ဘယ်ရောက်သွားပလဲ။

ဦးစိန်က အရှင်ဘုရားဗိုက်ထဲရောက်သွားပါတယ်။

ဒီလိမ္မော်ရည်ပျောက်သွားပလား။

ဦးစိန်က မှန်ပါပျောက်သွားပါပြီဟုဖြေလိုက်၏။

လိမ္မော်ရည်လေ ဘယ်မှာပျောက်သွားလို့လဲ။

ဦးစိန်က မှန်ပါ၊ ပျောက်သွားပါပြီ၊ အရှင်ဘုရားသေးပေါက်ကြည့်ပါ။ လိမ္မော်ရည်ပြန်ထွက်လာသေးရဲ့လား။

ဤနေရာတွင်ပရိတ်သတ်တို့များသည် ဝေါ-ကနဲ ရယ်မောကြလေသည်။

ရဟန်းတော်များက အစဉ်ရှိသည်၊ အစဉ်ကိန်းဝပ်နေသည်ဆိုသော အနုသယခေါ်သည့် လောဘ၊ ဒေါသ၊ မောဟတို့ကိုခိုင်မာအောင် သာဓကဆောင်ပြကြကာမှ ဦးစိန်က ဗုဒ္ဓရှင်ဟောတော်မူခဲ့သည့် အနိစ္စတရားကို တင်ပြဖြေကြားလိုက်သည်တွင် အကြပ်ကျသွားတော့ရာ၊ ရှေ့ဆက်ရန်ပင် အတော်စိတ်မောသွားကြဟန်တူသည်။ အချို့သောကိုယ်တော်များက စိတ်ပျက်လာကြဟန်တူသည်။ ထိုင်နေသောနေရာမှ တပြင်ပြင်နှင့် တိုက်၏သံတံခါးကိုသာ လှမ်း၍ကြည့်ကြလေသည်။

\+ \+ \+

## ဘာလဲပြိတ္တာဆိုတာ

မျက်မှန်နှင့် ကိုယ်တော်ကပင် ဆက်လက်၍ ဒီနေ့သယကိုတော့ ထားပါတော့လေ။ နောက်တခုမေးချင်တာကတော့ တကာကြီးတို့ ပြိတ္တာကိုကော၊ တကာကြီးတို့အနေနဲ့ ရှိတယ်မရှိဘူးဆိုတာ ဘယ်လိုလက်ခံပါသလဲ။

ဦးစိန်က တပည့်တော်တို့ ပြိတ္တာဆိုတာ မမြင်ဘူးတဲ့အတွက် မသိပါ။

ထို့နောက် ရဟန်းတော်တပါးက တကာကြီးတို့ကိုပြိတ္တာပြရင် ကောယုံမလား။

ဦးစိန်က အရှင်ဘုရားက ပြိတ္တာကိုပြမယ်ဆိုရင်ပြပါ။ တပည့်တော်တို့မြင်တွေ့ရလျှင် ယုံရမှာပေါ့-ပြပါဘုရား။

ထိုရဟန်းတော်က ဘုရားရှင်က ဒီလောကသား သတ္တဝါတွေ ပြိတ္တာချည်းဘဲလို့ ဟောထားခဲ့တယ်။ ထို့ကြောင့် ယခုကျုပ်တို့ ကစပြီး ဟောဒီပရိတ်သတ်တွေဟာလဲ ပြိတ္တာတွေဆိုတာ တကာကြီးမယုံဘူးလား။ လက်မခံဘူးလား။

ဦးစိန်က ယခုအရှင်ဘုရားပြောသွားတာဟာ ဋီကာကျော်မှာပါသော (လောဘောပေတ္တဝိသယံဥပ္ပဇ္ဇတိ) လို့ဆိုထားတယ် မဟုတ်ပါလားဘုရား။

ထိုသည့်ကိုယ်တော်က ဟုတ်ပါတယ်ပြောလေသည်။

ဦးစိန်က ဆက်၍ ဒါကတော့ အရှင်ဘုရားတို့ ကြိုက်နှစ်သက်သလိုယူပါ၊ ယူနိုင်ပါတယ်။ တပည့်တော်တို့ကတော့ဒီလိုမယူနိုင်ပါ။ ဘာကြောင့်လဲဆိုတော့တပည့်တော်ကိုယ် တပည့်တော် လူလို့သိထားပါတယ်။ တပည့်တော်နှင့်တကွ၊ အရှင်ဘုရားရော။

ဟောဒီပရိတ်သတ်ပါ တပည့်တော်နှင့် ပုံစံတူ၊ ဘဝတူဖြစ်နေတာကို မြင်ရသိရတော့ အားလုံးဘဲ လူတွေချည်းဘဲလို့ တပည့်တော်အမှန်မြင် အမှန်သိပါတယ်။ သို့အတွက် တပည့်တော်တို့ဇွေ့ရှိရတာကတော့ ဟိုပေတဝတ္ထုထဲမှာ ရေးသားထားတဲ့ စာပေကတော့ ပြိတ္တာတို့၏ပါးစပ်ပေါက်ဟာ အပ်နဖါးပေါက်လောက်ရှိတယ်လို့ ရေးသားထားပါတယ်မဟုတ်လားဟုပြောရာ—

ကိုယ်တော်တပါးက ဟုတ်ပါတယ်၊ ပါပါတယ်ဟုဖြေ၏။

အဲဒီလိုဆိုထားတော့ တပည့်တော်တို့မှာပါရှိတဲ့ ပါးစပ်ပေါက်ဟာ စားချင်တာစား၊ ဝလွယ်ပါတယ်။ စားလဲစားနိုင်ပါတယ်။ သို့ပါသောသောကြောင့် တပည့်တော်မှာ လူဖြစ်နေသည်အတွက် လူဘဲလို့ အမြင်မှန်သိပါတယ်။ ဒီတော့ကာ တပည့်တော်ရှင်းရှင်းနှင့် ဘွင်းဘွင်းတင်ပြရရင် ပြိတ္တာဆိုတာကို ပြိတ္တာအချင်းချင်းမှ မြင်နိုင်ပါတယ်။ သိနိုင်ပါတယ်။ တပည့်တော်တော့ ပြိတ္တာကို မမြင်ရလို့ မသိပါ။

ဤတွင် အာရုံစိုက်၍နားထောင်နေကြသော ပရိသတ်တို့သည် ဝါးကနဲရယ်မောကြလေသည်။

ကိုယ်တော်တပါးက ဒီလိုမယုံရင် တကာတို့ကဘယ်လိုမှယုံကြမလဲ-ဟုမေးရာ၊

ဦးစိန်က တပည့်တော်တို့ကတော့ တပည့်တော်တို့ခန္ဓာကိုယ်ရှိတဲ့ ပဉ္စာရုံဆိုတဲ့ မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်-ဆိုတဲ့ ရုပ်တရားတွေဟာ အကြည်အလင်ရှိနေပါတယ်။ ဒီရုပ်တရားစုနဲ့ အဆင်း၊အသံအနံ့၊အရသာ၊အထိအတွေ့တို့နဲ့ တိုက်ဆုံတဲ့အခါမှာ ကိုယ်တိုင်မြင်၊ကြား၊နံ-လျက် ထိတွေ့ဘူးတယ်ဆိုရင်တော့ တပည့်တော်တို့ယုံပါတယ်။

ဤနေရာတွင် ထိုင်နေသောဦးတိုးမြင့်ကထ၍မေးမည်အပြုတွင် နေနေဦးတိုးမြင့် ကျုပ်မေးမယ်-ဆိုပြီး မျက်မှန်နှင့် ကိုယ်တော်က ဒါဖြင့် ကောင်းပြီ။ ခင်ဗျားတို့က မျက်စိ၊နား၊ လျှာ၊ ကိုယ်နဲ့ တွေ့မှ ယုံမယ်ဆိုရင် တကာကြီးမမွေးခင်က တကာကြီးအမေနဲ့ အဖေကို ကိုယ်တိုင်မမြင်ရဘဲနဲ့ ဘယ့်နှယ်လုပ်ပြီး အမေနဲ့အဖေ လို့သိသလဲ။

ဦးစိန်က ဒါကတော့ရှင်းပါတယ်။တပည့်တော်မှမမွေးသေးဘဲ တပည့်တော်အမေနဲ့ အဖေမဟုတ်ပါ။ တပည့်တော်ကို မွေးလာကာမှ တပည့်တော်ရဲ့အမေအဖေဆိုတာတပည့်တော်သိတာပေါ့။

ထိုသည့်ကိုယ်တော်က ဒါဖြင့်ကောင်းပြီ၊ တကာကြီးအဖေရဲ့ အဖေကိုကောသိရဲ့လား။

ဦးစိန်က အဘိုးလဲသိတယ်။ အဖွားလဲသိတယ်။ ဘိုးဘွားဘီဘင်မှ အဆက်ဆက်လူဖြစ်လာတာကိုလဲ တပည့်တော်သိပါတယ်။ ဘာ့ကြောင့်သိပါသလဲဆိုရင် တပည့်တော်လဲ လူဖြစ်နေလို့အဖေအမေကိုအမှန်သိပါတယ်။ဒီတော့ကာ တပည့်တော်တို့မျက်မြင်မှာ အဖေကိုအဖေမှန်းမသိတာ၊ အမေကိုအမေမှန်း မသိတာကတော့ ခွေးကတော့မသိပါဘူး။ ဒါဟာ ရှင်းနေပါတယ်ဘုရား-ဟု ပြောလိုက်ရာ-

ပရိသတ်တို့သည် ဝါးကနဲရယ်မောကြလေသည်။

ထိုသည့်ကိုယ်တော်က အခု တကာကြီးပြောတာ မလွန်ဘူးလားဟုမေးရာ-

ဦးစိန်က ဒါဟာ အမှန်အတိုင်းပေါ်လွင်ရန် ဥပမာပြု၍ အရှင်ဘုရားတို့သဘောပေါက်အောင် တင်ပြဘို့ဖြေဆိုရတာပါ။ ဒါဟာ မလွန်ပါဘူး ဦးပဥ္ဇင်း။

ဦးတိုးမြင့်ကဆက်၍ ကောင်းပါပြီ။ မျက်စိနဲ့မြင်မှ ယုံမယ် ဆိုရင် မျက်စိနဲ့ကြည့်လို့မမြင်ရတဲ့ တိရစ္ဆာန်တွေ ဒီလောကမှာ ဘယ့်ကလောက်များမလဲ။ ဒါတွေကို ခင်ဗျားတို့မျက်စိနဲ့ မမြင် ရတာနဲ့ မယုံဘူးဆိုရင် မခက်ပါလား။ တချို့ဘယ့်ကလောက် သေးငယ်သလဲဆိုရင် မှန်ဘီလူးနဲ့ကြည့်မှမြင်ရတာတွေလဲရှိတယ်။ မှန်ဘီလူးနဲ့တောင် မမြင်ရတာတွေလဲ အများကြီး ရှိနေတယ်။ ဒီတော့ကာ မှန်ဘီလူးနဲ့ကြည့်လို့မမြင်ရတာတွေကို ခင်ဗျားတို့ ဘယ်လိုသိသလဲ။

ဦးစိန်က ဟုတ်ကဲ့– မှန်ဘီလူးနဲ့ ကြည့်တော့ကော မျက်စိ ကန်းနေတဲ့လူက မြင်ပမလား။ ဒီတော့ကာ မျက်စိကောင်းနေတဲ့ လူက ကြည့်မှမြင်ရမယ်မဟုတ်လား။ ကန်းနေတဲ့လူကို မှန်ဘီလူး တပ်ပေးကြည့်ခိုင်းပါလား။ ဆင်တောင်မြင်ရမှာ မဟုတ်ဘူး။ အဲသည်တော့ မှန်ဘီလူးကမြင်တာလား။ မျက်စိကမြင်တာလား– ဆိုတာ ဦးတိုးမြင့် သုတေသနလုပ်ကြည့်ပေါ့။

ရဟန်းများကဆက်၍ မေးခြင်းမပြုကြဘဲ၊ ဦးတိုးမြင့်ကိုသာ ကြည့်၍နေကြသည်။

ဤတွင် ဦးတိုးမြင့်ကဆက်၍ ဟုတ်ပါတယ်။ ဒါကတော့ မျက် လုံးကောင်းမှဘဲ မြင်နိုင်ပါတယ်။ ဒါပေမဲ့ မျက်စိနဲ့ မမြင်ရတာ ကိုမရှိဘူးလို့ယူမလား။

ဦးစိန်က ဒါကတော့ တိရစ္ဆာန်တွေရော၊ လူတွေရော သစ်ပင် တောတောင်တွေဟာ ပထဝီ၊အာပေါ၊ တေဇော၊ဝါယော၊ မဟာ ဘူတဓာတ်လေးပါးအကြောင်းခံ၍ ဖြစ်နေတယ်ဆိုတာကို ကျွန် တော်တို့ လက်ခံယုံကြည်ပါတယ်။

ဦးတိုးမြင့် ငြိမ်၍ထိုင်သွားလေသည်။

မျက်မှန်နှင့် ကိုယ်တော်ကဆက်၍ တကာကြီးက မျက်စိနဲ့ မြင်မှယုံမယ်ဆိုရင် တကာကြီး ရုရှားပြည်ရောက်ဘူးပါသလား။

ဦးစိန်က တပည့်တော်မရောက်ရှိဘူးပါ။

ထိုသည့်ကိုယ်တော်က ဒါဖြင့် ရုရှားလူမျိုးရှိတယ်ဆိုတာ ယုံပါသလား။

ဦးစိန်က ယုံပါတယ်–ဟု ဖြေလေသည်။

ထိုသည့်ကိုယ်တော်က ဒါကျတော့ တကာကြီး မျက်စိနဲ့ မမြင်ရဘဲ ဘယ်လိုယုံကြည်ပါသလဲ။ ဒါကျတော့ ဘာပြုလို့ ယုံသလဲ။

ဦးစိန်က ဒါကတော့ အရှင်းကြီးပါ ဦးပဥ္စင်းရာ။ ရုရှားဓါတ်ပုံ တွေ၊ ရုရှားမဂ္ဂဇင်းတွေကို မြင်ရတယ်၊ဖတ်ရတယ်၊ ၎င်းနောက် ရန်ကုန်မှာ ရုရှားသံမှူးဖြစ်တဲ့လူသားကိုလဲ တပည့်တော်တို့ ကိုယ်တိုင် မြင်ရတယ်။ရုရှားလူမျိုး၊ ဂျာမန်လူမျိုး၊ အမေရိကန်လူမျိုး၊ အင်္ဂလိပ်လူမျိုးစသည်တို့လဲ တပည့်တော်တို့မျက်စိနဲ ကိုယ်တိုင် မြင်ရတယ်။ သို့အတွက် တပည့်တော်တို့ကိုယ်တိုင် မြင်ရသည့် အတွက်ကြောင့် ရုရှားလူမျိုးရှိတယ်လို့ ယုံပါတယ်။

အဲ့သည်တော့ကာ အခု ကိုယ်တော်တို့က ပြိတ္တာရှိတယ်လို့ဆိုတာယုံတယ်မဟုတ်လား။ ပြိတ္တာကိုကိုယ်တော်တို့ကိုယ်တိုင် မျက်စိနဲ့မြင်ရပါသလား။ ကိုယ်တော်တို့ကိုယ်တိုင်မြင်ရလို့ပြိတ္တာရှိတယ်ဆိုတာယုံထားတာလား။

ကိုယ်တော်တပါးကဝင်၍ ဒါကတော့ ပြိတ္တာကို ကျုပ်တို့ကိုယ်တိုင် မမြင်ရပါဘူး။ တကာကြီးတို့ကိုလဲ ပြိတ္တာကို မပြနိုင်ပါဘူး။ ကျုပ်တို့ကတော့ စာထဲမှာပြိတ္တာရှိတယ်လို့ဆိုထားတာနဲ့ ကျုပ်တို့လဲ ပြိတ္တာရှိတယ်လို့ ယူရတာပါ။

ဦးစိန်က ဒီလိုဆိုတော့အရှင်ဘုရားတို့ မျက်တွေ့ လက်တွေ့မရှိဘဲယူထားသောအယူသည် ဥပါဒါန် လေးပါးရှိတဲ့အနက် ဒိဋ္ဌုပါဒါန်ဖြစ်မနေပေဘူးလား။

ထိုသည့်ကိုယ်တော်က ဟုတ်ပါတယ်။ ဒိဋ္ဌုပါဒါန်လို့ ခေါ်နိုင်တယ်။

ဤနေရာ၌ ဦးစိန်သည်မေးခွန်းတုန့်ပြန်သည့်သဘောသို့ရောက်သွားလေတော့ရာ၊ ဦးမြဆိုင်က ဦးကိုကိုလေးကိုလက်ကာပြသလိုသတိပေးလိုက်သည်။ ဦးစိန်အနားကပ်၍ထိုင်နေသော ဦးကိုကိုလေးက ဦးစိန်ကိုကပ်၍ တိုးတိုးပြောလိုက်၏။ ဦးစိန်က ဆက်၍မမေးတော့ပေ။

သို့ရာတွင် ပရိသတ်နှင့်အတူထိုင်နေသော ဦးကြာက ရဟန်းတော်များကိုလှမ်း၍ ဒေဝတာသံယုတ်နဲ့ ပေတာဝတ္ထုပါဠိတော်များကို ပယ်သလား-ဆိုတာ သူတို့ကို မေးပါဘုရားဟု ဤအတိုင်း ၃-၄-ခါထပ်၍ ရဟန်းတော်များကို လျှောက်ထားနေသည်။

ရဟန်းတော်များက ဦးကြာမေးခိုင်းသော အမေးကို မမေးကြပေ။

## လေးလေးဖင့်ဖင့်

ကိုယ်တော်များသည် ဆက်၍မေးရန် စကားအစရှာ ခက်နေဟန်ရှိ၏။ အတန်ကြာစဉ်းစား၍နေကြလေသည်။

ထိုအခါ၌ ဦးတိုးမြင့်ကထ၍ တို့ပေးလိုက်ပြန်သည်။ အခုနကအနုသယကိစ္စကို ရေလယ်အောင် မေးဘို့လိုတယ်ဘုရာ့။ အနုသယဆိုတာ အစဉ်မရှိ၊ ဥပါဒါန်အစွဲကို အရေးထားပြီး ပြောနေကြပါတယ်။ ဒါကို ကြေလည်အောင် မေးဘို့လိုပါတယ်။ ဒီအနုသယကိုဖယ်နေတော့ သူတို့မှာဘဝဆက်မရှိသလိုဖြစ်နေပါတယ်။

မျက်မှန်နှင့်ကိုယ်တော်က သတိတခုရလာသည့်အလား တရား ဆွေးနွေးနေတဲ့အခမ်း၌ လင်းနေသော ဓါတ်မီးချောင်းတချောင်း ကိုညွှန်ပြ၍ ကဲ - အဲဒီမီးချောင်းမြင်တယ်မဟုတ်လား။ ဒီမီးချောင်း မှာ ဘာနဲ့ဘယ်လိုလာ၍ လင်းနေပါသလဲ-ဟုမေးရာ

ဦးစိန်က ဒါကိုတပည့်တော်သိတာတော့ ပထမိနဲ့ အာပေါ ဓာတ်နှစ်ပါးက အမဓါတ်၊ တေဇောနဲ့ဝါယောဓာတ်နှစ်ပါးကအဖို ဓာတ်၊ ၎င်းအမဓာတ်နှစ်ပါးသည်အအေး၊ အဖိုဓာတ်နှစ်ပါးသည် အပူ၊ ယင်းသည့် အအေးကြိုး၊ အပူကြိုး နှစ်ခုစုံညိနေသောကြောင့် လျှပ်စစ်ရောင်ခြည်ဖြစ်ပေါ် နေပါတယ်။

၎င်းကိုယ်တော်ကဘဲ ဒါဖြင့်ရင် ရေဒီယိုကောဘယ်လိုယူမလဲ။

ဦးစိန်က ဒါလဲ ဓာတ်ဖိုဓာတ်မ အရင်းခံပါဘဲ။ ကြိုးမရှိပေမဲ့ မြူဓာတ်မှာ မဟာဘုတ်လေးပါး အားလုံးပါနေပါတယ်။ ၎င်း မဟာဘုတ်လေးပါးချင်း အတိုက်အခံ သဘာဝအလျောက် လျှပ် စစ်ဓာတ်ပေါ် လာပါတယ်။ အနုမြူရောင်ခြည်တွေ ပေါ် ပေါက်လာ ဒါကိုကော မဟုတ်ဘူးလို့ စောဒကတက်အုံးမလား။

ရဟန်းတော်များက ဒီလိုဆိုရင်လက်ခံပါတယ် ငြင်းစရာမလိုပါ ဘူး-ဟုပြောကြလေသည်။

သို့ရာတွင် အချိန်သည်ကား (၁၀)နာရီသို့ နီးကပ်နေလေပြီ။ တောင်တွင်းမှလိုက်ပါလာကြသော သမ္မာဒိဋ္ဌိသုတေသန အဖွဲ့ဝင် တို့သည် တညလုံးဖြေဆိုရန် ရှင်ရှင်ပြပြရှိနေကြသည်။ နံနက်စော စော(၅)နာရီတွင် ရေနံချောင်းသို့မော်တော်ကားတွေ ထွက်မည် ဆိုသည်နှင့် (၃)နာရီလောက်ကနိုးခဲ့ကြရသည်။ တနေ့လုံးလည်း အခက်အခဲအမျိုးမျိုးတွင် မော်တော်ကားအတန်တန် ကူးခဲ့ကြရ သည်။ သို့ရာတွင် ယခုတိုင် ရှင်ရှင်ပြပြနှင့် ဤဆွေးနွေးပွဲတွင် ရင်ဆိုင်ဖြေရှင်းကြရသည်ကို ဝမ်းမြောက်ကြေနပ်စွာ နားထောင်

နေကြရသည်။ ခရီးပန်း၍လူလည်းနွမ်းသည်ကိုပင် မေ့လျော့နေကြကာ စိတ်ဝင်စားစွာ ဆွေးနွေးပွဲ၌ အာရုံစိုက်နားထောင်နေကြသည်။

ဤသို့ဖြင့် ဆွေးနွေးပွဲသည် မေးခွန်းပြတ်ကာ လေးဖင့်စပြုလာလေ၏။

ကဲ- မေးကြပါလေ။

သို့ရာတွင် ဦးစိန်က အနုသယကိစ္စကို အပြီးပြတ်ပိတ်သည့်အနေနှင့် အရှင်ဘုရားတို့က ဒီအနုသယကိလေသာကို အစဉ်ရှိတဲ့တရားလို့ ယူထားပါသလား။

ရဟန်းတော်များက ကျုပ်တို့ကတော့အစဉ်ရှိတယ်လို့ယူထားတယ်–ဟုပြော၏။

ဦးစိန်က ဒါဖြင့်ရင် ကိုယ်တော်တို့က ဒီအနုသယကိလေသာကိုအစဉ်ရှိတယ်လို့ ယူထားရင် သိဒ္ဓတ္ထဟာလဲဗုဒ္ဓအဖြစ်သို့ရောက်လာမယ်မဟုတ်ဘူး။ ထို့နောက် ရဟန္တာကြီးတွေရော ထေရာထေရီတွေလဲ ပေါ်ပေါက်လာနိုင်မယ်မဟုတ်ဘူး။ ဘာပြုလို့လဲ ဆိုတော့ဒီအနုသယကိလေသာတရားက အစဉ်ရှိတဲ့တရားဖြစ်တော့ ပယ်ခွာစွန့်ပစ်လို့ရမဲ့တရားမှမဟုတ်ဘဲ။ယခုခေတ်ဝိပဿနာတရားကိုလိုက်စားနေကြတာတွေလဲ အားလုံးအလုပ်ပိုတွေချည်းဘဲ ဖြစ်မနေပေဘူးလား။ ဗုဒ္ဓရှင်ကတော့ ဒီကိလေသာတရားတွေဟာ အစဉ်ရှိနေတဲ့တရားတွေမဟုတ်ဘူးတဲ့။ အကြောင်းတိုက်ဆုံမှုဖြစ်ပေါ်လာတဲ့တရားတွေဖြစ်တယ်။ ၎င်းအဖြစ်တရားတို့ကို ဖြစ်မလာရန် မဂ္ဂင်ရှစ်ပါးတရားကို ကျင့်ကြအားထုတ်ကြလို့ ဟောခဲ့ပါတယ်။ သည်တော့ကာ အရှင်ဘုရားတို့က အစဉ်ရှိတဲ့တရားလို့လက်ခံထားတာတော့ တပည့်တော်တို့အနေနဲ့ ဘာမျှမတတ်နိုင်ပါ။

ရဟန်းတော်များရော ဦးတိုးမြင့်တို့အပေါင်းပါတွေရော ဘာမျှ စောဒကမတက်ကြပေ။ ဦးစိန်ကိုသာကြည့်နေကြ ပြန်လေသည်။

## မေးရအုံးမယ်

ဤတွင် မျက်မှန်နှင့်ကိုယ်တော်က ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် တရားဖြစ်တဲ့ အဝိဇ္ဇာကိုဘယ်လိုယူသလဲ။

ဦးစိန်က တပည့်တော်တို့ ခံယူထားတာကတော့ အမှောင်လို့ ယူထားပါတယ်။

ထိုသည့်ကိုယ်တော်က မောဟလို့ မယူဘူးလား။

ဦးစိန်က မှန်ပါ။ အရှင်ဘုရားပြောတဲ့မောဟတရားနဲ့ တပည့်တော်တင်ပြတဲ့အမှောင်ဆိုတာနဲ့ ဘယ်လိုများကွဲပြားနေပါသလဲ။

ဤသည်တွင် အချို့သောရဟန်းတော်များက အတူတူပါဘဲ–ဟု ဆိုကြ၏။

၎င်းကိုယ်တော်က ကောင်းပြီ။ ဘယ်လိုကြောင့် အမှောင်လို့ ကောက်ယူသလဲ။

ဦးစိန်က မှန်ပါ။ ယခုမျက်မှောက် လူသတ္တဝါတို့သည် အစွဲ ဥပါဒါန် ဖြစ်ဖြစ်နေသမျှ ကာလပါတ်လုံး အလင်းတည်း-ဟူသော သမ္မာဒိဋ္ဌိကိုမရပါ။ ထိုအလင်းတည်းဟူသော သမ္မာဒိဋ္ဌိကိုမရလျှင် အမှားတည်း-ဟူသောသိမှုနှင့် အမှားသခါရမှုတွေပြုလုပ်လျှင် ယခု ပစ္စုပ္ပန်၌ မျက်တွေ့လက်တွေ့ ဒုက္ခတည်းဟူသော ဆင်းရဲနဲ့ရင်ဆိုင် တွေ့ဆုံရပါတယ်။

ထိုသည့်ရဟန်းတော်က ဒီလိုဆိုရင် ခင်ဗျားတို့က ဒုက္ခသစ္စာကို ပစ္စုပ္ပန်တွင် ယူပါသလား။

ဦးစိန်။ တပည့်တော်တို့ပင် ဆင်းရဲနဲ့ရင်ဆိုင်နေရသည့်အတွက် ယခု မျက်မှောက်ပစ္စုပ္ပါန်ကိုဘဲ ယူထားပါတယ်။

မျက်မှန်နှင့်ကိုယ်တော်က ဒါဖြင့်ယင် ဇာတိပိဒုက္ခကို ဘယ်လို ယူပါသလဲ။

ဦးစိန်က တပည့်တော်တို့ကတော့ ယခုမျက်မှောက်ပစ္စုပ္ပန်၌ သာ ဇာတိပိဒုက္ခကို ယူပါတယ်။

ထို့နောက် ကိုယ်တော်တပါးကပဋိသန္ဓေဒုက္ခကိုမယူဘူးလား။

ဦးစိန်က မှန်ပါ။ ပဋိသန္ဓေဒုက္ခဆိုတာ တပည့်တော်တို့နှင့် မဆိုင်ပါ။

ရဟန်းတော်များက ကျုပ်တို့ကတော့ ဇာတိပိဒုက္ခကို ပဋိ သန္ဓေဒုက္ခလို့ ယူပါတယ်။

ဦးစိန်က ဒါကတော့ ကိုယ်တော်တို့ကြိုက်ထာ ကိုယ်တော်တို့ ယူနိုင်ပါတယ်။

ရဟန်းတော်တပါးက ဒါဖြင့်ရင် ဇာတိပိဒုက္ခကိုပစ္စုပ္ပန်ကျကျ ယူပြစမ်းပါ။

ဦးစိန်က မှန်ပါ။ ဇာတိဆိုတဲ့ပါဠိကို မြန်မာပြန်ရင် ဖြစ်သည်။ ပိ-ဆိုတာကို မြန်မာပြန်ရင် အစွဲဉပါဒါန်လို့ ကောက်ယူပါတယ်။ ဒါကြောင့် အစွဲဉပါဒါန်ဖြစ်လာရင် ဒုက္ခတည်းဟူသော ဆင်းရဲ ခံစားရပါတယ်။

ရဟန်းတော်များက ကျုပ်တို့ကတော့ ဇာတိပိဒုက္ခကို ပဋိ သန္ဓေဒုက္ခကို ယူထားပါတယ်။ ဦးစိန်က ဒါကတော့ အရှင်ဘုရား များ သဘောပါ။ ယူလိုရာကိုယူနိုင်ပါတယ်။ တပည့်တော်တို့ ယူ တာ ကတော့ ပစ္စုပ္ပန် မျက်မြင်ကိုယ်တွေ့ ဇာတိပိဒုက္ခ ဖြစ်လာ တာကို ယူပါတယ်။ ဇာတိပိဒုက္ခ ဘယ်လို ဖြစ်လာသလဲ ဆိုရင် တပည့်တော်တို့ရဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့နဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိတို့နှင့် တိုက်ဆိုသည့် အခါ ယင်းသည့် တပ်စွဲခြင်းဉပါဒါန် ဖြစ်လာပါတယ်။ ဒီအစွဲဉပါဒါန်

ဖြစ်လာလျှင် ဒုက္ခဆင်းရဲအကျိုးတရား၊ တပည့်တော်တို့ ကိုယ်တိုင် ကိုယ်ကျ တွေ့ကြုံခံစားနေရပါတယ်။ အဲဒါကြောင့် ဗုဒ္ဓရှင်ဟော ကြားတော်မူခဲ့တာက ယံပိစ္ဆံ နလဘတိ တံပိ ဒုက္ခံ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ-လို့ ဟောခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ လိုတာကိုမရရင်ဆင်းရဲ၊ လိုတာကို ရပြန်တော့လဲ ချမ်းသာသည် လို့ထင်ကြပါတယ်။ အမှန်ကတော့ ဆင်းရဲချည်းပါဘဲ။ အတို အကျဉ်းလိုရင်းကိုဆိုရရင် မြင်၊ကြား၊နံ၊ထိတွေ့တို့နဲ့ တိုက်ဆုံမိရင် တပ်စွဲခြင်းဥပါဒါန်ဖြစ်လာတယ်။ထိုသည့်အစွဲဥပါဒါန်ဖြစ်လာလျှင် ဆင်းရဲအကျိုးတရားဖြစ်ပါတယ်။ ဒါ့ကြောင့် သမ္မာဒိဋ္ဌိ အမြင်မှန် သောပုဂ္ဂိုလ်သည် မြင်၊ကြား၊နံ၊ထိတွေ့သည့်အခါတို့၌ တပ်စွဲခြင်း ဥပါဒါန်ဖြစ်လာရန် အခွင့်မရှိတော့ပြီ ဖြစ်သောကြောင့် အကျိုး ဆင်းရဲဒုက္ခငြိမ်းသည်ဟု တပည့်တော်တို့ ဤသို့အမှန်သိထားသည့် အတွက် ဇာတိပိဒုက္ခကို ပစ္စုပ္ပန်မှာဘဲ ယူပါတယ်။

ကိုယ်တော်တပါးက ဒီလိုဆိုရင် ခင်ဗျားတို့ အတိတ်အနာဂါတ် တို့ကို ပယ်တာပေါ့။

ဦးစိန်က မှန်ပါ။ အတိတ်အနာဂါတ်တို့ဟာ တပည့်တော်တို့နှင့် မဆိုင်ပါ။

ထိုနောက် ကိုယ်တော်တပါးက ကောင်းပြီ။ အတိတ်အနာ ဂါတ်တို့သည် လူသတ္တဝါတို့နှင့်မဆိုင်ဘူးလို့ ဗုဒ္ဓဟောခဲ့တာရှိပါ သလား။

ဦးစိန်က မှန်ပါ။ ဗုဒ္ဓရှင်ဟောခဲ့သော ပါဠိတော်ရှိပါတယ်။

ထိုသည့်ရဟန်းက ဒါဖြင့် ဘယ်ပါဠိတော်မှာ ဟောခဲ့ပါသလဲ။

ဦးစိန်က မှန်ပါ။ ဥပရိပဏ္ဏာသပါဠိတော်မှာ ဟောခဲ့ပါတယ်။

၎င်းကိုယ်တော်က ဟုတ်ပြီ။ ဘယ်သုတ်မှာ ဟောခဲ့ပါသလဲ။

ဦးစိန်က ဘဒ္ဒေကရတ္တသုတ်မှာ ဟောခဲ့ပါတယ်။

ထိုနောက် ကိုယ်တော်တပါးက ကောင်းပြီ အဲ့ဒီပါဠိကို ဆိုပြစမ်းပါ၊

ဦးစိန်က အရှင်ဘုရားတို့က ပိဋကတ်တော်ကိုတတ်ကျွမ်းသော ပုဂ္ဂိုလ်တွေဘဲဘုရား။

ထိုသည့်ကိုယ်တော်က ဒါကတော့ ဒီလိုပါ။ ကျုပ်တို့လဲ ပိဋကတ်အကုန်လုံး အာဂုံရမထားပါဘူး။

ဦးစိန်က ဒါဖြင့်ရင်ကောင်းပါပြီ။ တပည့်တော်တင်ပြပါမယ်။

အတီတံ နာနွာဂမေယျ နပတိကင်္ခေ အနာဂတံ

ယဒတီတံ ပဟီနံတံ အပတ္တဉ္စ အနာဂတံ

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ

အသံဟီရံ အသံကုပ္ပံ တံ ဝိဒွါ မနုဗြူဟယေ

ဤကဲ့သို့ပါရှိပါတယ်။ ဒီပါဠိရဲ့ အဓိပ္ပာယ်ကတော့ တပည့်တော်အကျဉ်းချုံးပြီး တင်ပြပါ့မယ်။ အတိတ်ကာလဆိုတာ လွန်ပြီးခဲ့ပြီ စွဲလန်း၍မနေကြနဲ့လို့ဆိုပါတယ်။ အနာဂါတ်ဆိုတာက တော့ ရောက်ကိုလဲ မရောက်ရသေး။ မျက်စိနဲ့လဲ မမြင်ရသော ကြောင့် မျှော်မှန်းပြီး တပ်စွဲ၍မနေကြနဲ့လို့ ဆိုပါတယ်။ ယခု ပစ္စုပ္ပန်မှာလဲ မြင်၊ကြား၊နံ၊လျက်၊ထိတွေ့မှုနှင့် တိုက်ဆုံကြသည့် အခါမှာလဲ အစွဲဥပါဒါန်ဖြစ်လာသည်ကို အမှန်သိ အမှန်မြင်လျှင် ထိုသည့်အစွဲဥပါဒါန်ကို ပယ်ကြ၊စွန့်ကြ၊ခွာကြ၊ သို့မှသာ ဒုက္ခဆင်းရဲပစ္စုပ္ပန်၌ ငြိမ်းမည်ဟု ဟောခဲ့သည့်အတွက် တပည့်တော်တို့သည် ပစ္စုပ္ပန်ကို လက်ခံထားကြပါတယ်။

မျက်မှန်နှင့်ကိုယ်တော်က နေပါအုံး။ဒါဖြင့်ရင် ခင်ဗျားတို့က နောက်ဘဝလက်မခံဘူးပေါ့။

ဦးစိန်က နေပါအုံးကိုယ်တော် နောက်ဘဝကို မည်သူက ကူးသွားပါသလဲ။ နာမ်ရုပ်နှစ်ပါးက ကုသိုလ်အကုသိုလ်တို့နှင့်ကူး

သွားသလား။ သို့မဟုတ် ဝိညာဏ်စိတ်ကဘဲကုသိုလ်အကုသိုလ်နှင့် ကူးသွားသလား။ ၎င်းနောက် ကုသိုလ်အကုသိုလ်ကံတို့ကဘဲနောက် ဘဝတခုကိုကူးသွားတယ်လို့ ဗုဒ္ဓရှင်၏အယူမှာရှိပါသလား။

ကိုယ်တော်များအားလုံးက ဗုဒ္ဓရှင်ကတော့ ဒီလိုမဟောခဲ့ပါ။ ဒီတရား အားလုံးတို့ဟာ ပစ္စုပ္ပန်မှာဖြစ် ပစ္စုပ္ပန်မှာ ချုပ်ငြိမ်းကြ တယ်လို့ ကျုပ်တို့လဲ ဤကဲ့သို့ဘဲ လက်ခံပါတယ်။

ဦးစိန်ကဆက်၍ ဤကဲ့သို့ဆိုလျှင် အရှင်ဘုရားတို့ကို တပည့် တော်တို့သုတေသနလုပ်လို့ ရရှိထားသောတရားများ တင်ပြသွား တာ ရှင်းနေပါတယ်ဟု ပြောလေသည်။

ဤတွင် ရဟန်းတော်များသည် ရှေ့ဆက်မေးရန် စခမ်းကုန် သွားပြီ-ဟု ယူဆကြဟန်တူသည်။ ဦးစိန်ကလဲ အတိတ်အနာဂါတ် တွေကို အထောက်အထားနှင့် ဖြေလိုက်ပြီဖြစ်ရာ၊ အတိတ် အနာ ဂါတ်ဆိုင်ရာ စာပေအယူများမဝင်သာအောင် ဖြစ်သွားပေတော့ သည်။ ထို့ကြောင့် ရဟန်းတော်များဘက်မှ ဆက်လက်မေးမြန်း ရန် မလိုတော့သည့် အရိပ်အရောင်အဖြစ် ဆိတ်ဆိတ်နေတော် မူကြလေတော့သည်။

## မေးရအုံးမယ်

ဤသည်တွင် ဦးအေး၊ ဦးတိုးမြင့်လူစုက မကြေနပ်ကြသေး ပေ။ ဦးတိုးမြင့်က မေးပြန်သေး၏။ ခတ်စောစောက ခင်ဗျားတို့ ပြောသွားတာမှာ–အခုကျွန်တော်တို့ ဗုဒ္ဓဘာသာစာပေတွေထဲမှာ ဟိန္ဒူပြဟ္မဏကျမ်းတွေက ကျင့်စဉ်တွေ အယူဝါဒတွေ ပါဝင်နေ တယ်လို့ ခင်ဗျားတို့သမ္မာဒိဋ္ဌိသုတေသနအဖွဲ့က အခုခြောက်ကြိမ် တိုင်တိုင် သံဂါယနာတင်ပြီးခဲ့တဲ့ ပိဋကတ်တော်ကို မယုံနိုင်ဘူး လက်မခံနိုင်ဘူးလို့ ဆိုခဲ့တယ်မဟုတ်လား။

ဦးစိန်က၊ ဦးတိုးမြင့် ယခုပြောသလိုမဟုတ်ပါဘူး။ ကျွန်တော်တို့ပြောတာက ယခုလက်ရှိ ပိဋကတ်စာပေတို့သည် တဆင့်တဆင့်ကူးယူခဲ့သည်ဖြစ်၍ အချို့နေရာတွေမှာ ဟိန္ဒူဗြဟ္မဏဝါဒတွေနှင့်တူညီကိုက်ညီနေတာတွေကို တွေ့ရှိရသည်အတွက် အားလုံးသောပိဋကတ်တို့ကို ဗုဒ္ဓဟောခဲ့ပါတယ်လို့ မယုံကြည်ပါ။ ပိဋကတ်အားလုံးလက်မခံဘူးလို့မပြောခဲ့ပါ။

ဦးတိုးမြင့်က ဒါကတော့ဥပမာပေါ့ဗျာ၊ ယခုရှိတဲ့ ငါးပါးသီလဆိုတာ ခရစ်ယန်မှာလဲရှိတယ်။ မဟာမေဒင်မှာလဲရှိတယ်။ အဲဒီဘာသာတွေမှာပါတဲ့ တရားဖြစ်လို့ ကျုပ်တို့ဗုဒ္ဓဘာသာမှာပါတဲ့ငါးပါးသီလဟာ ခရစ်ယန်ဘာသာ၊ မဟာမေဒင်ဘာသာစသောထိုဘာသာတွေမှပုံတူကူးချထားတယ်လို့ဆိုကြအုံးမလား။

ဦးစိန်က ဟာ-ဒါတော့ ဦးတိုးမြင့်သတိမထားမိလို့ဖြစ်ပါလိမ့်မယ်။ သို့မဟုတ် မလေ့လာဘူးရင်လဲဖြစ်ပါလိမ့်မယ်။ ဒီဘာသာတွေနဲ့ ဗုဒ္ဓဝါဒဟာ မည်သူကအရင်ကျသလဲဆိုတာ ပိဋကတ်တွေမှာလဲပါပါတယ်။ ကမ္ဘာ့ရာဇဝင်မှာ ကြည့်လျှင်လဲ သိပါတယ်။ ဒီဘာသာတွေဟာ ဗုဒ္ဓဝါဒနောက် နှစ်ပေါင်း (၅၀၀)ကျော်ကြာမှပေါ်တဲ့ ဘာသာတွေဘဲဗျ။ ဗုဒ္ဓဝါဒနောက်မှပေါ်လာတဲ့ဘာသာတွေဆီက ဘယ်လိုပုံတူကူးမလဲ။ ကျွန်တော်တို့ပြောနေတာက ဗုဒ္ဓမပွင့်မီ ဟိန္ဒူဗြဟ္မဏဝေဒတို့ ဝေဒန္တတို့ရဲ့ ကျမ်းစာတွေရှိနေတယ်။ ၎င်းကျမ်းတို့မှာပါရှိနေတဲ့ဝါဒတွေ အယူတွေမကောင်းဘူးလို့ပြောတာပါ။

ကိုယ်တော်တပါးက ဒီသမ္မာဒိဋ္ဌိသုတေသနအဖွဲ့မှာ သျှင်ဉက္ကဋ္ဌလဲပါတယ်။ ဒီအဖွဲ့မှာ ဦးဆောင်တယ်လို့ ကျုပ်တို့ကြားတယ်။

ဦးတိုးမြင့်က ဟုတ်တယ်။ အဲဒီသျှင်ဉက္ကဋ္ဌပါနေတယ်ဆိုတာနဲ့ကို ကျုပ်တို့တော့မကြိုက်ဘူးဗျာ။

ဦးစိန်က မဟုတ်ပါဘူး။ ဒီသမ္မာဒိဋ္ဌိသုတေသနအဖွဲ့မှာ ဆရာတော်သျှင်ဥက္ကဋ္ဌလဲမပါပါ။ဘယ်ရဟန်းတော်မှမပါပါဘူး။ သုတေသီလူသားတွေချည်း ဖွဲ့ထားတဲ့ အဖွဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့ ကြေငြာချက်တွေထဲမှာလဲ အတိအလင်းကြေငြာထားပါတယ်။

ဦးတိုးမြင့်က ဟုတ်ပါတယ်၊ ကြေငြာချက်တွေလဲတွေ့ပါတယ်။ ပဋ္ဌမကတော့ သျှင်ဥက္ကဋ္ဌပါတယ်လို့ကြားခဲ့ပါတယ်ဟု ဦးတိုးမြင့်ကရော၊ ကိုယ်တော်တပါးကပါပြောသည်။

ဦးစိန်ကဒါကတော့မိုးကြိုးသတင်းစာကစပြီးရေးလိုက်တာပါ။ နောက်တပည့်တော်တို့ကြေငြာပါတယ်။

ဦးတိုးမြင့်က အဲဒါလဲတွေ့ပါတယ်။ နောက်ထပ်ကြေငြာချက်တွေလဲတွေ့ရပါတယ်။ ဒါပေမဲ့ ဒီအဖွဲ့မှာသျှင်ဥက္ကဋ္ဌပါတယ်ဆိုလို့ ကျုပ်တို့က သျှင်ဥက္ကဋ္ဌကို တယောက်ချင်းတိုက်ချင်တာဟု ပြောလေ၏။

ဦးစိန်က နေပါအုံးဦးတိုးမြင့် ဆရာတော်သျှင်ဥက္ကဋ္ဌအပေါ် အတော်ကြီး မကြေနပ်ဖြစ်နေတာ ဘာအကြောင်းကြောင့်လဲ ခင်ဗျားကို အကျိုးယုတ်အောင် ဘာများလုပ်လို့လဲ။

ဦးတိုးမြင့် ကျွန်တော့ကို အကျိုးယုတ်အောင်တော့မလုပ်ပါဘူး။ လူသေလူဖြစ်ရေးတာနဲ့ဘဲ မကြည်ညို ဖြစ်နေတာပါဘဲ။ ဒါတော့ နဲနဲမှမကြေနပ်ဘူးဗျာ။

ဦးစိန်က ဒါကတော့ ခင်ဗျားမကြိုက်ရင် မယူဘဲနေရုံပေါ့။ ခင်ဗျားမကြည်ညိုချင်လဲနေနိုင်သားဘဲ။ မုန်းစရာမလိုပါဘူး။

## ဆွေးနွေးပွဲတော်ပြီးတဲ့

အချိန်မှာ(၁၁)နာရီထိုးရန် အနည်းငယ်သာ လိုတော့သည်။ ရဟန်းတော်များသည် နေရာပြင်၍ထိုင်ပြီး၊ မျက်မှန်နှင့်ကိုယ်တော်

ကစပြီး၊ ကဲ–ကဲ–ဒီလောက်ဆွေးနွေးကြည့်ရင် ဘယ်ကလာတဲ့ ဝါဒလဲဆိုတာ ကျုပ်တို့လဲသိပါပြီဟု–ပြောလိုက်ရာ–

ဦးစိန်က မှန်ပါ တပည့်တော်တို့တင်ပြတဲ့ တရားတွေကတော့ ဗုဒ္ဓဟောခဲ့တဲ့ တရားတွေဖြစ်ပါတယ်ဟု ပြောလေသည်။

၎င်းကိုယ်တော်က ဒါကတော့ထားပါလေ။ နောက်ဆုံးပြော ချင်တာကတော့ ကျုပ်တို့လဲ အမှိုက်ပုံထဲက စက္ကူစုတ်ထဲပါတဲ့ စာမျိုးတွေသင်ကြားတာမဟုတ်ဘူး။ ပိဋကတ်တော်တွေကိုသင် လာကြတာပါ။ ဒီတော့ တကာတို့ဟာဘယ်ကလာတဲ့ဝါဒဆိုတာ သိပါပြီ။ ဆက်ပြောနေလို့ လဲမထူးပါဘူး။

ဤတွင် ဦးစိန်က တပည့်တော်လျှောက်ထား ဖြေဆိုခဲ့တာတွေ လဲ ဘယ်ကအမှိုက်ပုံထဲက စက္ကူစုတ်ကမှမဟုတ်ပါဘူး။ ပိဋကတ် တော်ထဲကဟာတွေနဲ့ဘဲ ဖြေပြီးတင်ပြခဲ့တာဘဲ။ အခုဖြေခဲ့တာ တွေဟာ အရှင်ဘုရားတို့ဆိုလိုချင်သလို အမှိုက်ပုံထဲကစာပါတယ် ဆိုရင် ထောက်ပြစေလိုပါတယ်။ ဒီလိုတော့တဖက်သတ်ပြောလို့ တော့မတော်ဘူးထင်တယ်ဟု ပြောဆို၏။

ကိုယ်တော်တပါးက ကဲ-တော်ကြရောပေါ့ဟုပြောပြီးထလိုက် ရာ အားလုံးကိုယ်တော်များသည် ထလိုက်ကြပြီး စာသင်တိုက်၏ရှေ့ဘက် သို့ရောက်လာကြပေပြီ။ ကျုပ်တို့လူစုကား ထိုင်မြဲထိုင်လျက်ပင်ရှိ ကြ၏။

ကိုယ်တော်တပါးသည် ဦးမြဆိုင်အနီးသို့သွား၍ ဘယ့်နှယ် ဒီသခင်မြဆိုင်ကတော့ ကွန်မြူနစ်ဆိုတော့ ဘာ–ဘာသာမှလက် မခံဘူး ထင်တယ်ဟုပြော၍ ရယ်မောလေသည်။ ၎င်းနောက် ခင်ဗျားစာအုပ်တွေ ကျုပ်တို့က သိပ်ကြည့်ချင်တာဗျာ။ မထွက် သေးဘူးလားဟုမေးလိုက်ရာ ဦးမြဆိုင်က နေရာမှာပင်ထိုင်ရင်း ပြုံး၍ မှန်ပါ၊ ထွက်ပါလိမ့်မယ်ဟုသာ ပြန်၍ပြောလိုက်လေသည်။

ဦးမြဆိုင်ကတော့ ၎င်းကို ကွန်မြူနစ်လို့ဘဲဆိုဆို၊ ဘာဘဲဆိုဆို ကြိုက်သလိုအမည်တပ်ထားက ဘာမျှအထူးအဆန်းမဟုတ်ပါ။ အမည်သည် အမည်မျှသာဖြစ်သည်။ ဦးမြဆိုင်နှင့်ဘာမျှမဆိုင်ပေ။ အမှန်သိ-အမှန်ကျင့်သောလူတယောက်၏ စစ်မှန်သောအရည်အသွေးကို အကဲဖြတ်ရိုး ထုံးစံရှိသောကြောင့် ယခုလိုကိုယ်တော်များက ကွန်မြူနစ်လို့ အမှန်အမြတ်ကင်ပွန်းတပ်ဆင်ပြီးခေါ်ဆိုလိုက်သည်ကို ဦးမြဆိုင်၏အဖို့ ဘာမျှမထူးဆန်းပေ။ သို့ကြောင့်ပြန်၍ဘာမျှပြောဆိုခြင်းမပြုပေ။

ရဟန်းတော်များသည် ဦးစိန်၊ ဦးမြဆိုင်၊ ဦးကိုကိုလေး၊ ဦးဘမောင် တောင်တွင်းအဖွဲ့ခေါင်းဆောင်တို့ကို ဘွဲ့အမည်နာမများကိုပြောဆို၍ မိတ်ဆက်ကြပြီးလျှင် ဦးကြာ၊ ဦးတိုးမြင့်၊ ဦးအေးတို့ကိုပါ တပါတည်းခေါ်၍ တိုက်အတွင်းမှ အပြင်ဘက်သို့ထွက်သွားကြလေရာ ဦးတင်သည် ရဟန်းတော်များအားလုံးကိုလျှောက်ထားလေသည်။

ကိုယ်တော်တို့ ယခုလိုဒေါးအေးဆေးဆေး မျက်နှာစုံညီဆွေးနွေးရတာမကောင်းဘူးလားဘုရား။ အရှင်ဘုရားတို့သံဃာကိုင်ပြီး တရားပွဲကို နှောက်ယှက်ထာကတော့ မကောင်းပါဘူးဟုပြောပြီး ရဟန်းတော်များအားလုံး မော်တော်ကားနှင့်လိုက်၍ ကောင်းမွန်စွာပို့ပေးလေတော့သည်။

မော်တော်ကားတခေါက်နှင့် ရဟန်းတော်များတင်ဆောင်ပို့ရန် အားလုံးမဆန့်သည်အတွက် အချို့သော ရဟန်းများသည် တိုက်အပြင်ဘက်မှာ တချို့တိုက်အတွင်းမှာ၊ တချို့ကျန်၍နေသေးသည်။ ကျန်ခဲ့သောပုဂ္ဂိုလ်ထဲမှာ သဘာပတိတာဝန်ကိုထမ်းဆောင်သည့် ကိုယ်တော်လဲကျန်ခဲ့သေးသည်။၎င်းသဘာပတိကိုယ်တော်က အမိန့်ရှိသည်မှာ ယခုတကာကြီး တင်ပြဆွေးနွေးသွား

တာတွေ ကျုပ်နားထောင်ပြီး စဉ်းစားပါတယ်။ အလွန်မှန်တဲ့ တရားတွေဘဲ။ ကျုပ်တော့ သဘောကျပါတယ်။ ကောင်းလဲ ကောင်းပါတယ်ဟု ဦးစိန်ကိုအမိန့်ရှိသွားလေသည်။ မျှားမကြာမီ မော်တော်ကား ပြန်၍ရောက်လာပြီး ကျန်ရှိနေသော ကိုယ်တော် များကိုတင်ဆောင်၍ ကောင်းမွန်စွာပို့ဆောင်ပေးလေသည်။

ဦးမြဆိုင်ကတော့ ရေနံချောင်းသားလိုဖြစ်၍နေရာ ဦးတိုးမြင့်၊ ဦးကြာ၊ ဦးအေးတို့၏ သဘောတရားများကို သိသင့်သလောက် သိထားသောပုဂ္ဂိုလ်ဖြစ်လေသည်။ သို့ပါသောကြောင့် ရဟန်း တော်များပြန်ကြွသွားလျှင် ဦးတိုးမြင့်၊ ဦးကြာ၊ ဦးအေးစသော ပုဂ္ဂိုလ်များနှင့် ဆက်လက်ဆွေးနွေးရလိမ့်အုံးမည်မျှော်လင့်သည်။ သို့ရာတွင် ရဟန်းတော်များက တပါတည်းပြန်၍ခေါ်သွားသည် အတွက် ထိုနေ့ည မဆွေးနွေးလိုက်ရတော့ပေ။

သို့ရာတွင် ရဟန်းတော်များနှင့် ပရိသတ်ရှေ့တွင် တေ့တေ့ ဆိုင်ဆိုင် မျက်နှာစုံညီ တွေ့ဆုံ ဆွေးနွေးလိုက်ရသဖြင့် ကြေကြေ နပ်နပ်ဝမ်းမြောက်ကြပါသည်။ မေးသမျှဖြေရန် တညလုံးအချိန် ကိုပင် ကျွန်ုပ်တို့မျှော်လင့်ခဲ့သော်လည်း ယခု(၁၁)နာရီကျော် ကျော်နှင့်ပင် ဆွေးနွေးပွဲအဆုံးသတ်သွားကြပေသည်။

ထို့ကြောင့် ထိုနေ့ည ဦးတင်တိုက်မှာဘဲအိပ်ကြပြီး နောက် နေ့နံနက်လင်းပါက ပြန်ကြမည်ဖြစ်ရာ ၎င်းနောက် ဦးမြဆိုင် ဦးကိုကိုလေး၊ ဦးတင်၊ ဦးကြီးမောင် တောင်တွင်း အဖွဲ့ခေါင်း ဆောင် ဦးထွန်းဇံနှင့်တကွသော တောင်တွင်းအဖွဲ့ဝင်အချို့တို့ တိုင်ပင်ဆွေးနွေးကြရာ ဦးစိန်နှင့် ဦးကိုကိုလေးတို့နှစ်ဦးနှင့် တောင် တွင်းအဖွဲ့ဝင် ဦးကျော်မြင့် ခေါင်းသုံးဦးတို့နေခဲ့ကြရန် သဘော တူဆုံးဖြတ်ကြလေသည်။

ထိုသို့နေခဲ့ကြရန်ကိစ္စကတော့ ရေနံချောင်းတွင်ရှိသော သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ခွဲဖြစ်သော အဖွဲ့ဝင်များကို အဖွဲ့၏လုပ်ငန်းဆောင်ရွက်ရန် ညှန်ကြားဆွေးနွေးရန်ကိစ္စဖြစ်လေသည်။ သို့ပါသောကြောင့် ဦးစိန်ကို ဦးကိုကိုလေးကပြောပြလေသည်။ ဦးစိန်ကလဲ နေခဲ့ရန်သဘောတူသည်။ ၎င်းနောက် တောင်တွင်းအဖွဲ့ဝင်များက ရေနံချောင်းတွင် ဦးစိန်၊ ဦးကိုကိုလေးတို့ကိုထားခဲ့ရမည်ဆိုလျှင် စိတ်မချကြဘူးဟု ပြောဆိုကြလေသည်။ သို့ရာတွင် ဦးတင်၊ ဦးကြီးမောင်တို့က ဆရာတို့အတွက် ကျွန်တော်တို့တာဝန်ယူပါတယ်ဟု ဂတိပေးလိုက်သောကြောင့် တောင်တွင်းအဖွဲ့ဝင်များသည် ငြိမ်၍သွားကြလေတော့သည်။

ထို့နောက် ဦးမြဆိုင်က ဦးကိုကိုလေး၊ ဦးစိန်၊ ဦးတင်၊ ဦးကြီးမောင်တို့အား ပြောကြားသေး၏။ ဦးတိုးမြင့်၊ ဦးကြာ၊ ဦးအေးတို့မှာ ဖ-ဆ-ပ-လ လူငယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြ၍ ၎င်းတို့နှင့်ဆက်လက်ပြီး အကြေအလည်ဆွေးနွေးရန် သို့မှမဟုတ်လျှင် နောက်ကြောင်းမအေးဟုပြောပြလေသည်။

## ဖြစ်မှဖြစ်ရလေ

ဤဆွေးနွေးပွဲ ဖြစ်မြောက်အောင်မြင်အောင် စီစဉ်သူဦးတင်သည်ကား ကြေနပ်နှစ်ချိုက်နေလေသည်။

ထိုနေ့နံနက်တွင် ဦးတင်ဦးဆောင်ပြီး ဦးစိန်နှင့်အမျိုးသမီးတစုတို့ကို ဦးတင်ကိုယ်တိုင်မောင်းသောဂျစ်ကားနှင့် တောင်တွင်းအဖွဲ့ဝင်များ(၁၅၀)ကျော်တို့က ငှါးလာသောမော်တော်ကားကြီးများနှင့်လိုက်ပါ၍ ရေနံမြေတွင်း ကုန်းတလျှောက်မှစပြီး တမြို့လုံးလှည့်လည်၍ လိုက်လံပြသလေသည်။

ကျွန်ုပ်တို့ရေနံမြေနှင့်တကွတမြို့လုံး လှည့်လည်ကြည့်ရှု၍ပြန်လာပြီး ဦးတင်တိုက်မှာ စုရုံးကြ၍ တောင်တွင်းသို့ ပြန်၍

စီစဉ် ကြလေသည်။ ထို့နောက် ရေနံချောင်း သမ္မာ ဒိဋ္ဌိ သုတေသန အဖွဲ့ဝင်များဖြစ်ကြသော ဘဲနန်းရပ် ဦးကြီးမောင်က ခေါင်းဆောင်၍ တောင်တွင်းသို့ ပြန်ကြမည့်တောင်တွင်းအဖွဲ့ဝင် များအားလမ်းတွင် ထမင်းစားရန်ထမင်းထုပ်များကိုစီစဉ်၍ ဂရုတစိုက်ထုပ်၍ ပေးလိုက်လေသည်။

ထို့နောက် ဦးစိန်၊ ဦးကိုကိုလေး၊ ဦးကျော်မြင့်သုံးဦးသည် ရေနံချောင်းတွင်သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့ဝင်များနှင့် တွေ့ဆုံကြပြီးအဖွဲ့၏လုပ်ငန်းရပ်များကိုတင်ပြညွှန်ကြားပြီး အဘိဓမ္မာရေးရာ အယူဝါဒများကိုဦးစိန်ကညွှန်ကြားကာ သိတင်းကျွတ်လပြည့်ကျော် (၂)ရက်နေ့နံနက် (၇)နာရီခွဲလောက်တွင် ရေနံချောင်းမှတောင်တွင်းသို့ပြန်လာရာမကွေးတွင် ဦးကိုကိုလေး အမအိမ်သို့ ခေတ္တဝင်ရောက်နှုတ်ဆက်စဉ်ဦးကိုကိုလေးနှင့်သိကျွမ်းသောမိတ်ဆွေတဦးက ဦးကိုကိုလေးကို တညအိပ်ပြီး အဘိဓမ္မာတရားဆွေးနွေးနာယူရန် အတွက်ဖိတ်လေသည်။ သို့နှင့်ဦးကိုကိုလေးကဦးစိန်သို့တင်ပြလေသည်။ ဦးစိန်ကဦးကိုကိုလေးအားဒီလိုဆိုလျှင်တောင်တွင်းအဖွဲ့သို့ ဖုံးဆက်ရန်သို့မဟုတ်လျှင် တောင်တွင်းအဖွဲ့ဝင်များစိတ်ပူ၍နေကြပေမည်ဟုပြောလေရာဦးကိုကိုလေးသည် မကွေးဘဏ်မှမိတ်ဆွေတဦးထံမှနေ၍ တောင်တွင်းသို့ဖုံးဆက်လေတော့သည်။

ထို့နောက်မကွေးမှာတညနေ၍ဆွေးနွေးဟောပြောကြလေရာ မှာရှိသောပုဂ္ဂိုလ်တို့သည် ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့သော စစ်မှန်သောဓမ္မကို အမှန်သိအမှန်ခံယူလိုကြသည့်အတွက် သုတေသနပြုလုပ်နေသည်ကို သိရှိရသည့်အတွက် အထူးဝမ်းမြောက်မိပေသည်။ ဆွေးနွေးသည့် အခါမှာလဲ အဘိဓမ္မာရေးရာ တို့နှင့် ပတ်သက်၍ ကျမ်းကိုးကျမ်းဂန်တွေအထောက်အထားတွေနှင့် တင်ပြဆွေးနွေးကြလေသည်။ အတော်ဘဲအဆင့်အတန်းမြင့်မြင့်ဆွေးနွေးကြလေ

သည်။ ဦးစိန်ကလည်းမေးသမျှတို့ကို အဆင့်အတန်းမြင့်မြင့်တင်ပြ ဖြေဆိုလေသည်။ ဆွေးနွေးပွဲတက်ရောက်ကြသော ပုဂ္ဂိုလ်အားလုံး ကြေကြေနပ်နပ်ဝမ်းသာစွာဆွေးနွေးပွဲကို ည(၁)နာရီလောက်မှာ ပြီးဆုံးခဲ့လေသည်။

ဤကဲ့သို့မကွေးမှာ ညဘက်ဆွေးနွေးပြီး သီတင်းကျွတ်လပြည့် ကျော်(၃)ရက်နေ့နနက် မကွေးမှတောင်တွင်းသို့ပြန်လေရာ ယင်း ချောင်းရောက်သည့်အခါပိုးမျှားရွာလာသည့်အတွက်ယင်းချောင်း ရေများ၍လာလေသည်။ ကျွန်ုပ်တို့သည်ရေနဲလာသည့်တိုင်အောင် စောင့်၍နေကြလေသည်။ ရေသည်ကားနှဲမသွားသည့်ကပြင်တိုး၍ သာများလာလေသည်။

သို့နှင့် မကွေးသို့ပြန်လာပြီးတညအိပ်၍ မနက်နံနက်(၄)နာရီ သဘော်ဆိပ်သို့ ဆင်း၍ သဘော်စီးပြီး မိချောင်းရဲသို့ရောက်လေ သည်။ငင်းမိချောင်းရဲမှတဆင့်တောင်တွင်းသို့တက်မည့်မော်တော် ကားများကိုစီး၍ သီတင်းကျွတ် လပြည့်ကျော် (၄)ရက်နေ့ညနေ တောင်တွင်းသို့ရောက်လေတော့သည်။

ကျွန်ုပ်တို့တောင်တွင်းပြန်ရောက်ကြောင်း ဦးမြဆိုင်ကြားလျှင် ကြားခြင်းကျွန်ုပ်တို့ဆီသို့ လာရောက်ပြီးဘယ့်နဲ့လဲ ဦးစိန်နောက် နေ့ဦးတိုးမြင့်၊ ဦးအေး၊ဦးကြာတို့နဲ့ထပ်ပြီးဆွေးနွေးကြရဲ့လားဟု မေး၏။ ကျွန်ုပ်က နောက်ထပ် မဆွေးနွေး ခဲ့ပါဟု ဖြေလိုက်ရာ ဦးမြဆိုင်ကဖြစ်မှဖြစ်ရလေဦးစိန်ရာပြော၍ငြီးတွားလေတော့သည်၊

ကျွန်ုပ်တို့ရန်ကုန်သို့ပြန်ရောက်သောအခါဦးမြဆိုင်ပြောပြသည့် အတိုင်းဦးတိုးမြင့်တို့ လူတစုလုပ်လိုက်ပုံကို တွေ့ရချေပြီ။

ရေနံချောင်း သမ္မာဒိဋ္ဌိသုတေသနအဖွဲ့သို့စာရှည်တစောင်ပေး ပို့လိုက်လေသည်။ထိုသည့်စာမှာဦးတိုးမြင့်၊ ဦးအေး၊ ဦးကြာတို့ (၃)ဦးလက်မှတ်ထိုးကြေငြာလိုက်သော သမ္မာဒိဋ္ဌိသုတေသနအဖွဲ့

ကိုရော ဆရာတော်သျှင်ဥက္ကဋ္ဌကိုရော ရှုံ့ချကဲ့ရဲ့စွပ်စွဲ သိက္ခာချ လိုက်သည့်စာတမ်း ဖြစ်လေသည်။ ထိုစာတမ်းကို ဦးကြီးမောင်က လုံးစေ့ပတ်စေ့ ကူးယူပြီးပေးပို့လိုက်ခြင်းဖြစ်လေသည်။

ထိုစာကိုတောင်တွင်းအဖွဲ့က သင့်သလိုအသုံးပြုနိုင်ရန်မှတ်ချက် ရေး၍ ဦးမြဆိုင်ထံသို့ ပို့လိုက်၏။ ဦးမြဆိုင်ကလည်း သမ္မာဒိဋ္ဌိသု တေသနအဖွဲ့ချုပ်အပတ်စဉ်အစည်းအဝေးသို့တင်ပြလေသည်။

ထိုသည့်သဘာပတိအစည်းအဝေးက ဦးမြဆိုင်တင်ပြသောရေ နံချောင်းမှဦးတိုးမြင့်တို့လူစု မတရားစွပ်စွဲခြင်း၊ ရှုံ့ချခြင်းကြော် ငြာကိုအလေးအနက်အကြေအလည်ဆွေးနွေးကြပြီး ရေနံချောင်း မှ ရဟန်းတော် လူပုဂ္ဂိုလ် များနှင့် မျက်နှာစုံညီ မေးမြန်းဆွေး နွေးခဲ့သောဆွေးနွေးချက်များကို တိုင်းပြည်ရှိရှင်လူအများတို့အား တဖက်မှမတရားစွပ်စွဲတန်ပြန်လှုပ်ရှားမှုကို အကြောင်းပြု၍ ကျွန်ုပ် တို့သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ်မှတိုင်းပြည်သို့တင်ပြရန်သဘောတူ ဆုံးဖြတ်ကြလေသည်။

ဤတွင် ရေနံချောင်း၌ တာဝန်ယူ ဆွေးနွေး ခဲ့သော ဦးစိန် အားရေနံချောင်းဆွေးနွေးမေးမြန်းဖြေဆိုခဲ့သည့်အတိုင်းအပိုမပါ၊ အလိုမရှိ၊ တလုံးတပါဒမျှမချန် ဆွေးနွေးခဲ့သော ဆွေးနွေးချက် များကို ပြန်လည်တင်ပြရန် ဦးစိန်သို့တာဝန်ပေးအပ်ကြလေသည်။

ဦးစိန်ကလဲထိုသို့တာဝန်ပေးသည့်အတိုင်း သမ္မာဒိဋ္ဌိသုတေသန အဖွဲ့ခံယူရရှိသောတရားများကို ရေနံချောင်းရဟန်းတော်များနှင့် အမေးအဖြေများကိုပါတလုံးတပါဒမှမချန်ဘဲ တိုင်းပြည်ရှိ ရှင်လူ အများတို့အားပြန်လည်တင်ပြအပ်ပါကြောင်း။

ပြန်လည်တင်ပြသူ

**ဓမ္မစရိယ–ဦးစိန်**

သမ္မာဒိဋ္ဌိသုတေသန၏

# ရိုက်နှိပ်ဆဲစာအုပ်များ

၁။ ၃၁–ဘုံဝါဒ ဗုဒ္ဓလက်မခံ။

၂။ အတ္တဝါဒနှင့် တာဝတိံသာအဘိဓမ္မာ။

၃။ ဗုဒ္ဓဝင်စစ်တမ်း။

ပင်းယစာပေတိုက်၊

အမှတ် ၂၈၉ - ဘားလမ်း၊ ရန်ကုန်

မှ

ဖြန့်ချိမည်။

မျိုးညွန့်ပုံနှိပ်တိုက်၊ အမှတ် ၉၀၊ လှည်းတန်းလမ်း၊ ရန်ကုန်မြို့။